# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၈၀ ပြည့်နှစ် နတ်တော်လပြည့်ကျော် ၁၀ ရက်၊ အင်္ဂါနေ့။ Tuesday 1 January 2019 ၉၅၁၈


**ကောင်းမှုကိုပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေ ပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ် မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၂၀၁၉ ခုနှစ် ဇန်နဝါရီလ (၁)ရက်နေ့ နှစ်သစ်ကူးအခါသမယတွင် ပြောကြားသည့် နှစ်သစ်ကူးနှုတ်ခွန်းဆက်အမှာစကား

(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်)

**ချစ်ခင်လေးစားအပ်တဲ့ နိုင်ငံသူ နိုင်ငံသား မိဘပြည်သူများခင်ဗျား-**

နှစ်သစ်မင်္ဂလာ အခါသမယမှာ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

နိုင်ငံတော်အစိုးရအနေနဲ့ နိုင်ငံတော်အတွက် အမျိုးသားအကျိုးစီးပွားများ ပေါ်ထွန်းလာစေဖို့ မပြတ်သောသတိ မလျော့သောဝီရိယတို့ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း အသိပေးအပ်ပါတယ်။ ယခုမှသည် နောင်လာမယ့် နှစ်များအတွင်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စတဲ့ ကဏ္ဍများမှ အခွင့်အလမ်းကောင်းများ ပိုမိုရရှိလာမယ်ဆိုတဲ့ အကြောင်း သတင်းကောင်းပါးအပ်ပါတယ်။



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်

**အမှန်တရားနဲ့ တရားမျှတမှုကို လက်ကိုင်ထား**

မိမိတို့နိုင်ငံရဲ့ အနာဂတ် ငြိမ်းချမ်းသာယာအောင်၊ နိုင်ငံသူ နိုင်ငံသားများရဲ့ဘဝ ချမ်းမြေ့ပျော်ရွှင်အောင် နိုင်ငံတော်အစိုးရအနေနဲ့ ကောင်းမွန်တဲ့ရည်မှန်းချက် ဦးတည်ချက်များကို ကြိုးပမ်းပုံဖော်သွားမှာ ဖြစ်ပါတယ်။ နိုင်ငံတော်မှာ တွေ့ကြုံရင်ဆိုင်နေရတဲ့ အခက်အခဲ အကျပ်အတည်းများကိုလည်း အမှန်တရားနဲ့ တရားမျှတမှုကို လက်ကိုင်ထားပြီး ဖြေရှင်းခြင်းဖြင့် ကျော်လွှားလွန်မြောက်နိုင်မယ်လို့ ယုံကြည်ပါတယ်။

**ပိုမိုပူးပေါင်းဆောင်ရွက်**

မိဘပြည်သူများအနေနဲ့လည်း နိုင်ငံတော်အစိုးရရဲ့ ပြည်ထောင်စုကြီး ငြိမ်းချမ်းရေး၊ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေး စတဲ့ လုပ်ငန်းစဉ်များအပေါ် ပိုမိုပူးပေါင်းဆောင်ရွက်ပေးကြပါရန် ပန်ကြားအပ်ပါတယ်။

မိဘပြည်သူများအားလုံး ကောင်းကျိုးမင်္ဂလာ အဖြာဖြာနဲ့ ပြည့်စုံနိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။

ဒီမိုကရေစီဖက်ဒရယ် ရွှေခရီးကို ဆက်လက်တက်ကြွစွာ ပါဝင်နိုင်ကြပါစေလို့ ဆန္ဒပြုအပ်ပါတယ်ခင်ဗျာ။

အားလုံးကို ကျေးဇူးတင်ပါတယ်။

# ဒုတိယသမ္မတ ဦးမြင့်ဆွေ ပြောကြားသည့် ၂၀၁၉ ခုနှစ် နှစ်သစ်ကူးနှုတ်ခွန်းဆက်အမှာစကား



**တိုင်းရင်းသားပြည်သူအပေါင်းတို့ခင်ဗျား-**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကို မောင်နှမများ အားလုံး ၂၀၁၉ ခုနှစ်၊ နှစ်သစ်အခါသမယမှာ ကျန်းမာချမ်းသာပြီး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါတယ်။

နှစ်သစ်မှာ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး မျှော်လင့်တောင့်တနေတဲ့ ငြိမ်းချမ်းရေးနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးတို့ကို အမြန်ဆုံးရရှိပြီး ပြည်သူတွေရဲ့ လူမှုစီးပွားဘဝများ အဘက်ဘက်က မြင့်မားတိုးတက်ကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

တိုင်းရင်းသားပြည်သူများအားလုံး နှစ်သစ်မှာ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ပြောကြားသည့် ၂၀၁၉ ခုနှစ် နှစ်သစ်ကူးနှုတ်ခွန်းဆက်အမှာစကား



**ချစ်ခင်လေးစားအပ်ပါသော ပြည်ထောင်စုတိုင်းရင်းသား ညီအစ်ကိုမောင်နှမများခင်ဗျား-**

၂၀၁၉ ခုနှစ်ရဲ့ နှစ်သစ်ကူးအခါသမယမှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြတဲ့ နိုင်ငံသူ နိုင်ငံသားများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး ကျက်သရေမင်္ဂလာ အဖြာဖြာနဲ့ ပြည့်စုံကြပါစေကြောင်း ဦးစွာဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

၂၀၁၈ ခုနှစ် နှစ်ဟောင်းကုန်ဆုံးပြီး ၂၀၁၉ ခုနှစ် နှစ်သစ်ကို စတင်ရောက်ရှိချိန်မှာ တိုင်းရင်းသား မိဘညီအစ်ကို မောင်နှမများအားလုံး မျှော်လင့်တောင့်တတဲ့ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်နိုင်ရေးအတွက် အရေးပါတဲ့ ပြည်တွင်းငြိမ်းချမ်းရေးရရှိရေး၊ ပြည်သူများရဲ့ လူမှုစီးပွားဘဝ ပိုမိုတိုးတက်ဖွံ့ဖြိုးရေးနဲ့ တရားဥပဒေစိုးမိုးရေးတို့ကို အားကြိုးမာန်တက် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ကြပါစေလို့ ဆန္ဒပြုအပ်ပါတယ်။

ဒီလိုဆောင်ရွက်ရာမှာ တွေ့ကြုံကျော်ဖြတ်ရမယ့် စိန်ခေါ်မှုတွေ၊ အခက်အခဲတွေကို အခွင့်အလမ်းတွေအဖြစ် ပြောင်းလဲကာ ပြည်ထောင်စုစိတ်ဓာတ်ကို အရင်းခံပြီး စုပေါင်းအင်အားဖြင့် စည်းလုံးညီညွတ်စွာ ရင်ဆိုင်ဖြေရှင်းသွားကြဖို့ကိုလည်း အလေးအနက် တိုက်တွန်းလိုပါတယ်။

နိုင်ငံသူ နိုင်ငံသား တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံး နှစ်သစ်မှာ အောင်မြင်တိုးတက်မှု ရလဒ်ကောင်းများ ရရှိပိုင်ဆိုင်နိုင်ကြပါစေ။


KBZ BANK

STRENGTH OF MYANMAR

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

ကြေးမုံ

# နှစ်သစ်တွင် လောကသစ်တည်ဆောက်

ယနေ့သည် ခရစ်နှစ် ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၁ ရက်၊ နှစ်သစ်တစ်နှစ်သို့ ကူးပြောင်းရောက်ရှိသော နေ့ဖြစ်သည်။ ၂၀၁၈ ခုနှစ်သည် နှစ်ဟောင်းတွင် ကုန်လွန်ကျန်ရစ်ပြီး ၂၀၁၉ ခုနှစ် နှစ်သစ်သို့ ကူးပြောင်းရောက်ရှိသော နေ့ဖြစ်သည်။ နှစ်သစ်တွင် စိတ်သစ်၊ ကိုယ်သစ်ဖြင့် မင်္ဂလာရှိသော နှစ်သစ်၊ တိုးတက်ကောင်းမွန်သော နှစ်သစ်ဖြစ်ပါစေကြောင်း ဆုတောင်း မေတ္တာပို့သအပ်ပါသည်။

နှစ်သစ်သို့ ကူးပြောင်းခြင်းသည် အချိန်ရာသီစက်ဝန်းအရ သဘာဝတရား၏ ဖြစ်ပျက်ပြောင်းလဲမှုအစဉ်ဖြစ်သည်။ သင်္ခါရလောက သဘောတရားအရ အဟောင်း၊ အဟောင်းတို့ချုပ်ငြိမ်း၍ အသစ်၊ အသစ်တို့ ဖြစ်ပေါ်လာခြင်းဖြစ်သည်။ ဖြစ်ခြင်း၊ ပျက်ခြင်းတို့သည် လောကနိယာမတရား၊ သင်္ခါရတရားသာဖြစ်သည်။ အချိန်ကာလတို့သည် ဤသို့ပင် မရပ်မနား ဖြစ်ပေါ်ပြောင်းလဲနေမည်သာဖြစ်သည်။

အချိန်ကာလသည် လူတို့ကိုမစောင့်၊ သူ့အချိန်နှင့်သူ အဟောင်း၊ အဟောင်းတို့ အလျင်အမြန်ချုပ်ငြိမ်း၍ အသစ်၊ အသစ်တို့သည် စဉ်ဆက်မပြတ် ရောက်ရှိလာမည်သာဖြစ်သည်။ ထို့ကြောင့် အချိန်က လူကိုမစောင့်၊ လက်ရှိအချိန်ကာလအတွင်းမှာပင် ကောင်းသောပြုဖွယ်ကိစ္စ အဝဝတို့ကို အလျင်အမြန်ပြီးမြောက်အောင် လုပ်ဆောင်ကြဖို့သာဖြစ်သည်။ တန်ဖိုးမဲ့ အချိန်ဖြုန်းနေမိပါက အချိန်ကုန်လွန်ခြင်းနှင့်အတူ မိမိတို့၏ ဘဝများ သည်လည်း အချည်းနှီးကုန်ဆုံးသွားမည်သာဖြစ်သည်။

ထို့ကြောင့် မိမိတို့၏ မျက်မှောက်ရောက်ရှိနေသော အချိန်ကာလကို တန်ဖိုးရှိစွာဖြင့် ဖြတ်သန်းကြရမည်ဖြစ်သလို ကုန်ဆုံးသွားသောအချိန်ကာလများအတွင်း မိမိတို့၏ဘဝ၊ မိမိတို့၏ပတ်ဝန်းကျင်၊ မိမိတို့၏ လောကကို မည်သို့တန်ဖိုးရှိအောင် နေထိုင်လုပ်ကိုင်ခဲ့သည်၊ တန်ဖိုးမရှိအောင် နေထိုင်လုပ်ကိုင်ခဲ့ကြသည်ကို ပြန်လည်ဆန်းစစ် သုံးသပ်ကြည့်ရန်လည်း လိုအပ်သည်။ ဆင်ခြင်သုံးသပ်သည်ဆိုရာ၌ မိမိတို့အနာဂတ်ကို ပိုမိုကောင်းမွန်အောင် သင်ခန်းစာယူကာ ပြုပြင်ပြောင်းလဲဆောင်ရွက်သွားနိုင်ရန်အတွက်ဖြစ်သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီးသည်မှာ နှစ်ပေါင်း ၇၀ ကျော်ရှိပြီဖြစ်သည်။ နှစ်ပေါင်း ၇၀ ကျော် ကုန်ဆုံးခဲ့သည့် ကာလအတွင်း လွတ်လပ်ရေးနှင့်ထိုက်တန်သောနိုင်ငံ၊ လွတ်လပ်သောနိုင်ငံသားများနှင့် တူတန်သောဘဝများကို ဖန်တီးတည်ဆောက်ခဲ့ကြခြင်းရှိမရှိ ပြန်လည်သုံးသပ်ကြည့်ရန်ဖြစ်သည်။ လူ့သက်တမ်း တစ်ခုစာမျှကြာမြင့်ခဲ့သည့် ကာလအတွင်း လူတိုင်းလူတိုင်းသည် တန်ဖိုးရှိသော လူ့ဘဝများကို ဖန်တီးတည်ဆောက်နိုင်ခဲ့ကြမည်ဆိုလျှင် ယနေ့ကာလတွင် လောက နိဗ္ဗာန်ကြီးပင် ပေါ်ထွန်းနေလောက်ပြီ။

လောကနိဗ္ဗာန်ကို တည်ဆောက်နိုင်ရန်မှာ ဗြဟ္မစိုရ်တရားလေးပါး၊ လောကပါလတရားများနှင့်အညီ ကျင့်ကြံနေထိုင်မှသာ တည်ဆောက်နိုင်မည်ဖြစ်သည်။ လူတစ်ဦးချင်းအနေဖြင့် လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာနများကို လျှော့ချကာ တစ်ဦးနှင့်တစ်ဦး မေတ္တာစိတ်ထားဖြင့် ပေါင်းသင်းဆက်ဆံ ဆက်ဆံနေထိုင်ခြင်းဖြင့်သာ ကောင်းမွန်သော လောကကို တည်ဆောက်နိုင်မည်ဖြစ်သည်။

လူတို့သည် သာမန်ပုထုဇဉ်မျှသာဖြစ်၍ အမှားနှင့်ကင်းနိုင်ကြမည်မဟုတ်ချေ။ အမှားကိုပြင်ပြီး အမှန်သို့ရောက်အောင် ပြုပြင်ပြောင်းလဲနိုင်ဖို့သာ လိုရင်းဖြစ်သည်။ သို့သော် လူတို့သည် လောဘ၊ ဒေါသ၊ မောဟ၊ အတ္တ၊ မာနများကို ပါးလျားသည်ထက်ပါးလျားအောင် လျှော့ချနိုင်ခြင်း မရှိချေ။ ဒေါသ၊ လောဘ၊ မာန်မာနတို့နှင့် စစ်ခင်းနေကြသဖြင့် အမုန်းသံသရာမှာ အဆုံးမသတ်နိုင်အောင် ဖြစ်နေကြသည်။ ကွဲကြပြဲကြနှင့် ငြိမ်းချမ်းသာယာသော လူ့ဘောင်လောကကို တည်ဆောက်နိုင်ရန် အလှမ်းဝေးနေသည်။

သို့ဖြစ်ရာ တရွေ့ရွေ့ကုန်ဆုံးနေသော အချိန်ကာလတွင် ပိုမိုကောင်းမွန်သော လူ့ဘောင်လောကကို တည်ဆောက်နေရသည့် မိမိတို့နိုင်ငံအနေဖြင့် ၂၀၁၉ နှစ်သစ်သို့ရောက်ရှိချိန်တွင် နှစ်ဟောင်းမှ မပြောင်းလဲသေးသော မိမိတို့၏စိတ်များကို နှစ်သစ်တွင် ပြောင်းလဲလာအောင် ကြံဆောင်ခြင်းဖြင့် ပိုမိုကောင်းမွန်သော လူ့ဘောင်လောကသစ်ကို တည်ဆောက်ကြရန် ဆန္ဒပြုပါသည်။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ၂၀၁၉ ခုနှစ် (၇၁) နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး "စုပေါင်းအင်အား"ဖြင့် ကာကွယ်စောင့်ရှောက်ရေး။

(၂) ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်ရေးအတွက် ဒီမိုကရေစီ စံချိန်စံညွှန်းများနှင့်အညီ နိုင်ငံတော်နှင့် သင့်လျော်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ပေါ်ပေါက်ရန် ကြိုးပမ်းဆောင်ရွက်ရေး။

(၃) နိုင်ငံသူ၊ နိုင်ငံသားများ၏ ကျန်းမာရေးနှင့် အကျင့်စာရိတ္တကို ထိခိုက်ပျက်ပြားစေသည့် မူးယစ်ဆေးဝါးသုံးစွဲမှုများကို ထိရောက်စွာ တားဆီးကာကွယ်ရေး။

(၄) တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဘက်ညီမျှတစွာ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် စဉ်ဆက်မပြတ် အလေးထားဆောင်ရွက်ရေး။

(၅) ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်ရေးနှင့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်၏ ကြိုးပမ်းဆောင်ရွက်ချက်များကို ဘက်ပေါင်းစုံမှ ကူညီပံ့ပိုးရေး။





## ပုဇွန်တောင်မြို့နယ်အတွင်း ပြည်တော်သစ်အိမ်ရာ ပြန်လည်ဖွံ့ဖြိုးရေးစီမံကိန်း စတင်အကောင်အထည်ဖော်

**ရန်ကုန် ဒီဇင်ဘာ ၃၁**

ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ် အမှတ်(၃)ရပ်ကွက် အောက်ပုဇွန်တောင်လမ်းမကြီးရှိ ပြည်တော်သစ်အိမ်ရာ ပြန်လည်ဖွံ့ဖြိုးရေးစီမံကိန်း မင်္ဂလာပိုင်တိုင်စိုက်ထူခြင်း မင်္ဂလာအခမ်းအနားကို ယမန်နေ့နံနက် ၇ နာရီ မိနစ် ၂၀ က အဆိုပါ စီမံကိန်းဝင်းအတွင်းကျင်းပရာ ရန်ကုန်တိုင်း ဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း တက်ရောက်ဖွင့်လှစ်ပေးသည်။

### တက်ရောက်

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်း၊ တိုင်း ဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊Yangon Metropolitan Development Co.,Ltd(YMD) နှင့် မြန်မာနိုင်ငံဆောက်လုပ်ရေး လုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ဒုတိယဝန်ကြီး ဦးကျော်လင်းနှင့် တာဝန်ရှိသူများက ပြည်တော်သစ်အိမ်ရာ ပြန်လည်ဖွံ့ဖြိုးရေး စီမံကိန်း မင်္ဂလာပိုင်တိုင်ကို စက်ခလုတ်နှိပ်၍စိုက်ထူပေးပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

### အရေးပါတဲ့ စီမံကိန်းဖြစ်

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက "၂၀၁၉ ခုနှစ် ရည်မှန်းချက်အနေနဲ့ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ဖြစ်ပါတယ်။ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှသာ ဒီမိုကရေစီအရေး၊ လူ့အခွင့်အရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးကို ဆောင်ရွက်သွားနိုင်မှာဖြစ်ပါတယ်။ ၂၀၁၉ ခုနှစ် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ နယ်ပယ်အသီးသီးကို ဆောင်ရွက်ရာမှာ ပြည်တော်သစ်အိမ်ရာစီမံကိန်းက အရေးပါတဲ့ စီမံကိန်းဖြစ်ပါတယ်။ ရန်ကုန်မြို့ ပြန်လည်ဖွံ့ဖြိုးရေး ကဏ္ဍနယ်ပယ်များကိုလည်း အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်" ဟု ပြောသည်။

ပြည်တော်သစ်အိမ်ရာ ပြန်လည်ဖွံ့ဖြိုးရေး စီမံကိန်းကို ရန်ကုန်တိုင်းဒေသကြီး အစိုးရနှင့် မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များ အသင်းတို့ ပူးပေါင်းတည်ထောင်ထားသည့် Yangon Metropolitan Development Co.,Ltd(YMD)မှ အကောင်အထည်ဖော်ခဲ့ပြီး M.K.T construction Co.,Ltd က ဆောက်လုပ်ခွင့် တင်ဒါရရှိခဲ့ကြောင်း သိရသည်။

ပြည်တော်သစ်အိမ်ရာ ပြန်လည်ဖွံ့ဖြိုးရေး စီမံကိန်းမြေနေရာသည် လွန်ခဲ့သော နှစ်ပေါင်း ၆၀ ကျော်ခန့်က အစိုးရက ခြောက်ခန်းတွဲ ခြောက်ထပ် အဆောက်အအုံများ ဆောက်လုပ်ပြီး အငှားအိမ်ရာ အဖြစ် ချထားပေးခဲ့ကြောင်း၊ ယခုအခါ တိုက်ဟောင်းများ နေရာတွင် ခေတ်မီတိုက်သစ်များ ဆောက်လုပ်ရန်အတွက် စီမံကိန်းအကောင်အထည်ဖော်ခဲ့ခြင်း ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရသည်။

"တိုက်ဟောင်းတွေနေရာမှာ အဆင့်မြင့်တိုက်သစ်တွေဖြစ်လာတဲ့အတွက် မြို့ပြ ဖွံ့ဖြိုးတိုးတက်မှုလည်းရှိလာမယ်။ အရင်တိုက်ဟောင်းတွေမှာ ကျဉ်းကျဉ်းကျပ်ကျပ်နဲ့ နေရတဲ့အနေအထားကနေ တိုက်သစ်တွေမှာ နေရတဲ့အတွက် လူတွေရဲ့စိတ်တွေပါ ပြောင်းလဲလာမယ်" ဟု ရန်ကုန်တိုင်းဒေသကြီး မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးခင်ဇော်က ပြောသည်။

### နှစ်နှစ်ခန့်ကြာမည်

မြေလေးဧကကျော် ကျယ်ဝန်းသည့် ပြည်တော်သစ်အိမ်ရာ ပြန်လည်ဖွံ့ဖြိုးရေးစီမံကိန်း အကောင်အထည်ဖော်မည့်နေရာတွင် ကနဦးအနေ ဖြင့် ၁၂ ထပ်ခွဲတိုက် အဆောက်အအုံတစ်လုံးကို စတင်ဆောက်လုပ်သွားမည်ဖြစ်ပြီး ဆောက်လုပ်ချိန် နှစ်နှစ်ခန့်ကြာမြင့်မည်ဖြစ်ကြောင်း၊ အဆိုပါ လူနေ အဆောက်အအုံဆောက်လုပ်ပြီးပါက ဈေးဆိုင်ခန်းများ၊ ရုံးခန်းများနှင့် ကားပါကင်ပါ အဆောက်အအုံများကို ဆက်လက်ဆောက်လုပ်သွားမည် ဖြစ်ကြောင်း မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရသည်။

အိမ်ရာပြန်လည်ဖွံ့ဖြိုးရေးစီမံကိန်း အကောင်အထည်ဖော်မည့် တိုက်ဟောင်းများတွင် နေထိုင်ကြသူများအား နစ်နာမှုမရှိစေရန်အတွက် ယာယီပြောင်းရွှေ့နေထိုင်စရိတ်များ ထုတ်ပေးခဲ့ပြီး အဆောက်အအုံ ဆောက်လုပ်ပြီးစီးပါက ပြန်လည်နေရာချထားပေးသွားမည်ဖြစ်ကြောင်း မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး အစိုးရအနေဖြင့် တိုက်ဟောင်းများနေရာတွင် ခေတ်မီတိုက်သစ်များ ဆောက်လုပ်ရန်အတွက် စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ရန်ကုန်မြို့တွင် ပြည်တော်သစ်အိမ်ရာ ပြန်လည်ဖွံ့ဖြိုးရေး စီမံကိန်းနည်းတူ လမ်းမတော်အိမ်ရာစီမံကိန်းကိုလည်း စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ကြို့ကုန်းအိမ်ရာနှင့် ရန်ကင်းအိမ်ရာများကိုလည်း ဆက်လက် အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-မင်းသစ်(MNA)၊ဓာတ်ပုံ-နေလင်း**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးဝင်းရွှေ
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်
**သတင်းထောက်မှူး** - ဦးမြင့်စိုး
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**ပြင်ပသတင်းထောက်** - ဒေါ်ရှုမဝအောင်

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror Established in 1957
၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၂၉၇၃၃၀၊ ဖက်စ် ၀၁-၂၉၄၂၃၂

## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ၏ ၂၀၁၉ ခုနှစ် နှစ်သစ်ဩဝါဒ




ခရစ်နှစ် ၂၀၁၉ ခုနှစ်၊ နှစ်သစ်မှာ ဘုန်းဘုန်းပြောချင်တာကတော့ မေတ္တာတရားပွားများဖို့။ မေတ္တာခန်းနေလို့ရှိရင် တိုင်းပြည်ရော၊ ကမ္ဘာကြီးရော ဆူပွက်ပြီးတော့ တစ်ယောက်နဲ့တစ်ယောက် သတ်ကြ၊ ဖြတ်ကြ၊ တိုင်းပြည်တစ်ပြည်နဲ့တစ်ပြည် စစ်ဖြစ်ကြဆိုရင် ကမ္ဘာကြီးအတွက် မကောင်းဘူး။ အဲဒါကြောင့် ကမ္ဘာကြီးအေးချမ်းသာယာပြီး ငြိမ်းချမ်းတဲ့ကမ္ဘာကြီးဖြစ်အောင်ဆိုရင် မေတ္တာပွားပါ။

မေတ္တာပွားနည်း ၁၁ နည်း မေတ္တာသုတ်က လာပါတယ်။ အဲဒီအတိုင်းဟောပါမယ်။ လုံးစုံများစွာသတ္တဝါ ချမ်းသာကိုယ်စိတ်မြဲပါစေ၊ ကြောက်တတ်မကြောက်တတ် နှစ်ရပ်များစွာ သတ္တဝါ ချမ်းသာကိုယ်စိတ်မြဲပါစေ၊ မြင်အပ်မမြင်အပ် နှစ်ရပ်များစွာ သတ္တဝါ ချမ်းသာကိုယ်စိတ်မြဲပါစေ၊ ဝေးနေနီးနေ နှစ်ထွေများစွာသတ္တဝါ ချမ်းသာကိုယ်စိတ်မြဲပါစေ၊ ဘဝဇာတ်ဆုံး မဆုံးများစွာသတ္တဝါ ချမ်းသာကိုယ်စိတ်မြဲပါစေ၊ ရှည်တိုအလတ် သုံးရပ်ခန္ဓာသတ္တဝါ ချမ်းသာကိုယ်စိတ်မြဲပါစေ၊ ကြီးငယ်အလတ် သုံးရပ်ခန္ဓာသတ္တဝါ ချမ်းသာကိုယ်စိတ်မြဲပါစေ၊ ဆူကြုံအလတ် သုံးရပ်ခန္ဓာသတ္တဝါ ချမ်းသာကိုယ်စိတ်မြဲပါစေ၊ လူအချင်းချင်းလှည့်ပတ်ခြင်း ကင်းရှင်းကြပါစေ၊ အထင်သေးခြင်းအချင်းချင်း ကင်းရှင်းကြပါစေ၊ ဆင်းရဲလိုခြင်းအချင်းချင်း ကင်းရှင်းကြပါစေ။

အဲဒီမေတ္တာပွားနည်း ၁၁ နည်းကို ကမ္ဘာသူ ကမ္ဘာသား တိုင်းသူပြည်သားအများ မေတ္တာပွားများပြီး ကမ္ဘာကြီးတစ်ခုလုံးကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ၊ တစ်ယောက်နဲ့တစ်ယောက် မေတ္တာထား ကိုယ့်ညီအစ်ကိုမောင်နှမသားချင်းများကဲ့သို့အောက်မေ့ပြီး မေတ္တာပွား၊ တိုင်းပြည်ရော တစ်ကမ္ဘာလုံး အေးချမ်းသာယာ ကျန်းမာချမ်းသာကြပါစေကုန်သတည်း။ ။

## ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တနန္ဒမာလာဘိဝံသ၏ နိုင်ငံတကာနှစ်သစ်ကူး ၂၀၁၉ ခုနှစ် နှစ်ဦးမင်္ဂလာဩဝါဒကထာ



၂၀၁၉ ခုနှစ်သို့ ကူးပြောင်းရောက်ရှိရာ နိုင်ငံတကာ နှစ်သစ်ကူးအခါသမယသည် လူနတ်ဗြဟ္မာ သတ္တဝါအားလုံးအတွက် မင်္ဂလာရှိသော အခါသမယဖြစ်ပါစေဟု ဆုတောင်း မေတ္တာပို့သလိုက်ပါသည်။

အထူးအားဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြကုန်သော ရဟန်းရှင်လူ ပြည်သူအားလုံး ရွှင်ပြုံးဝမ်းသာ မင်္ဂလာတရားတော်နှင့်အညီ ကျင့်သုံးနေထိုင်ကြပြီးလျှင် အခက်အခဲဟူသမျှ ကျော်လွှားနိုင်ကြပါစေ။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အရှည်ခန့်လျက်တည်တံ့စေရန် ခိုင်မာသောသန္နိဋ္ဌာန်၊ ထက်သန်သော လုံ့လဝီရိယ၊ ညီညွတ်သော စိတ်ထားဖြင့် အမြော်အမြင်ကြီးမားစွာ ဆောင်ရွက်နိုင်ကြပါစေဟု မင်္ဂလာမေတ္တာစကား တိုက်တွန်းပြောကြားအပ်ပါသည်။

**သက်ရှည်ကျန်းမာ၊ စိတ်ချမ်းသာ**
**လိုရာဆန္ဒပြည့်ဝကြပါစေ။**

# မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပါဝင်ဆောင်ရွက်နေသူများ၏ ၂၀၁၉ ခုနှစ် ငြိမ်းချမ်းရေးမျှော်လင့်ချက်နှင့် နှစ်သစ်ဆုတောင်းစကား



ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်း



နိုင်ဟံသာ



ဦးလှမောင်ရွှေ



ခွန်မြင့်ထွန်း

**ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်း (ဒုတိယဥက္ကဋ္ဌ)**
**ချင်းအမျိုးသားတပ်ဦး (CNF)**

၂၀၁၉ ခုနှစ်ဟာ ကျွန်တော်တို့ တိုင်းပြည်အတွက် ငြိမ်းချမ်းတဲ့နှစ်၊ မင်္ဂလာနှစ်သစ်ဖြစ်ပါစေလို့ ဆုတောင်းပါတယ်။ အထူးသဖြင့် ကျွန်တော်တို့အားလုံး မျှော်လင့်နေတဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်ကြီး အောင်မြင်ပါစေလို့ ဆုတောင်းပါတယ်။ ၂၀၁၉ ခုနှစ်မှာ အနည်းဆုံး ကျွန်တော်တို့အနေနဲ့ ဖက်ဒရယ်အခြေခံမူကိုတော့ သဘောတူနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။ အထူးသဖြင့် ဖက်ဒရယ်အခြေခံမူကို ကျွန်တော်တို့အားလုံး သဘောတူနိုင်ပြီဆိုရင် လွယ်သွားပါပြီ။ အဲဒီအတွက်လည်း အစိုးရဘက်ကကော ကျွန်တော်တို့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း အားလုံးဘက်ကကော ဝိုင်းပြီးတော့ ကြိုးစားပေးဖို့ ကျွန်တော် မေတ္တာရပ်ခံပါတယ်။

ပြည်သူလူထု တစ်ရပ်လုံးကလည်း ဒီငြိမ်းချမ်းရေးဖြစ်စဉ် အောင်မြင်နိုင်ဖို့အတွက်၊ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ဒီမိုကရေစီပြည်ထောင်စုကြီးကို ထူထောင်နိုင်ဖို့အတွက်၊ နှစ်ပေါင်း ၇၀ ကျော် ကြာမြင့်နေပြီဖြစ်တဲ့ ပြည်တွင်းစစ်ကြီး ချုပ်ငြိမ်းနိုင်ဖို့အတွက် အားလုံးဝိုင်းပြီး ဆုတောင်းကြရအောင်။ ဒါဟာ ကျွန်တော့်ရဲ့ နှစ်သစ်ငြိမ်းချမ်းရေး ဆုတောင်းချက်ဖြစ်ပါတယ်။

**နိုင်ဟံသာ (ဒုတိယဥက္ကဋ္ဌ)**
**မွန်ပြည်သစ်ပါတီ (NMSP)**

လာမယ့် ၂၀၁၉ နှစ်သစ်မှာ ကျွန်တော်တို့နိုင်ငံအတွင်း နှစ်ပေါင်း ၇၀ ကျော် ဖြစ်ပွားနေတဲ့ ပြည်တွင်းစစ်ကြီးရပ်စဲပြီး တစ်မြေတည်းနေ တစ်ရေတည်းသောက်ကြတဲ့ တိုင်းရင်းသား ညီအစ်ကိုများကြား အမုန်းတရားကင်းစင်ပြီး အတူတကွ ချစ်ကြည်ညီညွတ်စွာ ရေရှည်နေထိုင်သွားကြဖို့၊ အမျိုးတန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိတဲ့ စစ်မှန်တဲ့ ဖက်ဒရယ်ပြည်ထောင်စုကြီး ပေါ်ပေါက်တည်ဆောက်နိုင်ပါစေ။ ပြည်သူတစ်ရပ်လုံး ကန့်သတ်ချုပ်ချယ်ခံရမှုများ ကင်းစင်ပြီး ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးအပြည့်အဝရှိတဲ့ ဒီမိုကရေစီနိုင်ငံ အမြန်ပေါ်ပေါက်တည်ဆောက်နိုင်ပါစေ။ မိမိတို့ မြို့ရွာအိုးအိမ်တွေကိုစွန့်ပြီး တောတောင်ထဲမှာ ပြေးလွှားပုန်းအောင်းနေကြရတဲ့ ပြည်တွင်းစစ်ဘေးဒုက္ခသည်များ အာမခံချက်ရှိရှိနဲ့ မိမိတို့မြို့ရွာများမှာ ပြန်လည်အခြေချနေနိုင်ကြပါစေ။ အိမ်နီးချင်းနိုင်ငံအချို့ရဲ့ နယ်စပ်ဒုက္ခသည်စခန်းတွေမှာ နှစ်ပေါင်းများစွာ မျက်နှာငယ်နဲ့ ခိုကပ်နေကြရတဲ့ စစ်ဘေးဒုက္ခသည်တွေဟာလည်း အာမခံချက်အပြည့်နဲ့ မိမိတို့မြို့ရွာကို ပြန်လာနိုင်ကြပါစေ။ သူတစ်ပါးနိုင်ငံမှာ ဒုက္ခမျိုးစုံနဲ့ ရင်ဆိုင်ပြီး အလုပ်လုပ်နေကြရတဲ့ ကာယလုပ်သား အလုပ်ကြမ်းသမားတွေလည်း မိမိတို့နိုင်ငံကို ပြန်လာပြီး အေးချမ်းစွာရပ်တည်လုပ်ကိုင်စားသောက်နိုင်ပါစေ။

စစ်မြေပြင်မှာ နိုင်ငံအတွက်၊ လူမျိုးအတွက် ဒုက္ခမျိုးစုံခံပြီး တိုက်ပွဲဝင်နေကြရတဲ့ မျိုးချစ်ပြည်ချစ် ရဲဘော်၊ အရာရှိများလည်း မိမိတို့မိသားစုနဲ့အတူ အေးချမ်းစွာ ပြန်လည်နေထိုင်နိုင်ကြပါစေ။ စီးပွားရေးအရ နှစ်ပေါင်းများစွာ အောက်ကျနောက်ကျ ဖြစ်နေရတဲ့ ဘဝကနေ ပြောင်းလဲပြီး သူတစ်ပါးနိုင်ငံတွေနဲ့ ရင်ပေါင်တန်းနိုင်တဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်အဖြစ်ကိုလည်း အစပျိုးပြောင်းလဲလာနိုင်ပါစေ။ ဒီလို နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး ပြောင်းလဲမှုတွေကို ဖော်ဆောင်နိုင်ဖို့အတွက် ဦးဆောင်ကြတဲ့ အစိုးရ၊ တပ်မတော်၊ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများနဲ့ နိုင်ငံရေးပါတီများအကြား နားလည်မှု၊ ယုံကြည်မှု၊ သဘောတူညီမှု အမြန်ဆုံးရရှိနိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။

**ဦးလှမောင်ရွှေ (အတွင်းရေးမှူးအဖွဲ့ဝင်)**
**ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC)**

၂၀၁၈ တစ်နှစ်လုံးမှာ ငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းတွေမှာ အောင်မြင်တိုးတက်မှုတွေ အများကြီးရှိသလို ဆက်လက်ဆောင်ရွက်ရမယ့် လုပ်ငန်းရပ်တွေလည်း အများကြီး ကျန်ပါသေးတယ်။ ၂၀၁၈ မှာ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံ တတိယအစည်းအဝေးကို ကျွန်တော်တို့ ကျင်းပနိုင်ခဲ့ပါတယ်။ နောက်အောက်တိုဘာလမှာ သီးသန့်အစည်းအဝေးတစ်ခုကို တိုင်းရင်းသားခေါင်းဆောင်တွေနဲ့ အစိုးရ၊ တပ်မတော်၊ လွှတ်တော် တာဝန်ရှိတဲ့ သူတွေကြားထဲမှာ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ၂၀၁၈ တစ်နှစ်လုံးမှာ ပုံမှန်အစည်းအဝေးတွေ ကျင်းပနိုင်သလို အလွတ်သဘောအစည်းအဝေးတွေလည်း ကျွန်တော်တို့ ကျင်းပနိုင်ခဲ့ပါတယ်။ ၂၀၁၉ ခုနှစ်မှာတော့ အားလုံး အတည်ပြုပြီးသားဖြစ်တဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံ စတုတ္ထနဲ့ ပဉ္စမ အစည်းအဝေးတွေကို ကျွန်တော်တို့ အကောင်အထည်ဖော်နိုင်ဖို့ ကြိုးစားပါမယ်။

၂၀၁၈ ဒီဇင်ဘာလထဲမှာ ကာကွယ်ရေးဦးစီးချုပ်ရုံးက ထုတ်ပြန်ကြေညာခဲ့တဲ့ ကြေညာချက်နဲ့ NRPC က ထုတ်ပြန်တဲ့ ထုတ်ပြန်ကြေညာချက်တွေလည်း ကျွန်တော်တို့ ဆက်ပြီးအကောင်အထည်ဖော်ရပါဦးမယ်။ ၂၀၁၈ ခုနှစ်မှာ NCA လက်မှတ်ရေးထိုးထားတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နှစ်ဖွဲ့ ပေါ်ပေါက်ခဲ့ပြီး ၂၀၁၉ မှာ နှစ်ဖက်ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်တွေ ဆက်လက် အကောင်အထည်ဖော်ပြီးတော့ ၂၀၁၉ ထဲမှာပဲ NCA လက်မှတ်ရေးထိုးထားခြင်း မရှိသေးတဲ့အဖွဲ့တွေ လက်မှတ်ရေးထိုးပြီး ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - ( ၂၁) ရာစုပင်လုံကို အောင်အောင်မြင်မြင် တက်ရောက်နိုင်ဖို့ ကျွန်တော်တို့ ဆက်လက်ကြိုးစားရပါဦးမယ်။ မိဘပြည်သူများလိုချင်တဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်ကတော့ အားလုံးက ပူးပေါင်းဆောင်ရွက်မှ မြန်မြန်ရောက်နိုင်မယ်လို့ တင်ပြလိုပါတယ်။ ၂၀၁၉ မှာ ကျွန်တော်တို့အားလုံးက အစွမ်းရှိသလောက် ဝိုင်းဝန်းဆောင်ရွက်ခြင်းဖြင့် ကျွန်တော်တို့နိုင်ငံအတွက် ပိုကောင်းတဲ့ လူ့အဖွဲ့အစည်း၊ ပိုကောင်းတဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်ကို ရရှိနိုင်မယ်လို့လည်း မြင်ယောင်မိပါတယ်။ မိဘပြည်သူများအားလုံး ၂၀၁၉ ခုနှစ်ကစပြီး လွတ်လပ်ငြိမ်းချမ်း ပျော်ရွှင်ချမ်းမြေ့ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။

**ခွန်မြင့်ထွန်း(ဒုတိယဥက္ကဋ္ဌ)**
**ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO)**

သက်ဆိုင်သူအားလုံးအနေနဲ့ လာမယ့်နှစ်သစ်မှာ မိမိတို့ရဲ့အမျိုးသားအဖွဲ့အစည်း အကျိုးစီးပွားထက် ပြည်ထောင်စုရဲ့အကျိုးစီးပွားကို စဉ်းစားပြီး ဆောင်ရွက်ပေးနိုင်လိမ့်မယ်လို့ ကျွန်တော်မျှော်လင့်ပါတယ်။ ၂၀၁၉ မှာ ဖက်ဒရယ်အခြေခံမူတွေရနိုင်အောင် ကျွန်တော်တို့ ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အချိန်ကာလ ကန့်သတ်ချက်တွေကို အခြေခံပြီး အကျေအလည်ဆွေးနွေး ဆောင်ရွက်သွားပါမယ်။ **ရဲခေါင်ညွန့်၊ ဓာတ်ပုံ-ဖိုးထောင်**

**❋ မြန်မာ့လက်ရွေးစင်မှ**

စီစဉ်ထားပါတယ်” ဟု မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အမှုဆောင်အရာရှိချုပ် ဦးဘုန်းနိုင်ဇော်က ပြောကြားသည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြန်မာ့လက်ရွေးစင်အသင်းနည်းပြချုပ်သစ်ကိုလည်း နိုင်ငံခြားသားနည်းပြ ခန့်အပ်မည်ဖြစ်ပြီး လာရောက်လျှောက်ထားသူများပြားနေသလို နည်းစနစ်ဒါရိုက်တာ အဲရစ်အာဗရန် (ဘယ်လ်ဂျီယံ)၏ အဆက်အသွယ်ဖြင့်လည်း နည်းပြသစ်ရှာဖွေလျက်ရှိသည်။ လာရောက်လျှောက်ထားသည့် နိုင်ငံခြားသားနည်းပြများအနက် ပဏာမအဆင့် စတင်ရွေးချယ်ကာ နောက်ဆုံးခန့်အပ်မည့်နည်းပြကို အဆင့်ဆင့်ရွေးချယ်မည်ဖြစ်သည်။

အန်တွမ်နီဟေးသည် မြန်မာ့လက်ရွေးစင်အသင်းနည်းပြချုပ်အဖြစ် ၂၀၁၈ ခုနှစ် မေလတွင် စတင်ခန့်အပ်ခံရသော်လည်း အဓိကပြိုင်ပွဲဖြစ်သည့် ဆူဇူကီးဖလားပြိုင်ပွဲတွင် အုပ်စုအဆင့်မှထွက်ခဲ့ရသောကြောင့် ယင်းပြိုင်ပွဲအပြီးတွင် လမ်းခွဲခဲ့ရခြင်းဖြစ်သည်။ အန်တွမ်နီဟေးသည် မြန်မာ ယူ-၂၃ အသင်းနှင့် အာရှအားကစားပြိုင်ပွဲတွင် စတင်ယှဉ်ပြိုင်ခဲ့ပြီး ရလဒ်ကောင်းရယူနိုင်သော်လည်း ဆူဇူကီးပြိုင်ပွဲတွင်မူ အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ၂၀၁၀ ပြည့်နှစ်နောက်ပိုင်း နိုင်ငံခြားသားနည်းပြများသာ တာဝန်ပေးခဲ့ပြီး မြန်မာနည်းပြများကိုမူ ယာယီနှင့် ကာလတိုသာ တာဝန်ပေးအပ်ခဲ့သည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၏ ၂၀၁၉ ခုနှစ် နှစ်သစ်ကူး နှုတ်ခွန်းဆက်စကား




ချစ်ခင်လေးစားရပါသော တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး ခရစ်နှစ် ၂၀၁၉ ခုနှစ် နှစ်ကူး အခါသမယမှာ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းတို့နဲ့ ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

ယနေ့အချိန်အခါသည် မိမိတို့နိုင်ငံအတွက် မရှိမဖြစ် အရေးတကြီးလိုအပ်နေတဲ့ အမျိုးသားရင်ကြားစေ့ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးရရှိဖို့အတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေတဲ့ကာလ ဖြစ်ပါတယ်။ နှစ်ဟောင်းက အားနည်းချက်များကို သင်ခန်းစာယူပြီး နှစ်သစ်မှာ လူသစ်စိတ်သစ်ဖြင့် ယုံကြည်မှု၊ နားလည်မှုတို့ကို အခြေခံ၍ မိမိတို့အားလုံး အတူတကွ ပူးပေါင်းဆောင်ရွက်ကြမယ်ဆိုရင် တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး လိုလားတောင့်တနေတဲ့ "ဒီမိုကရေစီရေး၊ လူ့အခွင့်အရေး၊ တန်းတူညီမျှရေး"တို့ကို အခြေခံတဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု နိုင်ငံတော်ကြီးကို မကြာသောအချိန်ကာလမှာ အောင်မြင်စွာ တည်ဆောက်နိုင်မယ်လို့ ယုံကြည်ပါတယ်။

မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးရေးဟာ အလွန်ပဲ အရေးကြီးပါတယ်။ လွှတ်တော်များအနေဖြင့်လည်း တိုင်းရင်းသားပြည်သူများအတွက် တရားမျှတတဲ့ ဥပဒေများ ပေါ်ပေါက်စေရန် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

ယခုလို နှစ်သစ်မင်္ဂလာ အခါသမယမှာ မိမိတို့အားလုံး မျှော်လင့်တောင့်တနေတဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး ပေါ်ပေါက်လာရေးအတွက် တိုင်းရင်းသား ညီအစ်ကို မောင်နှမများအားလုံး အတူတကွ လက်တွဲတည်ဆောက်နိုင်ကြပါစေလို့ ဆုမွန်ကောင်း တောင်းလိုက်ပါတယ်ခင်ဗျား။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၏ ၂၀၁၉ ခုနှစ် နှစ်သစ်ကူး နှုတ်ခွန်းဆက်စကား




ချစ်ခင်လေးစားရပါသော ပြည်ထောင်စုဖွား တိုင်းရင်းသား မိဘပြည်သူ ညီအစ်ကို မောင်နှမများနဲ့ ပြည်ပရောက် မြန်မာနိုင်ငံသားများအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဦးစွာဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။

မိမိတို့အားလုံးဟာ ခရစ်နှစ် ၂၀၁၈ ခုနှစ်ကိုကျော်လွန်လို့ ၂၀၁၉ ခုနှစ်ဆိုတဲ့ နှစ်သစ်ကာလတစ်ခုကို ကူးပြောင်းလျှောက်လှမ်းကြရတော့မှာပဲ ဖြစ်ပါတယ်။ နှစ်တစ်နှစ်ကို ကျော်ဖြတ်ခဲ့ရာ နှစ်ဟောင်းမှာ ရင်ဆိုင်ကြုံတွေ့ခဲ့ရတဲ့ ကိစ္စရပ်များစွာရဲ့ အကြောင်းအကျိုး အကောင်းအဆိုးများစွာတို့ကို ဘဝသင်ခန်းစာများအဖြစ် ပြန်လည်သုံးသပ်ဆင်ခြင်ပြီး အနာဂတ်အတွက် ပိုမိုကောင်းမွန်သော အခြေအနေများကို ဖန်တီးတည်ဆောက်ကာ ပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်မြင့်မားစေရေးအတွက် နှစ်သစ်မှအစပြု၍ စိတ်သစ် လူသစ် ခွန်အားသစ်များဖြင့် မေတ္တာတရားအခြေခံကာ ကိုယ်ကျင့်တရား ကောင်းမွန်စွာဖြင့် ပြုမူဆောင်ရွက်သွားကြရမှာပဲ ဖြစ်ပါတယ်။

သို့မှသာ ပြည်သူလူထုကြီးတစ်ရပ်လုံး လိုလားတောင့်တလျက်ရှိတဲ့ တူညီသော ဘုံရည်မှန်းချက်ပန်းတိုင်ဖြစ်တဲ့ ငြိမ်းချမ်းသာယာဖွံ့ဖြိုးတဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးကို ထူထောင်နိုင်မှာပဲ ဖြစ်ပါတယ်။

ပန်းတိုင်သို့ချီတက်ရာ လမ်းခရီးမှာလည်း ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဟာ အပြန်အလှန် တည်မှီလျက်ရှိတာကြောင့် ငြိမ်းချမ်းခြင်းဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် မိမိတို့ရဲ့ အာဃာတ အမုန်းတရားများ အတ္တမာနများကို စွန့်ပယ်ကာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တိုင်းမှာ အစွဲကင်းစွာဖြင့် မိမိတို့ကျရာ အခန်းကဏ္ဍမှ အုတ်တစ်ချပ် သဲတစ်ပွင့်ပမာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါ။ "တစ်ယောက်အားနှင့် ယူသော်မရ၊ တစ်သောင်းအားနှင့် ယူသော်ရ၏"ဆိုသလို စုပေါင်းအင်အားဖြင့် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြဖို့လည်း တိုက်တွန်းပြောကြားလိုပါတယ်။

မြန်မာနိုင်ငံသားများအားလုံး နှစ်သစ်မှာ ပျော်ရွှင်ခြင်း၊ ရွှင်လန်းဝမ်းမြောက်ခြင်းဖြင့် ပြည့်စုံပြီး သာယာချမ်းမြေ့သောဘဝများကို ပိုင်ဆိုင်နိုင်ကြပါစေကြောင်းနှင့် ဘာသာတရားတိုင်း၏ အဆုံးအမများကို အစဉ်နှလုံးသွင်း ဆောင်ရွက်တတ်သူများ ဖြစ်ကြပါစေကြောင်း နှစ်သစ်ဆုမွန်ကောင်း တောင်းအပ်ပါတယ်။

## မန္တလေးမြို့ ကျုံးတောင်ဘက်ခြမ်းတွင် မီးရောင်စုံများထွန်းညှိ၍ နှစ်သစ်ကြိုဆို

**မန္တလေး ဒီဇင်ဘာ ၃၁**

၂၀၁၈ ခုနှစ်မှ ၂၀၁၉ ခုနှစ်သို့ ကူးပြောင်းသည့် ဒီဇင်ဘာ ၃၁ ရက် ညပိုင်းတွင် မန္တလေးဒေသခံများက ကျုံးတောင်ဘက်ခြမ်းတွင် မီးရောင်စုံများထွန်းညှိ၍ နှစ်သစ်ကြိုဆိုပွဲကို စည်ကားပျော်ရွှင်စွာကျင်းပခဲ့ကြသည်။

ယခုနှစ်ကျင်းပသည့် မန္တလေးမြို့၏ နှစ်သစ်ကြိုဆိုပွဲကို ကျုံးတောင်ဘက်ခြမ်းနှင့် မြောက်ဘက်ခြမ်းတို့တွင် ဒီဇင်ဘာ ၂၄ ရက်မှစ၍ ကုမ္ပဏီများ၏ အားပေးကူညီမှုဖြင့် LED ရောင်စုံမီးများထွန်းညှိကာ မြန်မာ့ရိုးရာ အစားအစာများနှင့် လက်မှုပစ္စည်းအရောင်းဆိုင်များဖွင့်လှစ်ပြီး နှစ်သစ်ကြိုပွဲတော်အဖြစ် ထူးခြားစွာ ကျင်းပခဲ့ကြပြီး နှစ်သစ်သို့ကူးပြောင်းမည့် ဒီဇင်ဘာ ၃၁ ရက် ညပိုင်းတွင် ဖျော်ဖြေရေးအစီအစဉ်များနှင့် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ရုံးရှေ့၌ Count Down ရေတွက်၍ မီးရှူးမီးပန်းများ ပစ်လွှတ်ကာ နှစ်သစ်ဆုတောင်းပွဲကို ပျော်ရွှင်စွာကျင်းပခဲ့ကြောင်း သိရသည်။

**တင်မောင်၊ မင်းထက်အောင်(မန်းကိုယ်ပွား)**

## တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၁၉ ခုနှစ် နှစ်သစ်ကူး နှုတ်ခွန်းဆက်စကား




ချစ်ခင်လေးစားအပ်တဲ့ တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး ၂၀၁၉ ခုနှစ် နှစ်သစ်အခါသမယမှာ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ကျွန်တော်နှုတ်ခွန်းဆက်သအပ်ပါတယ်။

လူသားအားလုံးဟာ မိမိဘဝတိုးတက်ဖို့အတွက် လုပ်ကိုင်စားသောက်ဖို့ လိုအပ်ကြသလို အားလုံးဟာလည်း အေးအေးချမ်းချမ်းနဲ့ နေထိုင်လိုတဲ့ ဆန္ဒရှိကြပါတယ်၊ ဒီလူသားအားလုံးရဲ့ ဆန္ဒပြည့်စုံစေဖို့အတွက် ကျွန်တော်တို့ တပ်မတော်အနေနဲ့ မိဘပြည်သူများအားလုံးနဲ့ လက်တွဲဆောင်ရွက်သွားကြမှာဖြစ်ကြောင်း ကျွန်တော်ပြောကြားလိုပါတယ်၊ မိဘပြည်သူများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ထပ်မံ ဆုမွန်ကောင်းတောင်းပါတယ်။

## တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုရီးယားသမ္မတနိုင်ငံ ပူးတွဲစစ်ဦးစီးအရာရှိချုပ်များ၏ ဥက္ကဋ္ဌဟောင်းဖြစ်သူ အငြိမ်းစားရေတပ်ဗိုလ်ချုပ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၃၁**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကိုရီးယားသမ္မတနိုင်ငံ ပူးတွဲစစ်ဦးစီးအရာရှိချုပ်များ၏ ဥက္ကဋ္ဌဟောင်းဖြစ်သူ အငြိမ်းစားရေတပ်ဗိုလ်ချုပ်ကြီး Choi Yoon-hee အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။



ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေးအတွက် ဆောင်ရွက်နိုင်ခဲ့သည့်အခြေအနေ၊ မြန်မာနိုင်ငံတွင် နာဂစ်မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးခဲ့သည့် သန်လျင်မြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း ကျောင်းဆောင်သစ်တစ်ဆောင်အား ကိုရီးယားနိုင်ငံမှ ကူညီဆောက်လုပ်ပေးခဲ့မှုနှင့် အခြားဒေသများတွင်လည်း ထပ်မံဆောက်လုပ်ပေးသွားမည့်အခြေအနေ၊ မြန်မာနိုင်ငံ၏ ပညာရေး၊ လူမှုရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ကိစ္စရပ်များတွင် ကိုရီးယားနိုင်ငံမှ ကူညီဆောင်ရွက်ပေးနေသည့်အခြေအနေ၊ ကိုရီးယားကျွန်းဆွယ် ထာဝရတည်ငြိမ်အေးချမ်းရေးနှင့် နျူကလီးယားကင်းမဲ့ဇုန် ဖြစ်စေရေးအတွက် မြန်မာနိုင်ငံမှ ရပ်တည်ထောက်ခံပေးသည့် အခြေအနေ၊ တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာစေရေးအတွက် အဆင့်အလိုက် ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန် လည်ပတ်ရေးဆိုင်ရာများအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရှိရသည်။

**သတင်းစဉ်**

## ထူးခြားသည့် ညအပူချိန်များ

၃၁ - ၁၂ - ၂၀၁၈

| | | |
|---|---|---|
| ဟားခါး | -၅ | ဒီဂရီစင်တီဂရိတ် |
| ရမ်းကလောင်း | -၂ | ဒီဂရီစင်တီဂရိတ် |
| ပူတာအို | ၃ | ဒီဂရီစင်တီဂရိတ် |
| တီးတိန် | ၄ | ဒီဂရီစင်တီဂရိတ် |
| သီပေါ | ၅ | ဒီဂရီစင်တီဂရိတ် |
| ဟဲဟိုး | ၅ | ဒီဂရီစင်တီဂရိတ် |
| ပြင်ဦးလွင် | ၅ | ဒီဂရီစင်တီဂရိတ် |

## ပြင်ဆင်ဖတ်ရှုပါရန်

ဒီဇင်ဘာလ ၃၀ ရက်နေ့ထုတ် ကြေးမုံသတင်းစာ ကျောစာမျက်နှာပါ ချင်းပြည်နယ် တရားလွှတ်တော်ရုံး ပန္နက်တော်တင် တွင်းတော်ဝန်းမင်္ဂလာအခမ်းအနားသတင်းတွင် **ချင်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲ့** ဟု ပြင်ဆင်ဖတ်ရှုပါရန်။ **(သတင်းစဉ်)**

# ဘာသာပေါင်းစုံ နှစ်သစ်ကူးဆုတောင်း စကားများ

သတင်း-နန္ဒာဝင်း၊ ဓာတ်ပုံ-ဇော်မင်းလတ်


ပါမောက္ခ ဒေါက်တာ ဆမ်မြူရယ်လ်ကျော်လှ


ဦးနန္ဒူ


ဒေါက်တာလှထွန်း


ဦးသိန်းလွင်

**ပါမောက္ခ ဒေါက်တာဆမ်မြူရယ်လ်ကျော်လှ**
**နာယက၊ ရန်ကုန်တက္ကသိုလ်နယ်မြေယုဒသန်အသင်းတော်ကောင်စီ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆေးကောင်စီ**

အခုလိုမျိုး နှစ်သစ်ကူးအခါသမယမှာ နှုတ်ခွန်းဆက်ရတဲ့အတွက် ပထမဆုံး ဘုရားသခင်ရဲ့ကျေးဇူးတော်ကိုချီးမွမ်းပါတယ်။ အခုလောလောဆယ် မြန်မာနိုင်ငံမှာ ဒီနှစ်သစ်အတွက် လိုအပ်ချက်ကတော့ ငြိမ်းချမ်းရေးပါပဲ။ ဒီနှစ်သစ်မှာ မြန်မာနိုင်ငံခေါင်းဆောင်တွေအားလုံး ပြည်သူတွေလိုလားတဲ့ ငြိမ်းချမ်းရေးကို ဒီနှစ်သစ်မှာရရှိပါစေလို့ ဆုမွန်ကောင်းတောင်းပါတယ်။ ရမယ်လို့လည်း ယုံကြည်ပါတယ်။

အခုဘာသာပေါင်းစုံတွေ၊ လူမျိုးပေါင်းစုံတွေ၊ အဖွဲ့ပေါင်းစုံတွေက မေတ္တာစကား ငြိမ်းချမ်းရေးပဲပြောနေတဲ့အတွက်ကြောင့် ၂၀၁၉ ကတော့ မြန်မာပြည်အတွက် ငြိမ်းချမ်းရေးရပြီး အင်မတန် သာယာဝပြောတဲ့ နိုင်ငံကြီးဖြစ်ပါစေလို့ ဆုမွန်ကောင်းတောင်းပါတယ်။ ဖြစ်မယ်လို့လည်း မျှော်လင့်ယုံကြည်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဦးနန္ဒူ**
**မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဗဟိုကောင်စီအဖွဲ့ ဥက္ကဋ္ဌ**

ကျွန်တော်က မြန်မာပြည်ဖွားဂေါ်ရခါးလူမျိုးပါ။ ဟိန္ဒူအဖွဲ့ချုပ်အနေနဲ့ ပြောရမယ်ဆိုရင် အားလုံးငြိမ်းချမ်းရေးရပါစေလို့ ဆုတောင်းချင်တယ်။ အားလုံး မျှော်လင့်တောင့်တပါတယ်။ တိုင်းပြည်ကြီးလည်း ဒီထက်မကတိုးတက်စည်ပင်ဝပြောပါစေ။ မကြာခင်လည်း ကောက်သစ်စားပွဲလည်းလာဖို့ ရှိပါတယ်။ ဇန်နဝါရီလဆိုရင် ကောက်သစ် စပါးသစ်၊ ပဲသစ် စတင်ပေါ်တဲ့အချိန်လည်း


အလ်ဟာဂျ်ဦးအေးလွင်


ဆယ်မီဆယ်မရယ်


ကာဒီနယ်ချားလ်စ်ဘို


ဦးရွှေသီး

ငြိမ်ငြိမ်သက်သက်နဲ့ တိုင်းပြည်တိုးတက်တာပဲ မြင်ချင်တယ်။ နောက်ပြီး ဒုတိယအချက်အနေနဲ့ပြောမယ်ဆိုရင် ကျွန်တော်တို့နိုင်ငံမှာ အစိုးရအနေနဲ့ မူးယစ်ဆေးဝါးပပျောက်ဖို့ နိုင်ငံတော်အနေနဲ့ တော်တော်လေးလှုပ်ရှားပါတယ်။ ပြည်သူအနေနဲ့လည်း ပါဝင်ပြီးတော့ မူးယစ်ဆေးဝါးကင်းစင်တဲ့ တိုင်းပြည်တစ်ခုဖြစ်စေချင်တယ်။ နိုင်ငံတကာအလယ်မှာ မူးယစ်ဆေးဝါးကင်းစင်တဲ့ နိုင်ငံလို့ ဖြစ်စေချင်တယ်။ ပြည်သူပြည်သားအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနဲ့ အေးအေးဆေးဆေးရှိနိုင်ပါစေလို့ ဟိန္ဒူအဖွဲ့ချုပ်ကိုယ်စား အဲဒီဆု တောင်းချင်ပါတယ်။

**ဒေါက်တာလှထွန်း**
**သာသနာပြုအကျိုးတော်ဆောင်၊ သနန္တနဓမ္မပါလက(ဟိန္ဒူ) အဖွဲ့ချုပ်**

လာမယ့် ၂၀၁၉ ခုနှစ်အတွက် ကျွန်တော်တို့ ဟိန္ဒူဘာသာအနေနဲ့ မြန်မာနိုင်ငံမှာမှီတင်းနေထိုင်ကြတဲ့ တိုင်းသူပြည်သားအားလုံး နှစ်သစ်မင်္ဂလာ အခါသမယမှာ ကျန်းမာပါစေ၊ ချမ်းသာပါစေ။ တိုင်းပြည်သည် အဘက်ဘက်မှနေပြီး တိုးတက်ဖွံ့ဖြိုးပါစေလို့ ကျွန်တော်တို့အနေနဲ့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ လာမယ့်နှစ်သည် တိုင်းသူပြည်သားအားလုံးအတွက် အေးအေးချမ်းချမ်းနဲ့ တိုးတက်ဖွံ့ဖြိုးရေးလုပ်ငန်းကို ထပ်ပြီးတိုးတက်အောင်လုပ်နိုင်ပါစေ။ တိုင်းပြည်အကျိုး၊ လူမျိုးနွယ်စုအကျိုးကိုဆောင်ရွက်နိုင်ပါစေလို့ ကျွန်တော် ဆုတောင်းပါတယ်။ နောက် တတိယအချက်အနေနဲ့ မြန်မာနိုင်ငံမှာနေထိုင်ကြတဲ့ တိုင်းသူပြည်သားညီအစ်ကိုမောင်နှမ မိဘပြည်သူများအားလုံးသည် ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းကိုရပါစေလို့ ကျွန်တော်တို့ ဟိန္ဒူဘာသာရေးအရဆုတောင်းမေတ္တာပို့သပါတယ်။ အားလုံးကျန်းမာပါစေ၊ ချမ်းသာပါစေ။

**ဦးသိန်းလွင်**
**ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်းအသင်း**

အခုလို ၂၀၁၉ နှစ်သစ်ကူးမှာ မြန်မာပြည်တစ်ဝန်း တိုင်းသူပြည်သားအားလုံး၊ ညီအစ်ကိုမောင်နှမ တိုင်းရင်းသားအားလုံးနဲ့ ကမ္ဘာသူကမ္ဘာသားတွေအားလုံး ကျန်းမာချမ်းသာကြပါစေလို့ ပဏာမဆုမွန်တောင်းပါတယ်။ ဒုတိယအနေနဲ့ တိုင်းရင်းသားအပစ်အခတ်ရပ်စဲရေးလည်း ကျွန်တော်တို့အင်မတန်မှ ဖြစ်ပါတယ်။ နှစ်စဉ်နှစ်တိုင်းလည်း ကောက်သစ်စားပွဲ ကျင်းပနေကျ ဖြစ်ပါတယ်။ ကျွန်တော်တို့တိုင်းသူ ပြည်သားတွေလည်း လာမည့်နှစ်သစ်မှာဆန်စပါး ကောက်ပဲသီးနှံတွေလည်း ပေါကြွယ်ဝပြီး ဒီထက်မကတိုးတက်ကြီးပွားအောင်မြင်ပါစေလို့ ဆုတောင်းမေတ္တာပို့ပါတယ်။ အားလုံးကျန်းမာချမ်းသာကြပါစေ။

**အလ်ဟာဂျ်ဦးအေးလွင်**
**ဦးဆောင်ဆော်ဩရေးမှူး၊ အစ္စလာမ်ဓမ္မဗိမာန်**
**ငြိမ်းချမ်းမေတ္တာအဖွဲ့ အမြုတေအဖွဲ့ဝင်**

အခုလို နှစ်သစ်ကူးအချိန်အခါမှာ စိတ်သစ်လူသစ်နဲ့ တိုင်းပြည်ကို ငြိမ်းချမ်းသာယာတဲ့ ၊အားလုံးမတူကွဲပြားတဲ့သူတွေ တစ်ယောက်နဲ့တစ်ယောက် တန်ဖိုးထားပြီး လေးလေးစားစားနဲ့ မြန်မာနိုင်ငံမှာ အားလုံးသောလူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံတို့ဟာ သိက္ခာရှိရှိနဲ့နေနိုင်တဲ့ နိုင်ငံတော်သစ်ကြီးဖြစ်ပါစေ။ ကမ္ဘာနဲ့အဝှမ်းမှာရှိတဲ့ သဗ္ဗေသတ္တာ ဝေနေယျာတွေလည်း ငြိမ်းချမ်းသာယာမှုများ ပြည့်စုံပါစေလို့ ဆုတောင်းမေတ္တာပို့ချင်ပါတယ်ခင်ဗျာ။

**ဆယ်မီဆယ်မရယ်**
**မြန်မာနိုင်ငံဂျူးဘာသာအသင်းအဖွဲ့ခေါင်းဆောင်**

နှစ်သစ်ဆုတောင်းအနေနဲ့ ကျွန်တော်တို့တစ်တွေ မြန်မာပြည်မှာ မတူကွဲပြားတဲ့ ဘာသာတွေအသီးသီးရှိကြတယ်။ ကျွန်တော်တို့တွေဟာ ယုံကြည်ရာ၊ ကိုးကွယ်ရာ၊ ဘာသာစကားမတူကွဲပြားတဲ့အပေါ်မှာ အလွန်ကိုအလေးပေးရင်းနဲ့ ကျွန်တော်တို့တွေ တူညီတဲ့အချက်တွေကို တစ်ခါတလေ မေ့လျော့သွားကြတယ်။ တူညီတဲ့အချက်တွေကို မေ့ပျောက်သလိုလိုဖြစ်သွားတယ်။ တကယ်တမ်းက ကျွန်တော်တို့ ဘာသာအားလုံးဆုံပြီး တူညီတဲ့အချက်တွေသာ ပြောကြစတမ်းဆိုရင် အံ့ဩစရာကောင်းလောက်အောင် တူညီတဲ့အချက်တွေ အများကြီးထွက်ပေါ်လာမှာဖြစ်တယ်။ ဒီနှစ် နှစ်သစ်အနေနဲ့ ကျွန်တော်ဆုတောင်းချင်တာက မတူကွဲပြားတဲ့အချက်တွေအားလုံးထဲကမှ တူညီတဲ့အချက်တွေကို ရွေးချယ်ပြီး နှစ်သစ်ကိုဘာသာပေါင်းစုံအတူတကွ လျှောက်လှမ်းနိုင်ပါစေ၊ မြန်မာပြည်လည်း ငြိမ်းချမ်းသာယာပါစေလို့ ဆုမွန်ကောင်းတောင်းချင်ပါတယ်။

**ကာဒီနယ်ချားလ်စ်ဘို**
**ရန်ကုန်ကက်သလစ်ဂိုဏ်းချုပ်ဆရာတော်**
**ဥက္ကဋ္ဌ၊ အာရှကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်ရုံး**

၂၀၁၉ ခုနှစ် နှစ်သစ်အတွက် နှုတ်ခွန်းဆက်စကား၊ မေတ္တာစကားပြောခွင့်ရတဲ့အတွက် အထူးပဲကျေးဇူးတင်ပါတယ်။ ဆရာတော်အနေနဲ့ပြောချင်တာကတော့ ၂၀၁၈ ခုနှစ်လည်း ပြီးသွားပါပြီ။ နိုင်ငံတော်အတွက် အတွေ့အကြုံအမျိုးမျိုးကောင်းတဲ့ဟာတွေလည်း အများကြီးရှိသလို အခက်အခဲတွေထဲကလည်း ကျော်ဖြတ်လာတာတွေ အများကြီးရှိပေမယ့် ၂၀၁၉ ခုနှစ် နှစ်သစ်မှာစိတ်သစ်ကိုယ်သစ်နဲ့ ဖြစ်သမျှအရာတွေအားလုံးကို မေ့ထားခဲ့ပြီး ဒီ ၂၀၁၉ ခုနှစ် အထူးသဖြင့် မကြာခင်ကကြားခဲ့တဲ့သတင်းအရ တပ်မတော်အနေနဲ့ လေးလအတွက် ပစ်ခတ်မှုတွေရပ်စဲပြီးနောက် ငြိမ်းချမ်းရေးအတွက် ဆောက်တည်မယ်ဆိုတာကြားတဲ့အခါ နှစ်သစ်အတွက်ဝမ်းသာစရာတစ်ခု ဖြစ်ပါတယ်။ ကျေးဇူးတော်တစ်ခုလည်းဖြစ်ပါတယ်။

အဲဒါကြောင့် လက်နက်ကိုင်များဘက်ကရော၊ တပ်မတော်ဘက်ရော၊ အစိုးရရော၊ ပြည်သူပြည်သားတွေ အားလုံးရော ၂၀၁၉ ခုနှစ်မှာ ငြိမ်းချမ်းရေးလမ်းစဉ်ကို အရင်ကထက် ပိုကြိုးစားပြီး ၂၀၁၉ ခုနှစ် မပြီးခင် အားလုံးစစ်ပွဲများရပ်စဲကာ မြန်မာနိုင်ငံတစ်ခုလုံး မိသားစုစိတ်ဓာတ်နဲ့ လူမျိုးမရွေး၊ ဘာသာမရွေးညီညီညွတ်ညွတ် ချစ်ချစ်ခင်ခင် ညီအစ်ကိုမောင်နှမစိတ်ဓာတ်နဲ့ နေသွားနိုင်ကြပါစေလို့ အထူးပဲဆုမွန်ကောင်းတောင်းပါတယ်။ မေတ္တာလည်းပို့သလိုက်ပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ်။

**ဒေါ်ညိုမီ**
**အဖွဲ့ဝင်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဘဟာအီသာသနာအဖွဲ့ချုပ်**

လာမယ့် ၂၀၁၉ ခုနှစ်မှာ မြန်မာတစ်နိုင်ငံလုံးမှာနေထိုင်ကြတဲ့ ပြည်သူလူထုအားလုံး၊ တိုင်းရင်းသားလူမျိုးစုအားလုံး၊ ဘာသာသာသနာ အသီးသီးကိုကိုးကွယ်ယုံကြည်နေကြတဲ့သူတွေအားလုံးကို ဘဟာအီသာသနာဝင်တွေကိုယ်စား မင်္ဂလာပါလို့ ပထမဦးဆုံး နှုတ်ခွန်းဆက်ချင်ပါတယ်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဦးဆောင်ပြီး ဆောင်ရွက်နေတဲ့လုပ်ငန်းတွေ အောင်မြင်ဖို့အတွက် ပြည်သူပြည်သားတွေအားလုံး တစ်ဦးချင်းအနေနဲ့လည်းကောင်း၊ အဖွဲ့အစည်းအနေနဲ့လည်းကောင်း၊ ပြည်သူလူထုတစ်ရပ်လုံး စည်းစည်းလုံးလုံးနဲ့ မေတ္တာတရားတွေထားကြပြီး နိုင်ငံတော်ကြီးတိုးတက်ဖို့ ဝိုင်းဝန်းပါဝင်လုပ်ဆောင်ကြဖို့ ပြောချင်ပါတယ်။

**ဦးရွှေသီး**
**ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဘဟာအီသာသနာအဖွဲ့ချုပ်**

ဘဟာအီသာသနာအနေနဲ့ ၂၀၁၉ ခုနှစ် နှစ်သစ်မှာ မြန်မာနိုင်ငံအတွင်းမှာနေထိုင်ကြတဲ့ လှည်းနေလှေအောင်းမြင်းဇောင်းမကျန် ညီအစ်ကိုမောင်နှမတွေ၊ မြေပြန့်မှာပဲနေနေ တောင်ပေါ်မှာပဲနေနေ အကုန်လုံးအပေါ် ဘုရားသခင်ရဲ့ကောင်းချီးမင်္ဂလာရရှိပြီး သူတို့တွေဟာအင်မတန်ပျော်ရွှင်တဲ့ အခွင့်အရေးတွေ၊ ငြိမ်းချမ်းမှု၊ ပျော်ရွှင်မှုတွေ အမြန်ဆုံးရရှိပါစေလို့ ဆုတောင်းမေတ္တာပို့သပါတယ်။

လူသားတွေအကုန်လုံးဟာ လက်ရှိအခြေအနေမှာသူတို့ ဆာလောင်မွတ်သိပ်နေတာ ငြိမ်းချမ်းရေးပဲ၊ သူတို့ ဆာလောင်မွတ်သိပ်နေတဲ့အကြောင်းတရားကို အမြန်ဆုံးရရှိဖို့က တကယ်ကို စစ်မှန်တဲ့လိုအပ်ချက်ကြီးပါ။ ဒါကြောင့် မြန်မာတစ်နိုင်ငံလုံးမှာရှိတဲ့ ညီအစ်ကိုမောင်နှမတွေ ဖြစ်နိုင်မယ်ဆိုရင် တစ်ကမ္ဘာလုံးမှာရှိတဲ့ လူသားအားလုံးဟာ အင်မတန်စစ်မှန်တဲ့ ငြိမ်းချမ်းရေးကြီးရရှိပြီး ထာဝရပျော်ရွှင်နိုင်တဲ့ အခြေအနေမျိုးကို ပိုင်ဆိုင်နိုင်ကြပါစေလို့ နှစ်သစ်ကူးနှုတ်ခွန်းဆက်အနေနဲ့ပြောချင်ပါတယ်။

## နှစ်သစ်ကူးရုံးပိတ်ရက်အတွင်း ဝန်ထမ်းများပျော်ရွှင်စွာအပန်းဖြေ



**ကျောက်တံတား ဒီဇင်ဘာ ၃၁**

နေရာဒေသအသီးသီး၌ ကျရာတာဝန်ကိုကျေပွန်စွာထမ်းဆောင်ကြသော ဝန်ထမ်းများသည် နှစ်သစ်ကူးရုံးပိတ်ရက်တွင် မိမိတို့မွေးဖွားရာဇာတိမြေများ၊ မိဘဘိုးဘွားများရှိရာနေရပ်များသို့ အလည်အပတ်သွားရောက်ခြင်း၊ မိသားစုအပန်းဖြေခရီးများသွားရောက်ကာ နှစ်သစ်ကူးရုံးပိတ်ရက်အတွင်း ပျော်ရွှင်စွာအပန်းဖြေလျက်ရှိသည်ကို တွေ့မြင်နေရသည်။

နှစ်သစ်ကူးရုံးပိတ်ရက်အတွင်း ပျော်ရွှင်စွာအပန်းဖြေခရီးထွက်ခြင်းနှင့် ပတ်သက်၍ ကျောက်တံတားမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်နန်းနွဲ့သိင်္ဂီက "ကျွန်မတို့ရုံးမှာက ဒီနှစ်နှစ်သစ်ကူးရုံးပိတ်ရက်မှာ ကျွန်မအပါအဝင်ခရီးသွားတဲ့သူ နှစ်ဦးရှိပါတယ်။ ရုံးကညီမလေးကတော့ သူ့မိသားစုနဲ့ဆွေမျိုးတွေရှိရာ မော်လမြိုင်ကို ဘုရားဖူးသွားတာပါ။ ကျွန်မကတော့ ဇာတိဖြစ်တဲ့ပြည်မြို့ကို ပြန်ဖြစ်တာပေါ့နော်။ ခုလို ပိတ်ရက်လေးမှာ မိသားစုနဲ့ပြန်တွေ့ရတယ်။ အမေနဲ့အတူ ဧရာဝတီအနုပညာပွဲတော်ကို ရောက်ခဲ့ရတယ်။ ကိုယ်ပြန်လာချိန်လေးအခုလို အမေနဲ့အတူသွားဖြစ်တဲ့အတွက် နှစ်သစ်ကူးရုံးပိတ်ရက်လေးက ကျွန်မအတွက် အမှတ်တရနေ့ရက်လေးတွေပါပဲ" ဟု ပြောသည်။

**ရွှေနန်းမေ(ပြန်/ဆက်)**

# နှစ်သစ်ကူး နှုတ်ခွန်းဆက်စကားများ

မြင့်စိုး၊ သီသီမင်း


ဦးအောင်ကိုဝင်း


ဦးဇော်မင်းဝင်း


ဒေါက်တာဇေယျာညွန့်


ဦးဝင်းအောင်


ဒေါက်တာခင်ရွှေ

**ဦးအောင်ကိုဝင်း**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) နာယက**

နိုင်ငံတော် စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက် တစ်ဖက်တစ်လမ်းကနေ အထောက်အပံ့ပြုနိုင်တဲ့ အဖွဲ့အစည်းကြီးအဖြစ် အစဉ်ရပ်တည်လျက်ရှိသော UMFCCI ရဲ့ နာယကတစ်ဦးအနေနဲ့ နိုင်ငံတော်အစိုးရက ချမှတ်ထားတဲ့ စီးပွားရေးဆိုင်ရာ မူဝါဒများနဲ့အညီ နိုင်ငံတော်နဲ့ ပြည်သူ့အကျိုးအတွက် နိုင်ငံတကာနဲ့ ဟန်ချက်ညီတဲ့ စီးပွားရေးဆိုင်ရာ အခွင့်အလမ်းများရရှိနိုင်စေဖို့ ကုန်သည်/စက်မှုအသင်းချုပ်မှ တာဝန်ရှိသူအားလုံးနဲ့အတူ အားသွန်ခွန်စိုက် ကြိုးစားဆောင်ရွက်သွားမှာဖြစ်ကြောင်း အလေးအနက်တင်ပြလိုပါတယ်။

နှစ်သစ်ကာလမှစ၍ နိုင်ငံသူနိုင်ငံသားအားလုံး အကြွင်းမဲ့ငြိမ်းချမ်းသောနိုင်ငံတော်ကြီးကို ပိုင်ဆိုင်နိုင်ပြီး စီးပွားရေးလုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန်လာစေဖို့၊ တရားဥပဒေစိုးမိုးသော လုံခြုံစိတ်ချရတဲ့ လူမှုပတ်ဝန်းကျင်ကို ပိုင်ဆိုင်နိုင်ဖို့၊ ပညာရည်ပြည့်ဝတဲ့ ထူးချွန်ထက်မြက်သော နိုင်ငံသားများဖြစ်စေဖို့၊ ကျန်းမာရေးစောင့်ရှောက်မှု ပြည့်ဝစွာရရှိတဲ့ ကျန်းမာသောနိုင်ငံသားများ ဖြစ်ကြပြီး နိုင်ငံတော်မှ အားကိုးအားထားပြုနိုင်သော လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်စေဖို့နဲ့ အလုပ်အကိုင် အခွင့်အလမ်းကောင်းများကို ပိုမိုတိုးတက်ပိုင်ဆိုင်နိုင်ကြပါစေလို့ လေးနက်စွာဆုမွန်ကောင်း တောင်းအပ်ပါတယ်။

နိုင်ငံတော်အစိုးရရဲ့ ဦးဆောင်မှုနှင့်အတူ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးကို တည်ဆောက်နေချိန်မှာ ကျွန်တော်တို့ ပြည်သူပြည်သား အားလုံးကလည်း အစိုးရနဲ့အတူ လက်တွဲပြီး ဘက်စုံကဏ္ဍစုံမှာ အဆင်သင့်ဖြစ်အောင် ပြင်ဆင်ထားကြရင်း တာဝန်ကျေသော နိုင်ငံသားများအဖြစ် အမြဲရပ်တည်နိုင်ကြပါစေကြောင်း လေးစားစွာဖြင့် ထပ်လောင်း၍ ဆုမွန်တောင်းအပ်ပါတယ်။

**ဦးဇော်မင်းဝင်း**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်း၍ တိုးတက် ဖွံ့ဖြိုးစေရန်နဲ့ ပြည်သူများရဲ့ လူမှုစီးပွားဘဝ မြင့်မားတိုးတက်စေဖို့ ပုဂ္ဂလိကစီးပွားရေးကဏ္ဍကိုဦးဆောင်နေတဲ့ မြန်မာနိုင်ငံကုန်သည်/စက်မှုအသင်းချုပ်ဟာ နိုင်ငံတော်အစိုးရ၊ နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများနဲ့အတူ တစိုက်မတ်မတ် ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ထို့အတူ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးမှုမှသည် နိုင်ငံရဲ့ ရေရှည်တည်တံ့သော စီးပွားရေးဖွံ့ဖြိုးမှုအား ဖော်ဆောင်ဖို့အတွက် နိုင်ငံတော်အစိုးရဟာ မိမိတို့ပုဂ္ဂလိကစီးပွားရေးကဏ္ဍအသင်းအဖွဲ့တွေနဲ့ ပိုမိုနီးကပ်စွာ လက်တွဲကြိုးပမ်းမှုပြုနေတဲ့အတွက် ဂုဏ်ယူဝမ်းမြောက်စွာ ကျေးဇူးတင်ရှိပါတယ်။

ဒီလိုဆောင်ရွက်နေတဲ့လုပ်ငန်းစဉ်မှာ မြန်မာနိုင်ငံ ကုန်သည်/စက်မှုအသင်းချုပ် အမှုဆောင်များအပါအဝင်၊ ညီနောင်အသင်းတွေ၊ အသင်းဝင်တွေနဲ့ မြန်မာ့စီးပွားရေးလုပ်ငန်းရှင်တွေအားလုံး လာမည့်နှစ်သစ်ကာလအတွင်း ပိုမိုတက်ကြွစွာ ပူးပေါင်းဆောင်ရွက်သွားကြဖို့နဲ့ နှစ်သစ်မင်္ဂလာမှာ နိုင်ငံတော်ရဲ့ အကျိုးစီးပွား၊ ပြည်သူတွေရဲ့ အကျိုးစီးပွားနဲ့ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်တွေရဲ့ အကျိုးစီးပွားတွေ ဖွံ့ဖြိုးတိုးတက်အောင်မြင်မှု အကျိုးရလဒ်ကောင်းတွေ ရရှိခံစားနိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့လိုက်ပါတယ်။

**ဒေါက်တာဇေယျာညွန့်**
**အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ် အမှုဆောင်အရာရှိချုပ်**

အခုလို နှစ်သစ်ဆုမွန်စကားပြောကြားခွင့်ရတဲ့အတွက် အများကြီးဝမ်းသာပါတယ်။ ၂၀၁၉ ခုနှစ်ဟာ မြန်မာပြည်သူပြည်သားတွေအတွက် ကံကောင်းလိမ့်မယ်လို့ မျှော်လင့်ပါတယ်။ စီးပွားဥစ္စာတွေလည်း ဒီရေအလား တိုးတက်ပါစေကြောင်း ဆုတောင်းပါတယ်။ ကျွန်တော်တို့ ဘဏ္ဍာရေးလောကကြီးမှာ လိုအပ်နေတဲ့ အခက်အခဲတွေကိုလည်း နှစ်သစ်မှာပူးပေါင်းပြီး ဖြေရှင်းဆောင်ရွက်သွားနိုင်ပြီး SME ကဏ္ဍတွေလည်း ဖွံ့ဖြိုးတိုးတက်လာလိမ့်မယ်လို့ မျှော်လင့်ပါတယ်။

**ဦးဝင်းအောင်**
**မြန်မာသီလဝါ အထူးစီးပွားရေးဇုန် အများပိုင်ကုမ္ပဏီလီမိတက် (MTSH) ဥက္ကဋ္ဌ**


မြန်မာနိုင်ငံသူ နိုင်ငံသားများအနေနဲ့ လာမယ့် နှစ်သစ်မှာ နိုင်ငံရဲ့ အရေးအကြီးဆုံးဖြစ်တဲ့ ငြိမ်းချမ်းရေးပန်းတိုင်ကို အမြန်ဆုံး တက်လှမ်းနိုင်ပါစေ၊ ငြိမ်းချမ်းရေးနဲ့အတူ ယှဉ်တွဲပြီးတော့ တိုင်းရင်းသားတွေရဲ့ စီပွားရေးတွေ တိုးတက်လာပါစေ၊ လူမှုစီးပွားဘဝတွေ အမြန်ဆုံးတိုးတက်လာပါစေ။ ငြိမ်းချမ်းရေးနဲ့ စီးပွားရေးဆိုတာ အမြဲတမ်း ဆက်နွှယ်နေပါတယ်။ ငြိမ်းချမ်းရေးအတွက် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းတွေ၊ ဆွေးနွေးမှုတွေမှာလည်း ပြည်သူတွေကလည်း အစိုးရနဲ့ တက်ညီလက်ညီ ပူးပေါင်းပါဝင်ပြီးတော့မှ ဆောင်ရွက်နိုင်ကြပါစေလို့ ဆုမွန်ကောင်း တောင်းအပ်ပါတယ်။

**အဂ္ဂမဟာ သီရိသုဓမ္မဇောတဓရ ဝဏ္ဏကျော်ထင် ဒေါက်တာခင်ရွှေ**
**မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒ ဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသသာသနာ့နုဂ္ဂဟ အသင်း(ဗဟို)ဥက္ကဋ္ဌ**

၂၀၁၉ ခုနှစ်မှာ မြန်မာတစ်နိုင်ငံလုံး အစစအရာရာ တိုးတက်စေချင်တယ်။ အထူးသဖြင့် စီးပွားရေးအခြေအနေတွေ ပြန်ကောင်းစေချင်တယ်။ အောက်ခြေကစပြီး ကောင်းမှ အလယ်၊ အလယ်ပြီးရင် ထိပ်၊ အဲဒီလိုသွားတာ။ ပထမတန်းစားချမ်းသာတဲ့ သူတွေက ဒုတိယတန်းစားကို ဆွဲခေါ်ရမယ်၊ ဒုတိယတန်းစားကမှ အောက်ခြေကိုခေါ်ရမယ်၊ အဲဒီတော့မှ တိုင်းပြည်ကတိုးတက်မှာ။ နှစ်သစ်မှစပြီး တစ်ဦးနဲ့တစ်ဦး မစ္ဆရိယစိတ်နည်းနည်းနဲ့ မုဒိတာပွားပြီး ကြီးပွားတိုးတက်အောင် ဆောင်ရွက်ကြမယ်ဆိုရင် အကုန်လုံး စားဝတ်နေရေးကအစ အဆင်ပြေမှာပါ။


ဦးသက်လွင်တိုး


ဒေါက်တာထွန်းလွင်


ဦးထွန်းလွင်

**ဦးသက်လွင်တိုး**
**မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း (UMTA) ဥက္ကဋ္ဌ**

ကုန်လွန်ခဲ့တဲ့ ၂၀၁၈ ခုနှစ်မှာ ခရီးသွားလုပ်ငန်း ရာသီဥတုဟာ တိမ်ဖုံးလို့ လမသာသော်ငြားလည်း အလင်းပြပြအောက်မှာ တရွေ့ရွေ့ ခရီးဆက်ရင်း အရှေ့မှ ရောင်နီကို မျှော်ခဲ့ရပါတယ်။ ၂၀၁၉ နှစ်သစ်မှာ ပြည်တွင်းပြည်ပ ခရီးသွားများ ဘေးအန္တရာယ် ကင်းရှင်းကြပြီး ဟိုတယ်/ခရီးသွားလုပ်ငန်းရှင်တွေ၊ ခရီးသွားလုပ်ငန်းကဏ္ဍမှာ ပါဝင်ပတ်သက်သူအားလုံး ခရီးသွားစီးပွား ဒီရေအလား တိုးတက်စေဖို့ ဆန္ဒပြုလိုက်ရပါတယ်။

နှစ်သစ် ၂၀၁၉ မှာ မြူတိမ်ကင်းစင်တဲ့ နေခြည်အလင်းနဲ့အတူ ခရီးသွားဖော် တိုင်းရင်းသားညီအစ်ကိုမောင်နှမတွေရဲ့ ညီညာတက်ကြွတဲ့ အားမာန်အပြည့်နဲ့ ရွှေသို့လှမ်းချီ ငြိမ်းချမ်းတဲ့ မြန်မာပြည်သစ်ဆီသို့ ချောမောစွာ ဆိုက်ရောက်ပါစေကြောင်း နှစ်သစ်မင်္ဂလာဆုတောင်းလိုက်ပါတယ်။

**ဒေါက်တာထွန်းလွင်**
**မိုးလေဝသပညာရှင်**

နှစ်စဉ်နှစ်တိုင်းကမ္ဘာပေါ်မှာ ရာသီဥတု ပြောင်းလဲမှုဒဏ် အဆိုးရွားဆုံးခံရတဲ့ နိုင်ငံ ၁၀ နိုင်ငံမှာ မြန်မာနိုင်ငံက ၂၀၁၂ ခုနှစ်ကနေ၂၀၁၇ ခုနှစ်အထိ ကမ္ဘာပေါ်မှာ ဒုတိယအဆိုးဆုံးနိုင်ငံဖြစ်ခဲ့တယ်။ ၂၀၁၈ ခုနှစ် နှစ်ကုန်ခါနီး ဒီဇင်ဘာလမှာ ၂၀၁၈ ခုနှစ်အတွက် ထုတ်ပြန်တဲ့ စာရင်းမှာတော့ နှစ်ပေါင်းများစွာ ရာသီဥတုပြောင်းလဲခြင်းနဲ့ သဘာဝဘေးအန္တရာယ်ခံရမှု အဆိုးဆုံးဆိုတဲ့ စာရင်းမှာ ဒုတိယနေရာကနေ တတိယအထိ တက်သွားတာကတော့ မင်္ဂလာသတင်းပါ။ ဒါလည်း ကြောင်းကျိုးဆီလျော်ရဲ့လားဆိုတော့ ဆီလျော်တယ်လို့ပဲ မြင်ပါတယ်။ အဓိကကတော့ နာဂစ်နောက်ပိုင်းစွမ်းဆောင်တာတွေ တွေ့ရတယ်။

ခါတိုင်းနှစ်တွေမှာလည်း ဘယ်အစိုးရတက်တက် သဘာဝဘေးအန္တရာယ်တွေကို ဒီလိုပဲ အလေးထားလာကြတယ်။ မြန်မာနိုင်ငံအနေနဲ့ သဘာဝဘေးအန္တရာယ် ကြုံတွေ့တဲ့နေရာမှာ အတိုင်းအတာက အထိုက်အလျောက် အရင်တုန်းကထက်စာရင် လျော့သွားတာတွေ့ရပါတယ်။ ဘာပဲပြောပြော မြန်မာနိုင်ငံအနေနဲ့ အဆင့်တစ်ဆင့်တက်သွားတာဟာ ကောင်းတဲ့လက္ခဏာပါ။

ဒီနှစ်မှာ ဆုတောင်းစကားကတော့ နိုင်ငံဟာ ပညာနဲ့ တည်ဆောက်တဲ့နိုင်ငံဆိုတာ လူတိုင်းသိစေချင်တယ်။ ပညာတတ်တွေလည်း ပေါပါစေ၊ ပညာတတ်တွေက တိုင်းပြည်နဲ့ လူမျိုးအတွက် အနစ်နာခံလုပ်ချင်တဲ့ စိတ်ဓာတ်တွေလည်း ရှိဖို့လိုတယ်။ အဲဒီလို စိတ်ကောင်းနှလုံးကောင်းရှိတဲ့ ပညာတတ်တွေလည်း ပေါများပါစေ။ နိုင်ငံတော်ကြီးကိုလည်း ပို၍ကောင်းမွန်တဲ့ နိုင်ငံအဖြစ်ရောက်အောင် ပို၍စွမ်းဆောင်နိုင်ကြပါစေလို့ ဆုတောင်းချင်ပါတယ်။

**ဦးထွန်းလွင်**
**မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း ဥက္ကဋ္ဌ**

နှစ်တစ်နှစ် ကုန်ဆုံးလို့ နှစ်သစ်ကူးပြောင်းခဲ့ပါပြီ။ ပြီးခဲ့တဲ့ နှစ်ထဲမှာ ပဲ၊ နှမ်း လုပ်ငန်းတွေ ဘယ်လိုရှိသလဲ၊ ဘယ်လိုအခက်အခဲတွေ ကြုံတွေ့ခဲ့ရသလဲဆိုတာ ပြန်လည်သုံးသပ်ရမှာပါ။ ၂၀၁၈ ခုနှစ်ဟာ ကျွန်တော်တို့ ပဲမျိုးစုံနဲ့ပတ်သက် လို့ အခက်အခဲအကျပ်အတည်းတွေနဲ့ ရင်ဆိုင်ခဲ့ရတဲ့ နှစ်တစ်နှစ်လို့ ဆိုနိုင်ပါတယ်။ အိန္ဒိယနိုင်ငံက မြန်မာနိုင်ငံ ပဲတင်သွင်းဝေစုကို ကန့်သတ်လိုက်တဲ့အတွက် ပဲစိုက်တောင်သူတွေသာမက ပဲရောင်းဝယ်သူတွေ၊ ပဲတင်ပို့သူတွေပါ ထိခိုက်နစ်နာမှုတွေနဲ့ ရင်ဆိုင်ခဲ့ကြရပါတယ်။

သို့ပေမယ့်လည်း နှစ်ကုန်ပိုင်းမှာတော့ အိန္ဒိယနိုင်ငံရဲ့ ရာသီဥတုအခြေအနေအရသော်လည်းကောင်း၊ အခြားသော အခြေအနေများအရသော်လည်းကောင်း ဈေးနှုန်းတွေ ပြန်လည် မြင့်တက်လာခဲ့ပါတယ်။ အဲဒါကြောင့်လည်း ပဲစိုက်တောင်သူတွေ ပြန်လည်စိုက်ပျိုးလာကြသလို ပဲတင်ပို့ရောင်းချသူတွေပါ ပြန်လည်လုပ်ကိုင်မှုတွေ ရှိလာကြပါတယ်။ ယခု ၂၀၁၉ ခုနှစ်မှာတော့ မြန်မာ ပဲစိုက်တောင်သူတွေအတွက် နှစ်ကောင်းတစ်နှစ်ဖြစ်လိမ့်မယ်လို့ မျှော်လင့်ထားပါတယ်။ ၂၀၁၉ ခုနှစ်မှာ ပဲမျိုးစုံစိုက်တဲ့တောင်သူတွေ၊ ပဲ၊ နှမ်းရောင်းဝယ်သူတွေ၊ တင်ပို့ရောင်းချသူတွေအားလုံး လုပ်ငန်းကိုင်ငန်းတွေအဆင်ပြေကြပြီး အစစအရာရာ တိုးတက်ကြီးပွားကြပါစေ၊ အောင်မြင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ ။

■ **၂၀၁၉ ဗိုလ်ချုပ်အောင်ဆန်းဒိုင်းမှ**

ရှုံးထွက်ပြိုင်ပွဲကို ရှစ်ကြိမ် ကျင်းပပြီးစီးသွားပြီး ဧရာဝတီအသင်းက သုံးကြိမ် အအောင်မြင်ဆုံးအဖြစ် ရပ်တည်နေကာ ရန်ကုန်အသင်းက နှစ်ကြိမ်၊ ဟံသာဝတီ၊ မကွေးနှင့် ရှမ်းယူနိုက်တက်အသင်းတို့က တစ်ကြိမ်စီ ဗိုလ်စွဲထားသည်။ မြန်မာနေရှင်နယ်လိဂ်ကော်မတီသည် ရှုံးထွက်ပြိုင်ပွဲကို ၂၀၁၀ ပြည့်နှစ်တွင် စတင်ကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်မှလွဲ၍ ကျန်နှစ်များတွင် နှစ်စဉ်ကျင်းပခဲ့သည်။

၂၀၁၃ ခုနှစ်တွင် ဆီးဂိမ်းပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သောကြောင့် ရှုံးထွက်ပြိုင်ပွဲမကျင်းပဘဲ MNL Cup ပြိုင်ပွဲသာ ကျင်းပခဲ့သည်။ **ရှိုင်းထက်ဇော်**

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့





"ယခုဆိုရင် မိမိတို့နိုင်ငံဟာ ဒီမိုကရေစီလမ်းကြောင်းအစပေါ်မှာ စတင်ခြေချ လျှောက်လှမ်းနိုင်ခဲ့ပြီဖြစ်ပါတယ်။ ဒီလို ဒီမိုကရေစီလမ်းမပေါ်မှာ ခြေချခါစ အခြေအနေအချိန်အခါဟာ အင်မတန်အရေးကြီးလှပြီး လမ်းလျှောက်တတ်ခါစ ကလေးကို ဂရုစိုက်သလို ပြိုလဲမသွားအောင်၊ လဲပြိုကျမသွားအောင် ဟန်ချက်ညီညီနဲ့ သတိတရားဆင်ခြင်ပြီးတော့ ထိန်းသိမ်းကြရမှာ ဖြစ်ပါတယ်။ မိမိတို့အနေနဲ့ ဒီမိုကရေစီကို ရှင်သန်စေလိုတယ်ဆိုရင် ဥပဒေကို လေးစားရမှာဖြစ်သလို သတ်မှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းများကိုလည်း လိုက်နာရမှာ ဖြစ်ပါတယ်"

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏
၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်နေ့တွင် ကျရောက်သည့်
အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်)

# မြန်မာ့လွတ်လပ်ရေး ရာဇဝင်မော်ကွန်း

## မျိုးချစ်စိတ်ဓာတ်ထက်သန်မှုဖြင့် နယ်ချဲ့ဆန့်ကျင်

**ကောင်းစျာန်သိမ်း**


တော်လှန်ရေးရဲဘော်များနှင့် နယ်ချဲ့တပ်များ ရွှေကျင်နယ်တွင် တိုက်ပွဲဖြစ်ပွားသည်ကို သရုပ်ဖော်ထားသည့် ပန်းချီကား။

မြန်မာရာဇဝင်တစ်လျှောက်လုံးတွင် ဆုံးရှုံးသွားသော လွတ်လပ်ရေးကို ကြိုးပမ်းခဲ့ကြ၊ တိုက်ပွဲအမျိုးမျိုး ဆင်နွှဲခဲ့ကြခြင်းတို့သည် မြန်မာတို့၏ ဇာတိသွေး၊ ဇာတိမာန်နှင့် မျိုးချစ်စိတ်ဓာတ် ထက်သန်ခဲ့ကြသည်ကို ပြသခဲ့ကြခြင်း ဖြစ်သည်။ လွတ်လပ်ရေးကို လွယ်လွယ်ပေါပေါရခဲ့ခြင်းသည်ကား မဟုတ်ပေ။

၁၈၈၅ ခုနှစ် ဒီဇင်ဘာလတွင် မြန်မာဘုရင် သီပေါမင်းပါတော်မူပြီးသည့်နောက် မြန်မာတိုင်းရင်းသားလူမျိုးများသည် နှစ်ပေါင်းများစွာဆက်လက်၍ ဓား၊ လှံ၊ လက်နက်များရရာတို့ကို ကိုင်စွဲကာ အဖွဲ့လိုက်၊ အစုလိုက် ပြောက်ကျားစနစ်ဖြင့် နယ်ချဲ့အင်္ဂလိပ်တို့ကို တော်လှန်တိုက်ခိုက်ခဲ့ကြသည်။ မြန်မာတို့၏ တောတောင်တို့တွင် ခိုအောင်း၍ ပြောက်ကျားစနစ်ဖြင့် ဆင်နွှဲခဲ့ကြသည်။ အင်အားတောင့်၊ အင်အားကောင်းသောအခါများ၌ မြေပြန့်လွင်ပြင်များသို့ဆင်းသက်၍ နယ်ချဲ့အင်္ဂလိပ်တို့နှင့် ရင်ဆိုင်စစ်ခင်းခဲ့ကြသည်။

နယ်ချဲ့အင်္ဂလိပ်တို့သည် သူ့ကျွန်မခံလိုသော မြန်မာတိုင်းရင်းသားများကို ၁၈၈၆ ခုနှစ်မှ ၁၈၉၇ ခုနှစ်အထိ ဆယ်နှစ်တာကာလအတွင်း ရက်ရက်စက်စက် ချေမှုန်းခဲ့ကြသည်။ ၎င်းတို့၏ ထောင်သောင်းချီသည့် စစ်အင်အားနှင့် ခေတ်မီလက်နက်များကို အသုံးပြုကာ ကျဆင်းသွားခြင်းမရှိသော မြန်မာ့အားမာန်ကို ချိုးနှိမ်ရန် ကြိုးစားခဲ့သည်။ မျိုးချစ်တော်လှန်ရေးခေါင်းဆောင်များကို ဖမ်းဆီးထောင်ချခြင်း၊ ကြိုးပေးကွပ်မျက်ခြင်းပြုလုပ်သော်လည်း မြန်မာတို့၏ ရဲမာန်စိတ်ဓာတ်များ ပြိုပျက်သွားခြင်းမရှိချေ။ တစ်ဗိုလ်ကျ တစ်ဗိုလ်တက်စနစ်ဖြင့် တွန်းလှန်ခဲ့ကြပြီးနောက် အခါအခွင့်မသင့်သေး၍ မကျိုးသော အားမာန်တို့ကို အုပ်ထိန်းထားလိုက်ကြသည်။

အင်္ဂလိပ်ဗိုလ်ချုပ်များကွပ်ကဲသော လက်ရွေးစင်တပ်မကို မြန်မာမျိုးချစ်အင်အားစုများနှင့် ရင်ဆိုင်စေရန် ပွဲထုတ်ခဲ့ကြသည်။ လက်နက်ကောင်း၊ အင်အားကောင်းတို့ဖြင့် ဖွဲ့စည်းချေမှုန်းသည်။ ရန်ကုန်၊ ကာလကတ္တား၊ လန်ဒန်မှ ထောက်ပံ့ဖြည့်ဆည်းပေးခဲ့သည်။ ထိုအင်အား၏ ဒဏ်ကို အစိတ်စိတ်အမြွှာမြွှာ ပြိုကွဲနေသော မြန်မာမျိုးချစ်သူရဲကောင်းများ ချေမှုန်းခံခဲ့ကြရသည်။ မြန်မာတစ်မျိုးသားလုံး စုရုံးရန် အချိန်လင့်ခဲ့သည်။ အမျိုးသားစိတ် ဇာတိမာန်ဖြင့် တွန်းလှန်ခဲ့ကြသော်လည်း အင်အားမမျှ၊ အချိန်မလှ၊ ကျဆုံးပြိုကွဲကြရသည်။

မြေပြန့်တွင် အောင်ပွဲဆင်ခဲ့သည့် အင်္ဂလိပ်တပ်မကြီးများသည် မြောက်ဘက်ဆီမှ ချင်း၊ ကချင်တောင်တန်းများပေါ်သို့ တက်ကြသည်။ အရှေ့ဘက်ဆီ ရှမ်းဒေသသို့လည်း ဝင်ကြသည်။ ထိုအခါ ချင်း၊ ရှမ်း၊ ဝ၊ မွန်၊ ရခိုင်၊ ကရင်တိုင်းရင်းသားတို့က ပြောက်ကျားစနစ်ဖြင့် ခုခံကြသည်။ အင်္ဂလိပ်တို့က တစ်လှမ်းပြီးတစ်လှမ်း၊ တစ်တောပြီးတစ်တော၊ တစ်တောင်ပြီးတစ်တောင် အနာခံ၍ သိမ်းပိုက်ကြသည်။ သာဓကအားဖြင့် ကလေးနယ်တွင် တပ်စွဲသော အင်္ဂလိပ်တို့ကို ချင်းလူငယ်များက တောင်ပေါ်မှဆင်း တိုက်ခိုက်ခဲ့ကြသည်။ ချင်းလူငယ်များ ဂုဏ်ယူ၍မဆုံး၊ မော်ကြွား၍မဆုံး ဖြစ်ကြသည်။ အင်္ဂလိပ်တို့ ချင်းတောင်တန်းကို သိမ်းပိုက်ပြီးသောအခါ ရဲစွမ်းသတ္တိရှိသော ချင်းအမျိုးသားများကို ခေါ်ယူ၍ ၎င်းတို့၏လက်နက်များ အစွမ်းကို ပြသပြီးနောက် ဧည့်ခံကျွေးမွေး၍ လက်ဆောင်ပစ္စည်းများပေးအပ်ကာ ချင်းတောင်ပေါ်သို့ ပြန်ပို့လိုက်သည်။

နယ်ချဲ့အင်္ဂလိပ်တို့သည် မြန်မာတို့ကို ခြောက်၍တစ်မျိုး၊ ချော့၍ တစ်ဖုံ၊ လက်နက်တစ်မျိုး၊ လက်ဆောင်တစ်ဖုံ ပရိယာယ်မျိုးစုံဖြင့် မြန်မာပြည်ကို ကြာရှည်သိမ်းပိုက်ပြီး ငြိမ်ဝပ်ပိပြားအောင် ကြိုးပမ်းအားထုတ်ခဲ့ကြသည်။ သို့သော် မြန်မာတို့၏ နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်မှာ ပျောက်ပျက်သွားခြင်းမရှိချေ။ ။


တစ်နိုင်ငံလုံးဆုံးရှုံးပြီး ဘုရင်နှင့်မိဖုရား ဤသို့ပါတော်မူခဲ့သည်။


မင်းလှတိုက်ပွဲ သရုပ်ဖော်ပန်းချီ။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာနှင့် သတင်းစာတိုက်များကို ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဒီဇင်ဘာ ၃၁**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ယနေ့မွန်းလွဲပိုင်းက ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာနှင့် သတင်းစာတိုက်များကို ကြည့်ရှုစစ်ဆေးသည်။

**ဖြည့်စွက်မှာကြား**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြားလမ်း အမှတ်(၅၀)ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာသို့ ရောက်ရှိရာ တာဝန်ရှိသူများက ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက ဖြည့်စွက်မှာကြားသည်။

ထို့နောက် ဗဟန်းမြို့နယ် အမှတ် (၅၈) ကမ္ဘာအေးဘုရားလမ်း (ရွှေဂုံတိုင်လမ်းဆုံအနီး)ရှိ မြန်မာ့အလင်းကြော်ငြာလက်ခံဌာနနှင့် စာအုပ်အရောင်းဆိုင်ကိုလည်းကောင်း၊ ဗဟန်းမြို့နယ် အမှတ် (၅၃) နတ်မောက်လမ်းသွယ် (၁) ရှိ မြန်မာ့အလင်းသတင်းစာတိုက် ကြော်ငြာလက်ခံဌာန၊ ပုံနှိပ်စက်နှင့် ဖြန့်ချိရေးလုပ်ငန်းဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ပုဇွန်တောင်မြို့နယ် အမှတ် (၇၇) ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်ရှိ ကြေးမုံသတင်းစာတိုက် ကြော်ငြာလက်ခံဌာန၊ ဖြန့်ချိရေးဌာနနှင့် စာတည်းဌာနတို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ရန်ကုန်မြို့ရှိ ကြေးမုံသတင်းစာတိုက် စာပြင်ဌာနကို ကြည့်ရှုစစ်ဆေးစဉ်။

# ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုဇုန်တွင် ဘုရားဖူးလာရောက်လည်ပတ်သူများဖြင့် စည်ကား

**ညောင်ဦး ဒီဇင်ဘာ ၃၁**

ပုဂံ-ညောင်ဦးရှေးဟောင်းယဉ်ကျေးမှုဒေသတွင် အနယ်နယ်အရပ်ရပ်မှ ပြည်သူများ၊ ပြည်ပမှ ခရီးသွားဧည့်သည်များဖြင့် စည်ကားလျက်ရှိရာ ဧည့်သည်အချို့နှင့် တွေ့ဆုံ၍ မေးမြန်းထားပါသည်။

**ကိုဝေဇင်သော်(ကျောက်အရောင်းအဝယ် - မန္တလေးမြို့)**


ကျွန်တော်က မန္တလေးမြို့မှာ ကျောက်အရောင်းအဝယ် လုပ်ပါတယ်။ ပုဂံဒေသကို အင်မတန်မြတ်နိုးပါတယ်။ ပုဂံကို ဘယ်နှခေါက်ရောက်ရောက် ရှေးဟောင်းယဉ်ကျေးမှုအနုပညာလက်ရာတွေ၊ နံရံဆေးရေးပန်းချီတွေ၊ စေတီပုထိုးတွေ၊ တစ်ဆူနဲ့တစ်ဆူ မတူညီတဲ့လက်ရာတွေ၊ လိုဏ်ဂူဘုရားတွေ၊ အလွန်ရှေးကျတဲ့ ရှေးစဉ်လက်ရာရှိနေသေးတဲ့ ဘုရားတွေကို ဖူးမြော်ရတာဟာ အလုပ်အားရက်မှာ ထပ်ကာထပ်ကာ လာရောက်လည်ပတ်ဖို့ ဖိတ်ခေါ်နေတဲ့ အလား ဆွဲဆောင်မှုရှိပါတယ်။ နောင်အားရင်လည်း ထပ်လာဦးမှာပါ။

**ကိုစောအဲသမော့ (ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့)**

ပုဂံကို ပထမဆုံးအကြိမ်ရောက်ဖူးခြင်းဖြစ်ပါတယ်။ မြန်မာမှန်ရင် ပုဂံရောက်ဖူးရမယ်ဆိုတဲ့ ဆိုရိုးစကားအတိုင်း နှစ်သစ်ကူး အလုပ်ပိတ်ရက်မှာ ပုဂံကို လာရောက်ခဲ့ခြင်းဖြစ်ပါတယ်။ ကြားဖူးတာထက် လက်တွေ့မြင်ရတဲ့အချိန်မှာ ပုဂံဟာ ပိုမိုကြီးကျယ်ခမ်းနားတဲ့ နေရာဒေသတစ်ခုလို့ မှတ်ချက်ပြုမိပါတယ်။ စေတီ၊ ကျောင်းကန်၊ သာသနိကအဆောက်အအုံမြောက်မြားစွာ ဖူးမြော်ရပါတယ်။ ရှေးဟောင်းအုတ်ပုံတွေ၊ ရှေးနန်းမြို့ရိုးဟောင်းတွေကို တွေ့မြင်ရတာက နှစ်သစ်ကူးရုံးပိတ်ရက်မှာ တန်ဖိုးဖြတ်မရနိုင်လောက်အောင် ကျေနပ်အားရဖြစ်မိပါတယ်။

**Kamar Nilar (Time Study ဂျပန်ဘာသာစကားသင်ကျောင်း၊ ဂျပန်-မြန်မာပညာရေးမဂ္ဂဇင်း)**

ပုဂံကို ဂျပန်နိုင်ငံသူ နိုင်ငံသားတွေ အလွန်မြတ်နိုးတန်ဖိုးထားပါတယ်။ ဂျပန်လူမျိုးတွေ မြန်မာပြည်ရောက်ရင် ပုဂံ-ညောင်ဦးကို အရင်လာပြီးမှ မြန်မာပြည်အနယ်နယ်အရပ်ရပ်ကို သွားရောက်လေ့ရှိပါတယ်။ နှစ်သစ်ကူးရုံးပိတ်ရက်မှာ Time Study ဂျပန်ဘာသာစကားသင်ကျောင်းမှ ကျောင်းသား ကျောင်းသူ ၃၅ ဦးကို ပုဂံဒေသနဲ့ ရင်းနှီးကျွမ်းဝင်မှုရှိစေဖို့ လာရောက်ပို့ဆောင်ပေးတာဖြစ်ပါတယ်။ ဂျပန်လူမျိုးတွေက ပုဂံကိုရောက်လာရင် ဒေသခံအစားအစာတွေကို နှစ်ခြိုက်စွာ စားသောက်တတ်ကြပါတယ်။ ဂျပန်နိုင်ငံကို ပြန်ရောက်ရင်လည်း ပုဂံက အစားအစာတွေကောင်းမွန်ကြောင်း၊ ပုဂံဒေသကို လေ့လာရင်း အညာဒေသအစားအစာတွေ သွားရောက်စားသောက်သင့်ကြောင်း ပြန်ပြီးသတင်းစကားပါးလေ့ရှိပါတယ်။



ကိုဝေဇင်သော်



ကိုစောအဲသမော့



Kamar Nilar



Mrs. Erika

**Mrs. Erika & Mrs.Alessanora (အီတလီနိုင်ငံ၊ မီလန်မြို့)**

ပုဂံကို ရောက်ဖူးချင်နေတာကြာပါပြီ။ ဒီဇင်ဘာ ၂၉ ရက်က ပုဂံကို ရောက်ပါတယ်။ ဒီနေ့ ပုဂံဒေသမှာရှိတဲ့ ရှေးဟောင်းစေတီပုထိုးတွေကို ဖူးမြော်ပါတယ်။ နောက် ဧရာဝတီမြစ်ကမ်းဘေးကို ရောက်ဖြစ်ပါတယ်။ ကမ္ဘာ့သတင်းမီဒီယာတွေမှာ ဖော်ပြတဲ့ မြန်မာပြည်ရဲ့အကြောင်းအရာထက် အစစအရာရာ အေးချမ်းနေပါတယ်။ မနက်ဖြန်မှာ ပုပ္ပားတောင်ကို သွားရောက်မှာ ဖြစ်ပါတယ်။ ပုပ္ပားတောင်ဒေသဟာလည်း အလွန်သာယာလှပတဲ့ နေရာတစ်ခုလို့ သိထားပါတယ်။

**သတင်း-ကိုထိန်(ငါ့သရောက်)၊ ဓာတ်ပုံ-ဖေလိန်း(ညောင်ဦး)**

# မအူပင်ကလေးစာပေပွဲတော် ဒုတိယနေ့ ပါဝင်ဆင်နွှဲသူများ အထူးစည်ကားများပြား

**မအူပင် ဒီဇင်ဘာ ၃၁**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အခြေခံပညာဦးစီးဌာနနှင့် မအူပင်ခရိုင် စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းကျင်းပသော မအူပင်ခရိုင် ကလေးစာပေပွဲတော် ဒုတိယနေ့တွင် လာရောက်သူများ အထူးစည်ကားများပြားခဲ့ကြောင်း သိရသည်။

"ပွဲတော်ဒုတိယနေ့မှာ လာတဲ့သူတွေ ပိုပြီးများပါတယ်။ ကလေးတွေရော မိဘတွေပါ ဒီနေ့ပိုပြီးတော့ လာကြတယ်။ ပထမနေ့တုန်းက ပွဲတော်ကိုလာကြတဲ့ သူတွေရဲ့ တစ်ဆင့်စကား တစ်ဆင့်လက်ဆင့်ကမ်းတာကြောင့် သူတို့ကလေးတွေကို ဒီလိုပွဲတော်မှာ ပါဝင်ဆင်နွှဲနိုင်အောင် ဒီနေ့ လာကြတယ်။ ပြခန်းတွေ လာပြကြတယ်။ ဂိမ်းကစားတာတွေ ကြည့်ခိုင်းတယ်။ စာအုပ်တွေ၊ အိမ်ဆောက်နဲ့အရုပ်ဆက်ပစ္စည်းလေးတွေ ဝယ်ပေးတာကိုလည်း ဒီနေ့ပိုပြီးတော့ တွေ့ရပါတယ်"ဟု ပွဲတော်လာဆရာမတစ်ဦးက ဆိုသည်။

ပွဲတော်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ခရိုင်နှင့် မြို့နယ် ဗီဒီယိုအခြေခံအဖွဲ့များ၊ မာမားခေါက်ဆွဲ၊ Pep နို့မှုန့်နှင့် အလှူရှင်အသီးသီးတို့ကလည်း ခေါက်ဆွဲပြုတ်၊ ကြာဆံကြော်နှင့် နို့များ တိုက်ကျွေးခြင်း၊ မုန့်များ၊



ရေသန့်ဘူးများကို စတုဒိသာအဖြစ် လှူဒါန်းခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဖျော်ဖြေရေးခန်းမတွင်လည်း အားပေးကြည့်ရှုသူ အထူးများပြားခဲ့ပြီး ဆေးရောင်ခြယ်၊ အရုပ်ဆက်၊ စကားပုံဆက်၊ အိမ်ဆောက်ကစားနည်းများ၊ Team Building ကစားနည်းများတွင်လည်း ပါဝင်ဆော့ကစားသည့် ကလေးငယ်များ ယနေ့ပိုမိုများပြားကြောင်း၊ စာပေဟောပြောပွဲတွင်လည်း သတင်းစာဆရာ ဦးအုန်းဖေက "မအူပင်သား ဒေါက်တာဘမော်" ခေါင်းစဉ်ဖြင့် ဟောပြောခဲ့ရာ နားထောင်သူများ နှစ်သက်သဘောကျကြောင်း၊ ပြခန်းအသီးသီးတွင်လည်း လူများစည်ကားခဲ့ကြောင်း၊ စာအုပ်အရောင်းဆိုင်များတွင်လည်း စာအုပ်များ ရောင်းအားကောင်းခဲ့ကာ ပုံပြင်၊ ရုပ်ပြစာအုပ်နှင့် အရုပ်ဆက်အိမ်ဆောက်ကစားနည်းပစ္စည်းများ အထူးရောင်းချခဲ့ကြရကြောင်း သိရသည်။

**နေဝင်းမြင့်(ပြန်/ဆက်)**


**○ ကျောဖုံးမှ**

ဗူးဘုရား၊ စူဠာမဏိ၊ သဗ္ဗညု၊ ဓမ္မရံကြီးဘုရားများလောက်သာ လူစည်ကားရာမှ ယခုအခါ နာမည်မကြီးသည့် စေတီပုထိုးများ၊ ကဗွည်းရေးထိုးမထားသည့် အုတ်ပုံများ၊ ချုံနွယ်ကြားမှဘုရားများပါ စိတ်ဝင်စားလာကြသည်မှာ ပုဂံရှေးဟောင်းယဉ်ကျေးမှုဇုန်ကို တန်ဖိုးထားလာသည်ဟု မြင်မိကြောင်း ရန်ကုန်မြို့မှ နှစ်သစ်ကူးရုံးပိတ်ရက်ဘုရားဖူးလာရောက်သည့် မနွယ်နွယ်က ပြောပြသည်။

ပုဂံတွင် နေဝင်ဆည်းဆာ ကြည့်ရှုရန်အတွက် မြေသားကုန်းမြင့်များ ပြုလုပ်ပေးထားပြီး စူဠာမဏိဘုရားမြောက်ဘက်တွင် ညွှန်လက်တစ်ဖက်ကုန်းမြင့်၊ စူဠာမဏိဘုရားတောင်ဘက် ရေကန်ထိပ်တွင် ကိုမောက်ကြီးကုန်းမြင့်နှင့် မင်းနန်သူကျေးရွာ ရေကန်ထိပ်တွင် နေဝင်ဆည်းဆာကြည့်ရန်ကုန်းမြင့်(၃) များ ပြုလုပ်ပေးထားကြောင်း သိရပြီး နှစ်သစ်ကူးရုံးပိတ်ရက်တွင် ထိုကုန်းမြင့်များမှ နေဝင်ဆည်းဆာကြည့်ရှုသူများဖြင့် အထူးစည်ကားနေကြောင်း ဘုရားဖူးဧည့်သည်များက ပြောပြသည်။

**ကိုထိန်(ငါ့သရောက်)**

# နှစ်သစ်ကူးရုံးပိတ်ရက် နိုင်ငံတစ်ဝန်း အထင်ကရနေရာများ၌ ခရီးသွားအပန်းဖြေကြသူများ၏ ပုံရိပ်များ



ကသာခရိုင် ဗန်းမောက်မြို့နယ်အတွင်းရှိ ဇလုံတောင်သို့ ဘုရားဖူးလာသူများဖြင့် စည်ကားနေသည်ကို ဒီဇင်ဘာ ၃၁ ရက်က တွေ့ရစဉ်။ ဓာတ်ပုံ- ငွေးအောင်



မကွေးမြသလွန်ဘုရား၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။ ဓာတ်ပုံ- ဇော်ဇော်(မြို့သစ်)



နှစ်သစ်ကူးရုံးပိတ်ရက်တွင် စက်စဲကမ်းခြေသို့ လာရောက်အပန်းဖြေကြသူများကို တွေ့ရစဉ်။ ဓာတ်ပုံ- ကျော်ဝင်း(သံဖြူဇရပ်)



နှစ်သစ်ကူးရုံးပိတ်ရက်တွင် မြစ်ကြီးနားမြို့ရှိ မြစ်ဆုံသို့ လာရောက်သူများဖြင့် စည်ကားနေသည်ကို ဒီဇင်ဘာ ၃၁ ရက်က တွေ့ရစဉ်။ ဓာတ်ပုံ- ငွေးအောင်



ရွှေဘိုခရိုင် ဝက်လက်မြို့နယ် ဘေးမဲ့တောကြီးနှင့် ယဉ်ကျေးမှုအမွေအနှစ်များတည်ရှိရာ ရှိမ်းမကားဒေသသို့ လာရောက်လေ့လာကြသူများကို တွေ့ရစဉ်။ ဓာတ်ပုံ- မင်းထက်အောင်(မန်းကိုယ်ပွား)



ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ် ပန်ပက်ကျေးရွာသို့ လာရောက်ကြသူများကို တွေ့ရစဉ်။ ဓာတ်ပုံ- ရီရယ်(ဒီးမော့ဆို)



ရန်ကုန်တိရစ္ဆာန်ဉယျာဉ်၌ လာရောက်လေ့လာကြသူများဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။ ဓာတ်ပုံ- စိုးမြင့်အောင်

# သူပြောလာသည့် လွတ်လပ်ရေးဖခင်ကြီးအကြောင်းနှင့် ပထမဦးဆုံးလွတ်လပ်ရေးနေ့

**သတင်းစာဆရာကြီး ဟံသာဝတီ ဦးအုန်းကြိုင်အား တွေ့ဆုံ၍ လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း အကြောင်းနှင့် ပထမဦးဆုံး လွတ်လပ်ရေးနေ့အခမ်းအနား မြင်ကွင်းတို့နှင့်ပတ်သက်၍ မေးမြန်းထားသည်များကို ထုတ်နုတ်တင်ပြလိုက်ပါသည်။**

တွေ့ဆုံမေးမြန်း - ရဲခေါင်ညွန့်၊ နန္ဒာဝင်း၊ ဓာတ်ပုံ - ဖိုးထောင်



**မေး။ ။အခုက ဗိုလ်ချုပ်အောင်ဆန်းကို သိမီခဲ့သူ သတင်းစာဆရာကြီးတစ်ဦးဖြစ်တာကြောင့် ဗိုလ်ချုပ်ရဲ့ စွမ်းဆောင်ရည်နဲ့ စိတ်ဓာတ်ကို ဘယ်လိုမြင်တွေ့ခဲ့ရတယ်ဆိုတာ ပြောပြပေးစေလိုပါတယ်။**

**ဖြေ။** ။မြန်မာနိုင်ငံရဲ့လွတ်လပ်ရေးဟာ ဗိုလ်ချုပ်အောင်ဆန်းပေါ်လာလို့သာ ရလာတာ။ သူသာမရှိရင် လွတ်လပ်ရေးက ဒီနေ့အထိ ဖြစ်လာမှာ မဟုတ်ဘူး။ ကျွန်အဖြစ်ရှိနေမှာပဲ။ ဗိုလ်ချုပ်ဟာ နိုင်ငံအတွက် မွေးဖွားပေးတဲ့ လူတစ်ယောက်လို့ပြောရင် မှန်တယ်။ ကိုယ်ကျိုးလုံးဝမရှိတဲ့ ပုဂ္ဂိုလ်၊ ထမင်းစားတာ၊ ရေသောက်တာကအစ ကိုယ်ကျိုးအတွက် အခွင့်ထူးခံမရှိဘူး။ သူလိုချင်နေတာ သူ့အတွက် မဟုတ်ဘူး။ တိုင်းပြည်အတွက် ဖြစ်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့က ဗိုလ်ချုပ်နဲ့ နိစ္စဓူဝအထိအတွေ့များတယ်။ ဗိုလ်ချုပ်ကို အနားကပ်ပြီးတော့ လေ့လာခဲ့ရတယ်။ သူ့စရိုက်၊ သူ့စိတ်ထား၊ သူ့ဓလေ့ကို ကျွန်တော်တို့ ပိုသိတယ်။ အဲဒီအချိန်မှာ ကျွန်တော့်အသက်က ၂၀ လောက်ပဲရှိသလို ဗိုလ်ချုပ်ကို ပြန်ကြည့်တော့လည်း ၂၇ နှစ်လောက်ပဲ ရှိသေးတယ်။ ကျွန်တော်နဲ့ ခုနစ်နှစ်၊ ရှစ်နှစ်လောက်ပဲ ကွာတယ်။



ဟံသာဝတီ ဦးအုန်းကြိုင်

ဒါပေမယ့် ဗိုလ်ချုပ်က စကားပြောတဲ့နေရာမှာ ပြတ်သားကြမ်းတမ်းသလောက် ဆက်ဆံတဲ့နေရာမှာ အင်မတန် ယဉ်ကျေးတယ်၊ နူးညံ့တယ်။ တွေးခေါ်တဲ့နေရာမှာတော့ အင်မတန်ပြတ်သားတယ်။ ဘာကြောင့် ဒီလိုပြောရသလဲဆိုတော့ ကျွန်တော်တို့က သူ့ထက်ငယ်ပေမယ့် ခင်ဗျား၊ ကျွန်တော်ပဲ ပြောတယ်။ ဒါကြောင့် ပိုပြီးချစ်ရတယ်၊ လေးစားရတယ်။

## လွတ်လပ်ရေးအတွက် အထောက်အပံ့

နောက်ဗိုလ်ချုပ်မှာက လျှို့ဝှက်ထားတာ မရှိဘူး။ သွားတယ်၊ လာတယ်၊ ခရီးထွက်တယ်။ အကုန်ပြောပြတယ်။ သတင်းရေးလို့ရအောင်လည်း ပြောပြတယ်။ အဲဒီတော့ ကျွန်တော်တို့ရေးတဲ့ သတင်းတွေကလည်း သူ့အတွက်ဆိုတာထက် တိုင်းပြည်လွတ်လပ်ရေးအတွက် အထောက်အပံ့တွေဖြစ်ခဲ့တယ်။

သမိုင်းမှာ အန်မတန်ထင်ရှားခဲ့တဲ့ အင်းစိန်ခရိုင် ထန်းတပင်မြို့နယ်က သေနတ်ပစ်မှုဆိုရင် နယ်ချဲ့လက်ပါးစေတွေရဲ့ အရက်စက်ဆုံးနဲ့ အရိုင်းစိုင်းဆုံး သေနတ်ပစ်မှုဖြစ်တယ်။ အဲဒီမှာ ပြည်သူ့ရဲဘော်တပ်ဖွဲ့ဝင် တောင်သူလယ်သမားတွေသေတယ်။ ဒဏ်ရာရကြတယ်။ အဲဒီ အသုဘဈာပနအခမ်းအနားကို ဗိုလ်ချုပ်ကိုယ်တိုင် ထန်းတပင်မြို့နယ်ကိုသွားပြီး သဂြိုဟ်တယ်။ အဲဒီအခမ်းအနားဟာ လူထုပရိသတ် အစည်ကားဆုံးဖြစ်ခဲ့တယ်။ ရန်ကုန်၊ ကြည့်မြင်တိုင်၊ ပုဇွန်တောင်၊ ကမာရွတ်၊ အင်းစိန် စတဲ့နေရာတွေကလာတဲ့လူအုပ်က မှော်ဘီကနေ ရွှေလီကြီးဘက်ကို ဆင်းတယ်။ မှော်ဘီကနေ ရွှေလီကြီး လေးမိုင်ခွဲလောက်က လူအုပ်နဲ့ ပြည့်ကျပ်နေတယ်။ ဟိုဘက်မှာလည်း အိုင်ကလောင်ကျွန်း၊ ဘောလယ်ကျွန်းက တောင်သူလယ်သမားတွေ အပြည့်လာတယ်။ အဲဒီဈာပနအခမ်းအနားကို ၁၉၄၆ ခုနှစ် နှစ်ဆန်းပိုင်း မတ်လလောက်ဖြစ်မယ်ထင်တယ်။ ထန်းတပင်မြို့ဦးမှာရှိတဲ့ မြသိန်းတန်ဘုန်းကြီးကျောင်းမှာ လုပ်တယ်။

ဗိုလ်ချုပ်စကားပြောဖို့ စင်ထိုးထားတယ်။ ပရိသတ်က အပြည့်ပဲ။ အဲဒီမှာ ဗိုလ်ချုပ်သွားလာပုံကို ပြောပြမယ်။ ရဲတပ်ဖွဲ့က လေး၊ ငါး၊ ခြောက်ယောက်သာ စီးလို့ရတဲ့ ယူဘီယူဘုတ်နဲ့ ဗိုလ်ချုပ်ကို ကူးပေးတယ်။ လှေတွေ၊ သမ္ဗန်တွေ ဖျောက်ထားတယ်။ ဗိုလ်ချုပ် ဟိုဘက်ကမ်းကူးတဲ့အချိန် ကျွန်တော်ရယ်၊ သံတော်ဆင့်သတင်းစာ သတင်းထောက် ကိုအေးမြင့်ရယ် ဟိုဘက်ကမ်းကူးတယ်။ ကိုအေးမြင့်ဆိုတာ နောက်ပိုင်းမှာတော့ ပြည်ထောင်စုကျော်နိုင်ဆိုပြီး ရုပ်ရှင်လောကမှာ ထင်ရှားခဲ့တဲ့သူပါ။ ဗိုလ်ချုပ်က သူ့မော်တော်ဘုတ်မှာ ကျွန်တော်တို့ကို တင်ခေါ်သွားလို့ ရောက်တာပါ။ အဲဒီမှာ ဗိုလ်ချုပ်က မိန့်ခွန်းပြောတယ်။ ဒါဟာ သမိုင်းဝင် မိန့်ခွန်းပါ။ သို့သော် ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိနဲ့ပတ်သက်ပြီးရေးကြတဲ့ ပုဂ္ဂိုလ်အများစုဟာ ဒီအကြောင်းအရာကို ရေးကြတာ ကျွန်တော်မတွေ့ရဘူး။ ဒါဟာ အခန်းကဏ္ဍတစ်ခုအနေနဲ့ ပါဝင်လို့ ကျွန်တော်ပြောပြခြင်းဖြစ်ပါတယ်။

အဲဒီမှာ လူထုပရိသတ်အများကြီးထဲမှာ ဗိုလ်ချုပ်က ဘာပြောသလဲဆိုရင် "ကျုပ်တို့လွတ်လပ်ရေးကို တောင်းယူလို့ရမှာ မဟုတ်ဘူး၊ တိုက်ယူမှရမယ်။ ဒီလိုတိုက်လို့ရအောင် လိုအပ်တဲ့လက်နက် အသင့်ပြင်ထားကြ"လို့ ပြောတယ်။ အဲဒီတော့ ကျွန်တော်နဲ့ ကိုအေးမြင့်က သတင်းယူပြီး ကျန်တဲ့သတင်းစာတွေထဲလည်း ဖြန့်ပေးတာပေါ့။ အဲဒီတုန်းက ရန်ကုန်မှာ သတင်းစာတိုက်များသေးတယ်။ အဲဒါကို သတင်းစာတွေထဲမှာ ရေးထည့်လိုက်တဲ့အခါ နောက်နှစ်ရက်ကြာတော့ ဘုရင်ခံက ဗိုလ်ချုပ်ကို ဖိတ်တယ်။ ဖိတ်ခေါ်ပြီးတော့ ဘုရင်ခံရဲ့ အစိုးရအဖွဲ့ထဲမှာ ဗိုလ်ချုပ်ကို ဒုတိယသဘာပတိအဖြစ်ပေးတယ်။ ဘုရင်ခံကတော့ သဘာပတိပေါ့။ ဗိုလ်ချုပ်က အဲဒါကိုလက်ခံပြီး ဗိုလ်ချုပ်အစိုးရအဖွဲ့ထဲ ပါလာတယ်။

> ဗိုလ်ချုပ်ဟာ နိုင်ငံအတွက် မွေးဖွားပေးတဲ့ လူတစ်ယောက်လို့ပြောရင် မှန်တယ်။ ကိုယ်ကျိုး လုံးဝမရှိတဲ့ ပုဂ္ဂိုလ်၊ ထမင်းစားတာ၊ ရေသောက်တာကအစ ကိုယ်ကျိုးအတွက် အခွင့်ထူးခံမရှိဘူး။ သူလိုချင်နေတာ သူ့အတွက် မဟုတ်ဘူး။ တိုင်းပြည်အတွက် ဖြစ်တယ်။



## အနာဂတ်အရေး ဆွေးနွေး

၁၉၄၇ ခု နှစ်ဆန်းပိုင်းမှာ အင်္ဂလန်ကနေ ဗိုလ်ချုပ်ဆီ ဖိတ်စာရောက်တယ်။ ဗမာပြည်ရဲ့ အနာဂတ်အရေး ဆွေးနွေးဖို့အတွက်ပေါ့။ ၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၉ ရက်နေ့ပေါ့။ အဲဒီမှာ ဗိုလ်ချုပ် အင်္ဂလန်သွားတယ်။ အင်္ဂလန်ကို လွတ်လပ်ရေးအတွက် သွားဆွေးနွေးတဲ့အခါ ဗိုလ်ချုပ်မှာ ဘာမှမပါဘူး။ ဝတ်စရာ အင်္ကျီတောင်မရှိဘူး။ အိန္ဒိယဝန်ကြီးချုပ်ဖြစ်လာမယ့် နေရူးက ချုပ်ပေးလို့သာ ဝတ်စရာ ကုတ်အင်္ကျီရလာတာ။ အဲဒီတုန်းက နန်းရင်းဝန် အက်တလီဦးစီးတဲ့အစိုးရနဲ့ ဗိုလ်ချုပ်အောင်ဆန်းဦးစီးတဲ့ ဗမာပြည်ခေါင်းဆောင်တွေ ဆွေးနွေးကြတယ်။ အဲဒီလ ၂၇ ရက်နေ့မှာ အောင်ဆန်း - အက်တလီစာချုပ်ကို ချုပ်ဆိုခဲ့တယ်။ ဒါဟာ ဗမာပြည်လွတ်လပ်ရေးရဖို့အတွက် ပထမဆုံးစာချုပ်ဖြစ်တယ်။ အဲဒီစာချုပ်အရ ဗိုလ်ချုပ်ကြိုးစားခဲ့တဲ့ လွတ်လပ်ရေးရတယ်။

ဗိုလ်ချုပ်ဟာ လွတ်လပ်ရေးအတွက် အသေးစိတ်အကွက်စေ့စေ့ ဆောင်ရွက်သွားတာတွေ့တယ်။ တိုင်းပြည်လွတ်လပ်ဖို့အတွက် အဓိကလိုအပ်တဲ့ အခြေခံဥပဒေရေးဆွဲဖို့အတွက် တိုင်းပြုပြည်ပြုလွှတ်တော်ကို ဗိုလ်ချုပ်ကျင်းပတယ်။ ရွေးကောက်ပွဲတွေ လုပ်တယ်။ အဲဒီမှာ ဖဆပလ အနိုင်ရတယ်။

ဖဆပလရွေးကောက်ပွဲနဲ့ပတ်သက်လို့ ကျွန်တော်ပြောရဦးမယ်။ အဲဒီတုန်းက ဗိုလ်ချုပ်က မဲပုံးမှာ သူ့ဓာတ်ပုံကပ်ခိုင်းတယ်။ အနီရောင်စက္ကူပေါ်မှာ အဖြူရောင်ကြယ်တစ်ပွင့်နဲ့ ဗိုလ်ချုပ်ပုံပါတယ်။ အဲဒီပုံနဲ့ မဲဆန္ဒနေရာတိုင်းမှာ ယှဉ်ပြိုင်ခိုင်းတယ်။ ဗိုလ်ချုပ်က ဘာပြောသလဲဆိုတော့ ခင်ဗျားတို့ အချောင်သမား စားဖားတွေ မဲမပေးနဲ့၊ ကျုပ်ကိုယ်စားလှယ်တွေကို မဲပေးရင် မြန်မြန်လွတ်လပ်ရေးရလိမ့်မယ်။ ကျုပ်ဓာတ်ပုံနဲ့ ပုံးပါရင် ကျုပ်တို့ မဲပုံး၊ ခင်ဗျားတို့ မဲပေးပါဆိုပြီး မဲဆန္ဒတောင်းတယ်။ အဲဒီရွေးကောက်ပွဲမှာ ဗိုလ်ချုပ်ဦးစီးတဲ့ ဖဆပလ က အများဆုံးအနိုင်ရတယ်။ ဒုတိယက ကွန်မြူနစ်ပါတီ၊ တစ်သီးပုဂ္ဂလက သုံး၊ လေးယောက်လောက်ပဲ။ အဲဒီကနေ တိုင်းပြုပြည်ပြုလွှတ်တော်အစည်းအဝေးတွေ ကျင်းပတယ်။ အဲဒီကနေ အခြေခံဥပဒေကို ရေးဆွဲတယ်။

စာမျက်နှာ ၁၁ သို့ ❂

❂ စာမျက်နှာ ၁၀ မှ

### လွတ်လပ်ရေးရဲ့ ဖခင်ကြီး

ဖဆပလ ပထမပြင်ဆင်မှုညီလာခံ ဂျူဗလီဟောမှာ လုပ်ပြီးတော့ ၁၁၁ ဦးပါဝင်တဲ့ အခြေခံဥပဒေရေးဆွဲရေးကော်မတီဖွဲ့တယ်။ အဲဒီကော်မတီကနေ အခြေခံဥပဒေရေးဆွဲတယ်။ အဲဒီဥပဒေကနေ ဗမာပြည်လွတ်လပ်ရေးရပါတယ်။ ဗိုလ်ချုပ်က လွတ်လပ်ရေးအတွက် အစ၊ အဆုံး အရပ်စကားနဲ့ပြောရင် ခူးပြီး၊ ခပ်ပြီး၊ ချက်ပြုတ်ပြီး အဆင်သင့်ကျွေးခဲ့တဲ့ ပုဂ္ဂိုလ်ပါ။ ကျုပ်တို့က ဗိုလ်ချုပ်စီစဉ်ခဲ့တာကို ပါးစပ်လေးဟပြီး အဆင်သင့်စားတဲ့ လူတွေပါ။ ဒါကြောင့် ဗိုလ်ချုပ်ကို လွတ်လပ်ရေးရဲ့ ဖခင်ကြီးဆိုပြီး သမိုင်းမှာ ချီးကျူးခဲ့တာဖြစ်ပါတယ်။ ဗိုလ်ချုပ်ဟာ National Leader (အမျိုးသားခေါင်းဆောင်) ဖြစ်တယ်။ ဗိုလ်ချုပ်ရဲ့လုပ်ဆောင်ခဲ့တဲ့ လုပ်ဆောင်ချက်တွေဟာ ဒီကနေ့အထိပြောရရင် မကုန်နိုင်ပါဘူး။

ဗိုလ်ချုပ်လမ်းစဉ်အရသာ သွားမယ်ဆိုရင် ကျွန်တော်တို့တိုင်းပြည် စည်းစည်းလုံးလုံးညီညီညွတ်ညွတ်နဲ့ အတော်တိုးတက်နေပါပြီ။ လွတ်လပ်ရေးရခါစအခြေအနေကို ပြန်ကြည့်ရင် ကျွန်တော်တို့တိုင်းပြည်ဟာ ထိုင်းနိုင်ငံထက်လည်း သာတယ်။ စင်ကာပူထက်လည်း သာတယ်။ အရှေ့တောင်အာရှမှာ ဦးဆောင်နိုင်ငံဖြစ်ခဲ့တယ်။ နောက်ပိုင်း ဖဆပလ ကွဲပြီးတော့ တပ်မတော်အစိုးရတက်လာပြီး နောက်ပိုင်း ကျဆုံးခဲ့တာ ဒီကနေ့အထိ အဖတ်ဆယ်လို့ မရသေးပါဘူး။

ကျွန်တော်တို့တိုင်းပြည်ကို ဒီမိုကရေစီစနစ်နဲ့



> **ဗိုလ်ချုပ်လမ်းစဉ်အရသာ သွားမယ်ဆိုရင် ကျွန်တော်တို့တိုင်းပြည် စည်းစည်းလုံးလုံးညီညီညွတ်ညွတ်နဲ့ အတော်တိုးတက်နေပါပြီ။ လွတ်လပ်ရေးရခါစ အခြေအနေကို ပြန်ကြည့်ရင် ကျွန်တော်တို့တိုင်းပြည်ဟာ ထိုင်းနိုင်ငံထက်လည်း သာတယ်။ စင်ကာပူထက်လည်း သာတယ်။ အရှေ့တောင်အာရှမှာ ဦးဆောင်နိုင်ငံ ဖြစ်ခဲ့တယ်။**

အကောင်အထည်ဖော်ခဲ့တယ်။ ဗိုလ်ချုပ်လိုချင်တာလည်း ဒီမိုကရေစီပဲ။ တိုင်းပြည်ကလည်း ဒီမိုကရေစီပဲ။ ဒါကြောင့် ဒီမိုကရေစီစနစ်ကို ပီပီပြင်ပြင်သွားနေတဲ့ နိုင်ငံရဲ့အဟုန်မှာ ဒီကနေ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အစိုးရတက်လာတယ်။ သူလည်းပဲ ဒီမိုကရေစီလမ်းကြောင်းအတိုင်း သွားနေတယ်။ သူတာဝန်ယူရတဲ့အပိုင်းတွေသည် ငြိမ်းချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး တည်ဆောက်ဖို့၊ အမျိုးသားပြန်လည်သင့်မြတ်ရေး တည်ဆောက်ဖို့ အဲဒီအချက်တွေကို သူတို့ဦးတည်ပြီးလုပ်နေတာ ဖြစ်ပါတယ်။

### လွတ်လပ်ရေးအရသာ

ဒါတွေရမှလည်း တိုင်းပြည်ကြီး ဖွံ့ဖြိုးတိုးတက်မှာ ဖြစ်ပါတယ်။ တိုင်းပြည်ရဲ့ လွတ်လပ်ရေးအရသာကို အပြည့်အဝခံစားနိုင်ဖို့ရာ သေနတ်သံတစ်ချက်မကြားရ၊ ဓားပြတိုက်မခံရ၊ ခါးပိုက်နှိုက်မခံရတဲ့ လုံခြုံရေးအပြည့်အဝရှိတဲ့၊ ဥပဒေစိုးမိုးတဲ့ နိုင်ငံဖြစ်ဖို့ရာအတွက် ဒီကနေ့ အစိုးရကြိုးပမ်းနေတယ်လို့ ကျွန်တော်မြင်တယ်။ ရောက်တယ်၊ မရောက်ဘူးဆိုတာက ခင်ဗျားတို့၊ ကျွန်တော်တို့ လုပ်ဆောင်မှုအပေါ်မှာပဲ မူတည်တယ်။ ကျွန်တော်တို့ တစ်တွေ စိတ်ဝမ်းကွဲပြီး တစ်ယောက်တစ်မျိုး လုပ်နေကြရင် ဒီတိုင်းပြည် ဘယ်တော့မှလည်း ထူထောင်နိုင်မှာ မဟုတ်ဘူး။ ဘယ်တော့မှလည်း ဖွံ့ဖြိုးတိုးတက်လာမှာ မဟုတ်ဘူး။

၁၈၈၅ ခုနှစ်ကနေ ၁၉၄၈ ခုနှစ်အထိ နှစ်ပေါင်း ၆၃ နှစ်တိတိ ကြာခဲ့တဲ့ အချိန်ကာလမှ လွတ်လပ်ရေးရတယ်။ အဲဒီ ၁၈၈၅ ခုနှစ် ဟိုဘက်ကို ပြန်ကြည့်မယ်ဆိုရင် တိုင်းပြည်ဟာ စည်းစည်းလုံးလုံးမရှိ၊ ဖရိုဖရဲနဲ့ ပျက်ပြားပြီး သူတစ်လူ ငါတစ်မင်း ကျွန်ဇာတ်ခင်းနေတဲ့ ကာလ ဖြစ်တယ်။ သီပေါမင်းပါတော်မူပြီးတဲ့အချိန်ကစပြီး ဒီဘက် တောက်လျှောက် တိုင်းရင်းသားမျိုးချစ်ပုဂ္ဂိုလ်တွေ လူမျိုးဘယ်လိုကွဲကွဲ ရှမ်း၊ ကရင်၊ ကချင် စတဲ့ အုပ်စုလိုက် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ရှိတဲ့ ပုဂ္ဂိုလ်တွေ ရရာလက်နက်စွဲပြီး နယ်ချဲ့အင်္ဂလိပ်အစိုးရကို တော်လှန်ခဲ့ကြတယ်။ အဲဒီမှာလည်း တိုင်းရင်းသားတွေရဲ့ အသက်သွေးချွေးပေါင်းများစွာ ပေးဆပ်ခဲ့ရပါတယ်။ နောက်ဆုံး ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့မှာ ဗိုလ်ချုပ်နဲ့တကွ လွတ်လပ်ရေးကို ကြိုးပမ်းနေကြတဲ့ အမျိုးသားခေါင်းဆောင်ကြီးတွေ အသက်စွန့်လွှတ်ပေးဆပ်ခဲ့ရပါတယ်။ အဲဒီနောက်ပိုင်းမှာမှ လွတ်လပ်ရေးရတာပါ။

နှစ်ပေါင်း ၁၂၀ ကျော် ကာလတစ်လျှောက် ကျွန်တော်တို့ ကျွန်သပေါက် ဖြစ်ခဲ့ရပါတယ်။ ဘယ်လောက်အထိ ဆိုးရွားခဲ့သလဲဆိုရင် ကျွန်တော်တို့ကို အင်္ဂလိပ်မျက်နှာဖြူတွေက ဆက်ဆံတာက မောင်မင်းနောက်မှာ (င) ထပ်ထည့်ပြီး ငအုန်းကြိုင် အဲဒီလို ခေါ်ပါတယ်။ အင်္ဂလိပ်အရှင်သခင်တွေကို ဘုရားလို့ ထူးရပါတယ်။ အင်္ဂလိပ်အရှင်သခင်တွေရဲ့ရုံးကိုသွားရင် ဖိနပ်ချွတ်ရပါတယ်။ ဒီလောက်အထိ ကျွန်တော်တို့ သပေါက်ဘဝကို ကျရောက်ခဲ့ရတာ။ ဒီလိုအဖြစ်ဆိုးတွေကို ရဲရဲဝံ့ဝံ့နဲ့ စွန့်စွန့်စားစားတိုက်ဖို့ ဗိုလ်ချုပ်ပေါ်လာခြင်းပဲ ဖြစ်ပါတယ်။ ဗိုလ်ချုပ်လို လူမျိုးဟာ ကိုယ်ကျိုးမဖက်၊ နိုင်ငံ့အတွက် သက်သက်လုပ်သွားတဲ့ ပုဂ္ဂိုလ်ဖြစ်ပါတယ်။

**(ဆက်လက်ဖော်ပြပါမည်)**

## နှစ်သစ်ကူးကာလတွင် ကျိုက်ပေါလော မှဲ့ရှင်တော်ဘုရားအား လာရောက်ဖူးမြော်သူ များပြား

**ကျိုက်ထို ဒီဇင်ဘာ ၃၁**

မွန်ပြည်နယ် ကျိုက်ထိုမြို့၌ ထင်ရှားကျော်ကြားသည့် ကျိုက်ပေါလော မှဲ့ရှင်တော် ဘုရားအား ရုံးပိတ်ရက်ဖြစ်သည့် ဒီဇင်ဘာ ၃၁ ရက် နှစ်သစ်ကူးနေ့တွင် အနယ်နယ်အရပ်ရပ်မှ ပြည်သူများ လာရောက်ဖူးမြော်ကြ၍ အထူးစည်ကားလျက်ရှိသည်။

အဆိုပါ ကျိုက်ပေါလော မှဲ့ရှင်တော်ဘုရားနှင့်အတူ သံသရာအေး မဟာဗောဓိစေတီတော်မြတ်နှင့် မဟာမုနိ သွန်းဘုရားကြီးအား လာရောက်ကြည်ညို ဖူးမြော်ခဲ့ကြသည်။ ယင်းသို့ လာရောက်ကြည်ညိုဖူးမြော်သည့် ဘုရားဖူးများမှာ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်အား သွားရောက်ဖူးမြော်ပြီး အပြန်တွင် လာရောက်ဖူးမြော်ကြကြောင်း သိရသည်။

ဘုရားဖူးများပြားသောကြောင့် မြို့နယ်ရဲတပ်ဖွဲ့နှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ လုံခြုံရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ဆောင်ရွက်ပေးလျက်ရှိရာ ရန်ကုန်-မော်လမြိုင်ကားလမ်းတစ်လျှောက် ယာဉ်များအန္တရာယ်ကင်းရှင်းစွာ သွားလာလျက်ရှိသည်။

**ဝင်းမောင်(ကျိုက်ထို)**





# ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က ၂၀၁၉ ခုနှစ် နှစ်သစ်သဝဏ်လွှာပေးပို့

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က ကမ္ဘာသူကမ္ဘာသား အပေါင်းတို့အား ၂၀၁၉ ခုနှစ်အတွက် နှစ်သစ်သဝဏ်လွှာ ပေးပို့လိုက်ကြောင်း သိရသည်။

အဆိုပါ သဝဏ်လွှာတွင် နှစ်သစ်မှာ ပျော်ရွှင်အေးချမ်းပြီး စီးပွားဥစ္စာများ တိုးပွားပါစေဟု ဆုမွန်ကောင်း တောင်းလိုက်ပါကြောင်း၊ ပြီးခဲ့တဲ့နှစ်က မိမိအနေဖြင့် အနီရောင်အဆင့် အရေးတကြီး သတိပေးနှိုးဆော်ချက်ထုတ်ပြန်ခဲ့ပါကြောင်း၊ အဲဒီမှာ ဖော်ပြခဲ့တဲ့ အန္တရာယ်တွေဟာ ယခုလည်း ရှိနေဆဲဖြစ်ပါကြောင်း၊ ယနေ့ ကာလဟာ လူအတော်များများအတွက် စိုးရိမ်ပူပန်မှုတွေနဲ့ နေရတဲ့ကာလဖြစ်ပါကြောင်း၊ ကမ္ဘာကြီးဟာလည်း ဖိစီးမှုတွေနဲ့ ကြုံတွေ့နေရတဲ့ ကာလဖြစ်ပါကြောင်း ပါရှိသည်။

ထို့ပြင် ရာသီဥတုပြောင်းလဲခြင်းဟာ လူတွေလိုက်ဖြေရှင်းလို့ အလျဉ်မမီနိုင်ဘဲ လျင်မြန်စွာ ဖြစ်ပွားနေပါကြောင်း၊ ပထဝီနိုင်ငံရေးကွဲပြားမှုတွေ ပိုပြီးနက်ရှိုင်းလာတာနဲ့အမျှ ပဋိပက္ခတွေဟာလည်း ပိုပြီးဖြေရှင်းရ ခက်ခဲလာပါကြောင်း၊ အန္တရာယ်ကင်းရာကို လိုက်လံရှာဖွေနေရသူတွေ၊ ကာကွယ်စောင့်ရှောက်မှုရဖို့ ရှာဖွေနေရသူတွေ အရေအတွက် စံချိန်တင် များပြားနေပါကြောင်း၊ မညီမျှမှုတွေ ကြီးထွားနေပါကြောင်း၊ ကမ္ဘာ့လူဦးရေ တစ်ဝက်ရဲ့ ပိုင်ဆိုင်မှု အားလုံးနဲ့ ညီမျှတဲ့ စည်းစိမ်ဥစ္စာတွေကို လူလက်တစ်ဆုပ်စာက ရယူပိုင်ဆိုင်ထားတာ ဘယ်လို ကမ္ဘာကြီးလဲဆိုပြီး မေးခွန်းထုတ်လာကြပြီ ဖြစ်ပါကြောင်း။

သည်းမခံမှုတွေ တိုးပွားလာနေပြီး ယုံကြည်မှုကတော့ ယိုယွင်းကျဆင်းနေကြောင်း၊ ဒါပေမယ့် မျှော်လင့်ချက်ထားလို့ရမယ့် အကြောင်းတွေလည်း ရှိနေပါကြောင်း၊ ယီမင်နိုင်ငံနဲ့ ပတ်သက်ပြီး ဆွေးနွေးပွဲတွေကနေ ငြိမ်းချမ်းရေး အခွင့်အလမ်းတွေ ပေါ်ပေါက်လာနေပါကြောင်း၊ အီသီယိုးပီးယားနဲ့ အီရီထရီယာတို့ စက်တင်ဘာလက ရိယာ့ဒ်မှာ လက်မှတ်ရေးထိုးလိုက်တဲ့ သဘောတူညီချက်ကြောင့် ကာလကြာရှည်တင်းမာမှုတွေ လျော့နည်းကျဆင်းလာပြီး ဒေသတစ်ခုလုံးအတွက် အလားအလာကောင်းတွေ ပေါ်ပေါက်လာပါကြောင်း၊ တောင်ဆူဒန် ပဋိပက္ခမှာ ပါဝင်နေသူတွေအကြား သဘောတူညီချက်ရရှိပြီး ငြိမ်းချမ်းရေး အခွင့်အလမ်းများ တစ်ဖန်ပြန်လည်ရှင်သန်လာပြီဖြစ်ပါကြောင်း၊ လွန်ခဲ့တဲ့ လေးလအတွင်း ရရှိခဲ့တဲ့ တိုးတက်မှုက လွန်ခဲ့တဲ့ လေးနှစ်အတွင်း တိုးတက်မှုထက် ပိုလွန်ပါကြောင်း။

ကုလသမဂ္ဂဟာ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ပဲရစ်သဘောတူညီချက်ကို အကောင်အထည်ဖော်ဖို့ လုပ်ငန်းအစီအစဉ်ကို အတည်ပြုဖို့ ကာတိုဝစ်မှာ နိုင်ငံအများ တက်ရောက်ကြတဲ့ အစည်းအဝေးကို ကျင်းပပြုလုပ်နိုင်ခဲ့ပါကြောင်း၊ လူသားများ အသက်ရှင်ရပ်တည်နိုင်မှုအထိ ခြိမ်းခြောက်အန္တရာယ်ပြုနေတဲ့ ဒီအန္တရာယ်ကို တိုက်ဖျက်ဖို့ အခုထက်ပိုပြီး ရည်မှန်းချက်ကြီးကြီးထားရှိရမည် ဖြစ်ပါကြောင်း၊ နောက်ဆုံးရနေတဲ့ အကောင်းဆုံး အခွင့်အလမ်းကို လက်လွတ်မခံဘဲ အရယူလိုက်ဖို့ အချိန်ရောက်နေပြီဖြစ်ပါကြောင်း၊ အထိန်းအကွပ်မရှိ လျင်မြန်လာနေတဲ့ ရာသီဥတု ပြောင်းလဲခြင်းကို ရပ်တန့်သွားအောင်လုပ်ဖို့ အချိန်တန်နေပြီဖြစ်ပါကြောင်း၊ မကြာသေးခင် ရက်သတ္တပတ်များအတွင်းက ကုလသမဂ္ဂက ကြီးမှူးပြီး ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းနဲ့ ဒုက္ခသည်များဆိုင်ရာ ကမ္ဘာတစ်ဝန်း သဘောတူညီချက်များ ရေးထိုးနိုင်ခဲ့ပါကြောင်း၊ လူ့အသက်ပေါင်းများစွာကို ကယ်တင်ပြီး ထိခိုက်နစ်နာစေတဲ့ အယူအဆမှားတွေကိုလည်း ကျော်လွှားနိုင်ဖို့ အထောက်အကူပြုလိမ့်မည် ဖြစ်ပါကြောင်း။

ကမ္ဘာကြီးကျန်းမာရေးကောင်းပြီး ငြိမ်းချမ်းခြင်း၊ တရားမျှတခြင်းနဲ့ ကြွယ်ဝချမ်းသာခြင်းတို့ ထွန်းကားပြန့်ပွားစေမယ့် မိမိတို့ရဲ့ တစ်ကမ္ဘာလုံးဆိုင်ရာ အစီအစဉ်ဖြစ်တဲ့ ရေရှည်တည်တံ့နိုင်မယ့် ဖွံ့ဖြိုးရေးရည်မှန်းချက် (SDG) များနောက်မှာ ကမ္ဘာတစ်ဝန်း နေရာဒေသအားလုံးက ပြည်သူတွေ နိုးကြားလာနေကြပြီဖြစ်ပါကြောင်း၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်နိုင်ပြီဆိုရင် တစ်ကမ္ဘာလုံး အကျိုးခံစားရမည်ဖြစ်ပါကြောင်း၊ ၂၀၁၉ ခုနှစ်မှာ ကုလသမဂ္ဂဟာ ကွဲပြားခြားနားမှုတွေကို ပေါင်းကူးပေးပြီး ဖြေရှင်းချက်တွေ ရှာဖွေနိုင်ဖို့ လုပ်သာကိုင်သာ နေရာပေါ်ထွက်လာရေး လူအများ အတူပူးပေါင်းနိုင်အောင် ဆက်လက်ပြီး စုစည်းပေးသွားမှာဖြစ်ပါကြောင်း၊ ဖိအားပေးသင့်တာတွေကို ဆက်လက်ပြီး ဖိအားပေးသွားမှာ ဖြစ်ပါကြောင်း၊ မိမိတို့ဘက်ကတော့ ဘယ်တော့မှ လက်မလျှော့ပါကြောင်း၊ ခြိမ်းခြောက်မှုအန္တရာယ်တွေကို ရင်ဆိုင်ဖြေရှင်းရေး၊ လူသားဂုဏ်သိက္ခာကို ကာကွယ်စောင့်ရှောက်ရေး၊ ပိုမိုကောင်းမွန်တဲ့ အနာဂတ်တည်ဆောက်ရေး အဲဒါတွေကို အတူတကွ လုပ်ဆောင်ကြရေး နှစ်သစ်စတင်ချိန်မှာ သန္နိဋ္ဌာန်ချ ကတိပြုကြပါစို့။ အားလုံး မိသားစုများနဲ့တကွ နှစ်သစ်မှာ အေးငြိမ်းချမ်းသာ အနာရောဂါကင်းရှင်းကျန်းမာကြပါစေဟု ဖော်ပြထားသည်။





## ဝန်ကြီးချုပ် ရှိတ်ဟာဆီနာ၏ အဝါမီလိဂ်ပါတီ ဘင်္ဂလားဒေ့ရှ် ရွေးကောက်ပွဲ၌ အနိုင်ရ

**ဒါကာ ဒီဇင်ဘာ ၃၁**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ဒီဇင်ဘာ ၃၀ ရက်က ကျင်းပခဲ့သည့် အထွေထွေရွေးကောက်ပွဲတွင် ဝန်ကြီးချုပ် ရှိတ်ဟာဆီနာ၏ အဝါမီလိဂ်ပါတီက တောင်ပြိုကမ်းပြိုအနိုင်ရခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြသည်။ ယင်းသို့ အာဏာရ အဝါမီလိဂ်ပါတီက အနိုင်ရခဲ့ခြင်းကြောင့် ဝန်ကြီးချုပ် ရှိတ်ဟာဆီနာသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ဝန်ကြီးချုပ်ရာထူး၌ စတုတ္ထသက်တမ်းအဖြစ် ဆက်လက်တာဝန်ထမ်းဆောင် သွားစေနိုင်မည် ဖြစ်သည်။

လွှတ်တော်ကိုယ်စားလှယ်နေရာ ၃၀၀ ရှိသည့် ဘင်္ဂလားဒေ့ရှ်လွှတ်တော်အတွက် အဝါမီလိဂ်ပါတီမှ ကိုယ်စားလှယ် ၂၅၉ ဦးရွေးချယ်ခံရပြီး အဓိကအတိုက်အခံပါတီဖြစ်သည့် ဘင်္ဂလားဒေ့ရှ်အမျိုးသားရေးပါတီ (ဘီအင်န်ပီ)မှ ကိုယ်စားလှယ် ငါးဦးရွေးချယ်ခံရကြောင်း ဘင်္ဂလားဒေ့ရှ် ရွေးကောက်ပွဲကော်မရှင်က ဒီဇင်ဘာ ၃၁ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

အစိုးရ၏ဖွံ့ဖြိုးရေးစီမံကိန်းများကြောင့် ပြည်သူများက မိမိတို့အစိုးရအား ထောက်ခံကြလိမ့်မည်ဟု ယုံကြည်ကြောင်း ဝန်ကြီးချုပ် ရှိတ်ဟာဆီနာက ဒီဇင်ဘာ ၃၀ ရက်တွင် သတင်းထောက်များအား ပြောကြားခဲ့သည်။

ထိုစဉ်အတွင်းမှာပင် အတိုက်အခံမဟာမိတ်အဖွဲ့၏ ခေါင်းဆောင် ဘင်္ဂလားဒေ့ရှ်အမျိုးသားပါတီ(ဘီအင်န်ပီ)က ရွေးကောက်ပွဲအသစ် ကျင်းပပေးရန် ကြေညာချက်တစ်စောင်ထုတ်ပြန်ခဲ့ပြီး ယင်းရွေးကောက်ပွဲမှာ မှန်ကန်မှုမရှိကြောင်း အခိုင်အမာပြောဆိုခဲ့သည်။

အာဏာရပါတီက မိမိတို့၏အဖွဲ့ဝင်များအား နှိပ်ကွပ်မှုများပြုလုပ်ခဲ့ကြောင်း အတိုက်အခံများက စွပ်စွဲပြောကြားမှုများရှိခဲ့သည်။ ဘင်္ဂလားဒေ့ရှ်ရဲတပ်ဖွဲ့မှ ယခုနှစ် နိုဝင်ဘာလကတည်းကစ၍ အတိုက်အခံပါတီဝင် ၁၁၀၀၀ ကျော်အား ဖမ်းဆီးခဲ့သည် ဆိုသည်။

ဒီဇင်ဘာ ၃၀ ရက်က ကျင်းပသည့် အထွေထွေရွေးကောက်ပွဲအတွက် ဆန္ဒမဲပေးမှုများ ပြုလုပ်စဉ်အတွင်း ဘင်္ဂလားဒေ့ရှ်အစိုးရနှင့် အတိုက်အခံပါတီအား ထောက်ခံသူများအကြား တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ခြင်းကြောင့် လူ ၁၃ ဦးထက်မနည်း သေဆုံးပြီး ၂၀၀ ကျော်ထိခိုက်ဒဏ်ရာရခဲ့သည်ဟု ဘင်္ဂလားဒေ့ရှ်အစိုးရတာဝန်ရှိသူများက ပြောကြားသည်။

**အင်န်အိတ်ချ်ကေ**

## ရုရှားနိုင်ငံတွင် အထပ်မြင့်အဆောက်အအုံတစ်လုံး၌ ဓာတ်ငွေ့ပေါက်ကွဲ၊ လူလေးဦး သေဆုံးပြီး ဒါဇင်များစွာ ပျောက်ဆုံးနေ

**မော်စကို ဒီဇင်ဘာ ၃၁**

ရုရှားနိုင်ငံတွင် ဒီဇင်ဘာ ၃၁ ရက်က လူနေအဆောက်အအုံတစ်လုံး၌ ဓာတ်ငွေ့ပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားခဲ့ရာ လူလေးဦး သေဆုံးပြီး လူ ၇၀ ခန့် ပျောက်ဆုံးနေကြောင်း၊ ယင်းအဆောက်အအုံတွင် နေထိုင်ကြသည့် ထောင်နှင့်ချီသော လူများမှာ နှစ်သစ်ကူးအကြိုရက်၌ ရေခဲမှတ်အောက်ရှိသော အပူချိန်တွင် နေထိုင်စရာ အိမ်ရာမဲ့ခဲ့ကြကြောင်း အေအက်ဖ်ပီသတင်းတွင် ဖော်ပြသည်။

ရုရှားနိုင်ငံ မြို့တော် မော်စကို၏ အရှေ့ဘက် ကီလိုမီတာ ၁၇၀၀ ခန့် (၁၀၅၀ မိုင်ခန့်)အကွာရှိ ယူရယ်လ်တောင်တန်းဒေသမှ စက်မှုမြို့ မက်ဂနီတိုဂရော့စ်မြို့ရှိ အထပ်မြင့်လူနေအဆောက်အအုံတစ်လုံးတွင် ဒီဇင်ဘာ ၃၁ ရက် ဒေသစံတော်ချိန် နံနက် ၆ နာရီခန့်တွင် ယင်းဓာတ်ငွေ့ပေါက်ကွဲမှုဖြစ်ပွားခြင်းဖြစ်သည်။

ယင်းအဆောက်အအုံမှာ ယခင် ဆိုဗီယက် ယူနီယံခေတ် ၁၉၇၃ ခုနှစ်တွင် တည်ဆောက်ခဲ့သည့် အထပ် ၁၂ ထပ်ရှိ အဆောက်အအုံဖြစ်သည်။ ယင်းအဆောက်အအုံ၌ လူပေါင်း ၁၁၀၀ ခန့် နေထိုင်ကြသည်။ ယင်းအဆောက်အအုံတွင် နေထိုင်သူများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးထားသည်။

အဆိုပါဓာတ်ငွေ့ပေါက်ကွဲမှုကြောင့် လူလေးဦး သေဆုံးကြောင်း အတည်ပြုခဲ့ပြီး ကလေးနှစ်ဦး အပါအဝင် အခြားလူလေးဦးကို ဆေးရုံသို့ တင်ပို့ပေးခဲ့သည်။

အထပ်မြင့်အဆောက်အအုံ၏ ကြီးမားသော အစိတ်အပိုင်းမှာ ပေါက်ကွဲမှုကြောင့် ပြိုကျခဲ့ပြီး ယင်းပြိုကျသည့် အစိတ်အပိုင်း၌ လူ ၁၁၀ နေထိုင်ကြောင်း မှတ်ပုံတင်ထားသည်ဟု ဒေသဆိုင်ရာ တာဝန်ရှိသူများက ပြောကြားသည်။

ကလေးခုနစ်ဦး အပါအဝင် လူ ၁၆ ဦးကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ပြီး အခြားလူ ၁၅ ဦးမှာ ပေါက်ကွဲမှုဖြစ်ပွားသည့်အချိန်၌ နေအိမ်တွင်မရှိဟု တာဝန်ရှိသူများက ပြောကြားသည်။

လတ်တလောတွင် ပျောက်ဆုံးနေသူ ၇၀ နီးပါးရှိပြီး အဆောက်အအုံအပြိုအပျက်များအောက်တွင် ပိတ်မိနေသူ ၅၀ ခန့်ရှိကြောင်း အမျိုးသား ရုပ်မြင်သံကြားသတင်းတွင် ဖော်ပြသည်။ **အေအက်ဖ်ပီ**



# အနုပညာရှင်များ၏ နှစ်သစ်ဆုတောင်းစကား

**နှစ်ဟောင်းကုန်၍ နှစ်သစ်သို့ ပြောင်းခဲ့သည်။ ပြီးခဲ့သည့်အချိန်မှ အားနည်းချက်၊ လိုအပ်ချက်များကို သင်ခန်းစာယူကာ စိတ်သစ်လူသစ်အတွေးသစ်တို့ဖြင့် ရှေ့ဆက်ကြရတော့မည်ဖြစ်သည်။ အမုန်းများ၊ အာဃာတများကို ထားရစ်ကာ ချစ်ခြင်းတရားများနှင့် ရှေ့ဆက်ကြရန်အတွက် အနုပညာရှင်များကလည်း သတင်းစကားပါးထားသည်ကို မျှဝေလိုက်ရပါသည်။**


အကယ်ဒမီ နေတိုး


အကယ်ဒမီ အိန္ဒြာကျော်ဇင်


ဇာက်ခ်ီ


အကယ်ဒမီ ဝတ်မှုန်ရွှေရည်

**အကယ်ဒမီ နေတိုး**

အချိန်တိုင်းအချိန်တိုင်းက ဖြစ်ပြီးရင် ပျက်ကြရတယ်။ လောကကြီးက သင်ခန်းစာတွေ၊ သင်ယူစရာတွေနဲ့ အမြဲပြည့်နှက်နေပါတယ်။ အခုနှစ်သစ်ရဲ့ ပထမဆုံးနေ့ရက်မှာ လူသားတွေအားလုံး အေးချမ်းပါစေလို့ ကျွန်တော်မေတ္တာပို့ပါတယ်။ ကျွန်တော်တို့ အနုပညာသမားဆိုတာ ပရိသတ်နဲ့ကင်းကွာလို့မရသလို ပရိသတ်ကြီးအောင်မြင်ပြီး ပြည့်စုံမှသာ ကျွန်တော်တို့လည်း အောင်မြင်နိုင်ပါတယ်။ ဒါကြောင့် နှစ်သစ်မှ မဟုတ်ပါဘူး။ အမြဲတမ်း ကိုယ့်နိုင်ငံသူ နိုင်ငံသားတွေ၊ အားပေးတဲ့ ပရိသတ်တွေအားလုံးကို ဆုမွန်ကောင်းတောင်းပေးပါတယ်။ အထူးသဖြင့် မငြိမ်းချမ်းတဲ့ဒေသတွေမှာ မေတ္တာတရားတွေ၊ ကိုယ်ချင်းစာတရားတွေ ပိုမိုလွှမ်းမိုးပြီး အဓမ္မကို ဓမ္မကအနိုင်ယူ ကျော်ဖြတ်နိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းပေးလိုက်ပါတယ်။

**အကယ်ဒမီ အိန္ဒြာကျော်ဇင်**

ပရိသတ်ကြီးက ကျွန်မတို့အနုပညာရှင်တွေရဲ့ ထမင်းရှင်ဖြစ်သလို အင်အားတွေလည်း ဖြစ်ပါတယ်။ ဒါကြောင့် ကျေးဇူးရှင်ပရိသတ်ကြီး နှစ်သစ်မှာ ကိုယ်စိတ်နှစ်ဖြာကျန်းမာပါစေ။ နှစ်ဟောင်းမှာ တွေ့ကြုံဖြတ်သန်းရတဲ့အထဲက အကောင်းတွေကို နှစ်သစ်မှာ ပိုပြီး ကြုံတွေ့နိုင်ကြပါစေ။ အဆိုးတွေကိုလည်း နှစ်ဟောင်းမှာ ထားရစ်နိုင်ကြပါစေလို့ ဆုတောင်းလိုက်ပါတယ်။ ကျွန်မတို့ဘက်ကလည်း ပရိသတ်အတွက် တန်ဖိုးရှိတဲ့၊ အနှစ်သာရပြည့်ဝပြီး သင်ခန်းစာတွေ ပေးနိုင်တဲ့၊ ပြည်သူတွေရဲ့မောပန်းမှုတွေကို တဒင်္ဂဖြေဖျောက်နိုင်မယ့် အနုပညာတွေကို ကြိုးစားဖန်တီးပေးပါမယ်လို့ ကတိပေးပါတယ်။

**ဇာက်ခ်ီ**

နှစ်သစ်မင်္ဂလာအခါသမယမှာ အားလုံးစိတ်ရောကိုယ်ရော ကျန်းမာချမ်းသာပါစေလို့ မေတ္တာပို့ပါတယ်။ အားလုံးတစ်ဦးအပေါ်တစ်ဦး မေတ္တာ၊ ကရုဏာတွေနဲ့ ရှေ့ဆက်ပြီး လူတိုင်းကိုယ့်အတွက်၊ မိသားစုအတွက်၊ မြို့ရွာအတွက်၊ နိုင်ငံအတွက်၊ အားလုံးအတွက် တာဝန်ကျေတဲ့သူတွေ၊ အောင်မြင်တဲ့သူတွေ၊ ကိုယ့်ကိုယ်ကိုယ် ကျေနပ်နှစ်သိမ့်နိုင်တဲ့သူတွေ ဖြစ်ပါစေလို့ ကျွန်တော် ဆုတောင်းလိုက်ပါတယ်။ ကျွန်တော်ကတော့ ကျွန်တော့်ဝါသနာဖြစ်တဲ့ ဂီတအလုပ်တွေကို ၂၀၁၉ ခုနှစ်မှာ ပိုပြီးလုပ်နိုင်အောင် ကြိုးစားနေပါတယ်။ အားလုံး ပျော်ရွှင်ဖွယ်နှစ်သစ်ဖြစ်ပါစေနော်။

**အကယ်ဒမီ ဝတ်မှုန်ရွှေရည်**

တစ်နှစ်ထက်တစ်နှစ် ပိုမိုပြီး တစ်ဦးအပေါ်တစ်ဦး မေတ္တာထားနိုင်ပါစေ။ အားလုံးပျော်ရွှင်ကြပါစေ။ ကစ်ကစ်ကတော့ လာမယ့်နှစ်သစ်မှာလည်း ပရိသတ်ကြီး အမောပြေစေမယ့် ဇာတ်ကားတွေကို ကြိုးစားပြီး ရိုက်ကူးသွားပါမယ်။ ပရိသတ်တွေရဲ့ အားပေးမှုကြောင့် အနုပညာသမားတွေဟာ ရပ်တည်ခွင့်ရတာပါ။ အားပေးတဲ့ပရိသတ်တွေရဲ့ ကျေးဇူးကိုလည်း အမြဲအမှတ်ထားပြီး ပိုပြီးကောင်းအောင်၊ အနုပညာအရည်အသွေးပြည့်ဝအောင် ကြိုးစားနေပါတယ်။ တစ်နိုင်ငံလုံး အေးချမ်းလုံခြုံပြီး နိုင်ငံတော်ကြီး ပိုမိုတိုးတက်ပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်။

**အကယ်ဒမီ ထွန်းထွန်း**

နှစ်သစ်မှာ အလှူလေးတစ်ခုလုပ်ပါမယ်။ နှင်းဆီအဖွဲ့သားတွေအားလုံး ဖျော်ဖြေလို့ရတဲ့ အနုပညာကြေးတွေကို လှူဒါန်းကြမယ်။ ကျွန်တော်အခု ၃၅ နှစ်ပြည့်ပြီ။ အသက်တွေ ကြီးလာတယ်။ ဘာတွေလုပ်ပြီးပြီလဲ၊ အများအတွက် ဘာတွေအကျိုးပြုသလဲဆိုပြီး အမြဲသတိထားတွေးပြီး လုပ်ဆောင်မိလာပါတယ်။ ငယ်ငယ်က မိတ်ဆွေအပေါင်းအသင်းတွေနဲ့ နှစ်သစ်ကို ကြိုတယ်။ နောက်ပိုင်းမှာ မိသားစုနဲ့အမေ့ကိုပိုပြီးတန်ဖိုးထားပြီး နှစ်သစ်ကို ဖြတ်သန်းတယ်။ အားလုံးပဲ နှစ်သစ်မှာ မိမိ မိသားစုကိုပိုပြီး တန်ဖိုးထားနိုင်ကြပါစေလို့ ဆုတောင်းပါတယ်။ ကိုယ်လုပ်တဲ့ လုပ်ရပ်တိုင်းသည် အများအတွက် ထိခိုက်နစ်နာစေမယ့် အရာတွေကို ရှောင်ရှားနိုင်ပြီး အကျိုးပြုနိုင်ပါစေလို့လည်း ချစ်တဲ့ လေးစားရတဲ့ ပရိသတ်ကြီးအတွက် ဆုတောင်းမေတ္တာပို့သလိုက်ပါတယ်။

**ကျော်ကျော်ဗို**

နှစ်သစ်မှာ အားလုံးသော မြန်မာနိုင်ငံသူ နိုင်ငံသားတွေအတွက် စိန်ခေါ်မှုအသစ်တွေကို ပျော်ပျော်ရွှင်ရွှင် စိတ်အေးသက်သာနဲ့ ဖြတ်သန်းနိုင်ပါစေလို့ ကျွန်တော်ဆုတောင်းပါတယ်။ ဘယ်သူပဲဖြစ်ဖြစ် စိန်ခေါ်မှုတွေဆိုတာ ရှိနိုင်ပါတယ်။ အားလုံးသောစိန်ခေါ်မှုတွေကို လူတိုင်းမှာရှိတဲ့ ကိုယ်ပိုင်အရည်အသွေးတွေကို အသုံးချပြီး ကျော်ဖြတ်နိုင်ကြရင် ပျော်စရာဘဝတွေ ရလာမယ်လို့ ယုံကြည်ပါတယ်။ ကျွန်တော့်ကိုလည်း နှစ်သစ်မှာ ထူးခြားတဲ့ အနုပညာလှုပ်ရှားမှုအသစ်တွေနဲ့အတူ မြင်တွေ့စေရမယ်လို့ ကျွန်တော်ကတိပေးပါတယ်။ အားလုံးအေးချမ်းပါစေ။

**မေခလာ**

နှစ်သစ်ရက်မြတ်မှာ မကောင်းတဲ့အတိုက်အခိုက်တွေ၊ မကောင်းတဲ့ ကြုံတွေ့မှုတွေ ဝေးကြပါစေ။ ဝမ်းသာစရာ၊ ပျော်ရွှင်စရာ သတင်းစကားတွေ အဆက်မပြတ်ကြားနိုင်ကြပါစေ။ မြန်မာနိုင်ငံကြီး အေးချမ်းပါစေလို့ မေခလာက ဆုတောင်းပါတယ်။ လူတိုင်း အခက်အခဲနဲ့ စိတ်ညစ်စရာတွေ ရှိတတ်ပါတယ်။ ကျွန်မလည်း ဒီလိုပါပဲ။ ၂၀၁၈ နှစ်ကုန်မှ မဟုတ်ပါဘူး။ လူ့ဘဝကိုစရောက်ကတည်းက လောကဓံရှစ်ပါးစလုံးကို ကြုံနေကြရပါတယ်။ ဒါတွေကို ဂရုစိုက်နေရင် ကိုယ့်ဘဝ၊ ကိုယ့်ရည်မှန်းချက်ကို ထိခိုက်နိုင်ပါတယ်။ ဒါကြောင့် အားလုံးကို လက်ခံပြီး အကောင်းဆုံးဖန်တီးနိုင်ကြပါစေလို့ ဆုတောင်းပြီး ကိုယ်ပိုင်အတွေးလေးကို မျှဝေလိုက်ပါတယ်။

**သင်ဇာဝင့်ကျော်**

၂၀၁၈ ခုနှစ်ကို ထားခဲ့ပြီး အားလုံး နှစ်သစ်မှာပျော်ရွှင်စွာနဲ့ ဖြတ်သန်းနိုင်ပါစေ။ လူတိုင်းမှာ ကိုယ့်ကိုနှစ်သက်တဲ့သူ၊ မနှစ်သက်တဲ့သူဆိုတာလည်း ရှိနိုင်ပါတယ်။ တစ်ဦးအပေါ်တစ်ဦး အကောင်းမြင်၊ မေတ္တာရှေ့ထားပြီး လိုအင်ဆန္ဒတွေ ဖြည့်ဆည်းနိုင်ကြပါစေလို့ ဆုတောင်းပါတယ်။ အချိန်တိုင်း အချိန်တိုင်းဟာ ကောင်းဖို့အတွက် ပြောင်းလဲလာတယ်ဆိုတာ နှလုံးသွင်းပြီး အကောင်းမြင်စိတ်ကလေးနဲ့ မိမိယုံကြည်ရာကို လျှောက်လှမ်းနိုင်ကြပါစေလို့ ဆုတောင်းပေးပါတယ်။ အနုပညာသမားတစ်ယောက်ဖြစ်လာခဲ့တာလည်း ချစ်ရတဲ့ ပရိသတ်ရဲ့အားပေးမှုကြောင့်ပါပဲ။ နှစ်သစ်မှာလည်း ချစ်တဲ့ပရိသတ်ကြီးနဲ့အတူ ပျော်ရွှင်စွာဖြတ်သန်းသွားမယ်လို့ ပြောကြားလိုပါတယ်။

**နေခြည်ဦး**

နှစ်ဟောင်းတုန်းကလည်း အလုပ်တွေကို လုပ်ခွင့်ရသမျှ အကုန်ကြိုးစားပြီး လုပ်တယ်။ ရတဲ့ငွေနဲ့ အတတ်နိုင်ဆုံး မိဘကို ကန်တော့တယ်။ ကိုယ့်မောင်နှမတွေ၊ ဆွေမျိုးမိတ်ဆွေတွေအတွက် အချိန်တွေကို အတတ်နိုင်ဆုံးခွဲဝေပေးတယ်။ နှစ်သစ်မှာလည်း ဒီအတိုင်းပါပဲ။ အားလုံးနဲ့သက်ဆိုင်တဲ့ နေ့ရက်တွေကို ဖန်တီးသွားချင်တယ်။ အဲဒီလိုပါပဲ အားလုံးသော နေခြည်ချစ်တဲ့ မြန်မာနိုင်ငံသားတွေ အားလုံး အေးချမ်းပါစေ။ ကောင်းကျိုးဆန္ဒတွေလည်း ပြည့်ဝပါစေလို့ အရင်ဆုံး ဆုတောင်းပေးပါတယ်။ ကံ ကံ၏အကျိုးကို အပြည့်အဝယုံကြည်ပြီး မိမိကောင်းမှုတွေကြောင့် ပိုကောင်းတဲ့ ကံတရားတွေ ရကြဖို့လည်း မျှော်လင့်ပါတယ်။ နေခြည်ကတော့ ဇန်နဝါရီလဖွားဖြစ်တဲ့အတွက် မွေးနေ့လေးမှာ မိဘအတွက်၊ ကိုယ့်အတွက်နဲ့ အားလုံးအတွက် ရည်ရွယ်ပြီး သီလရှင်ဝတ်ဖို့ စိတ်ကူးထားတယ်။ နှစ်သစ်ကို အများအတွက် လှူဒါန်းပေးကမ်းခြင်းတွေနဲ့ အစပြုကြဖို့လည်း အားလုံးကို တိုက်တွန်းပါတယ်။

**စာမျက်နှာ ၁၄ သို့ ■**


အကယ်ဒမီ ထွန်းထွန်း


အေးဝတ်ရည်သောင်း


ကျော်ကျော်ဗို


မေခလာ

**အေးဝတ်ရည်သောင်း**

ဒီလိုနှစ်သစ်ကူးအခါသမယမှာ အားလုံးအတွက် နှစ်တိုင်းဆုမွန်တွေ တောင်းပေးဖြစ်ပါတယ်။ တစ်ဦးနဲ့တစ်ဦး ချစ်ခင်ပြီး အပြစ်တွေကိုလည်း ခွင့်လွှတ်နိုင်ပါစေ။ ပိုပြီးကောင်းမွန်တဲ့ လူ့အသိုက်အဝန်းကို တည်ထောင်နိုင်ပါစေ။ ငြိမ်းချမ်းပါစေလို့ ဆုတောင်းပေးပါတယ်။ အခုလို အေးဝတ်ရည်သောင်းကို ပြန်ပြီးလက်ခံပေးပြီး ချစ်ပေးတဲ့၊ အားပေးတဲ့ ပရိသတ်ကြီးကြောင့် နှစ်သစ်မှာလည်း အင်အားသစ်တွေနဲ့ ကျွန်မဖြတ်သန်းသွားမှာပါ။ နှလုံးသားချင်း နားလည်ခံစားနိုင်ကြပြီး မျှဝေကူညီခြင်းတွေနဲ့အတူ လူသားအားလုံးလည်း နှစ်သစ်မှာ ပျော်ရွှင်ကြပါစေလို့ ထပ်ပြီး ဆုတောင်းပေးလိုက်ပါတယ်။



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ဆလုံလူမျိုးများနေထိုင်သည့် ကျွန်းများတွင် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများနှင့် ထောက်ပံ့မှုများဆောင်ရွက်

**ကော့သောင်း ဒီဇင်ဘာ ၃၁**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ဒုတိယဝန်ကြီးဦးစိုးအောင်၊ တနင်္သာရီတိုင်းဒေသကြီး သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးမြင့်မောင်၊ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစောလုကာနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဆလုံလူမျိုးများနေထိုင်ရာ ဇာဒက်ကြီးကျွန်း၊ ဂျလန်းကျွန်းနှင့် မကြုံကလက်ကျွန်းများတွင် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများနှင့် ထောက်ပံ့မှုများ ဆောင်ရွက်သည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့်အဖွဲ့သည် ဇာဒက်ကြီးကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာအတွင်းရှိ အသက် ၈၅ နှစ်နှင့်အထက် ဘိုးဘွား ရှစ်ဦးအတွက် ထောက်ပံ့ငွေကျပ် ၂၄၀၀၀၀၊ မသန်စွမ်းသူလေးဦးအတွက် ထောက်ပံ့ငွေကျပ် ၁၂၀၀၀၀၊ မိခင်ဝိုင်းဖွင့်လှစ်နိုင်ရေးအတွက် ထောက်ပံ့ငွေကျပ် ၅၁၀၀၀၀၊ ကိုယ်ဝန်ဆောင်မိခင် ၂၈ ဦးအတွက် ထောက်ပံ့ငွေကျပ် ၈၄၀၀၀၀၊ ကျွန်းနေပြည်သူ ၇၁၉ ဦးအတွက် ဆန် ထောက်ပံ့ငွေကျပ် ၃၀၁၉၈၀၀ နှင့် ဆလုံတိုင်းရင်းသား ၄၁၇ ဦးအတွက် ကျားလုံချည်၊ မလုံချည်နှင့် တီရှပ်တို့ကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြပြီး အခမ်းအနားသို့ ကိုယ်တိုင်တက်ရောက်လာကြသူများအား လက်ဝယ်အရောက်ပေးအပ်ခြင်းနှင့် ကလေးများအား အာဟာရမုန့်များနှင့် ကစားစရာအရုပ်များကို ဝေငှပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဇာဒက်ကြီးကျေးရွာရှိ ဓမ္မကာယာမတပ်ဦး ကျောင်းတိုက်ရှိ ကျောင်းထိုင်ဆရာတော်အား သွားရောက်ဖူးမြော်ကာ လှူဖွယ်ပစ္စည်းနှင့် အလှူငွေများလှူဒါန်းပြီး ကျေးရွာ၏ လိုအပ်ချက်များကို လျှောက်ထားညှိနှိုင်းဆောင်ရွက်ခဲ့သည်။ ဆက်လက်ပြီး အမှတ် (၅၈) ရေတပ်စခန်းရိပ်သာတွင် မသန်စွမ်းတစ်ဦးအား ထောက်ပံ့ငွေ ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဂျလန်းကျေးရွာသို့ရောက်ရှိပြီး ကျေးရွာရှိ ငြိမ်းချမ်းအောင်ကျောင်းတိုက်မှ ဆရာတော်အား ဖူးမြော်ကာ လှူဖွယ်ပစ္စည်းနှင့် အလှူငွေများ လှူဒါန်းပြီး ကျေးရွာ၏လိုအပ်ချက်များကို လျှောက်ထားညှိနှိုင်းဆောင်ရွက်သည်။



ထို့နောက် ဂျလန်းကျေးရွာအတွင်းရှိ အခြေခံပညာ အလယ်တန်းကျောင်းတွင် အသက် ၈၅ နှစ်နှင့်အထက် ဘိုးဘွား ခြောက်ဦးအတွက် ထောက်ပံ့ငွေကျပ် ၁၈၀၀၀၀၊ မသန်စွမ်းသူ ခြောက်ဦးအတွက် ထောက်ပံ့ငွေကျပ် ၁၈၀၀၀၀၊ မိခင်ဝိုင်းဖွင့်လှစ်နိုင်ရေးအတွက် ထောက်ပံ့ငွေကျပ် ၅၁၀၀၀၀၊ ကိုယ်ဝန်ဆောင်မိခင် ခြောက်ဦးအတွက် ထောက်ပံ့ငွေကျပ် ၁၈၀၀၀၀၊ အမျိုးသမီးဦးဆောင် မိသားစု ၂၆ စုအတွက် ကျပ် ၇၈၀၀၀၀၊ ကျွန်းနေပြည်သူ ၂၇၄ ဦးအတွက် ဆန်ထောက်ပံ့ငွေကျပ် ၁၁၅၀၈၀၀၊ ဆလုံတိုင်းရင်းသား ၂၀၆ ဦးအတွက် ကျားလုံချည်၊ မလုံချည်၊ တီရှပ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့က ဆန်အိတ် ၂၄ အိတ်တို့ကိုပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြပြီး အခမ်းအနားသို့ ကိုယ်တိုင်တက်ရောက်လာကြသောသူများအား လက်ဝယ်အရောက်ပေးအပ်ခြင်းနှင့် ကလေးများအား အာဟာရမုန့်များနှင့် ကစားစရာအရုပ်များကို ဝေငှပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မကြုံကလက်ကျေးရွာသို့ ရောက်ရှိရာ ကျေးရွာအတွင်းရှိ ဆလုံတိုင်းရင်းသားဘော်ဒါဆောင်တွင် အသက် ၈၅ နှစ်နှင့်အထက် ဘိုးဘွား ခုနစ်ဦးအတွက် ထောက်ပံ့ငွေကျပ် ၂၁၀၀၀၀၊ မသန်စွမ်းသူ နှစ်ဦးအတွက် ထောက်ပံ့ငွေကျပ် ၆၀၀၀၀၊ မိခင်ဝိုင်းဖွင့်လှစ်နိုင်ရေးအတွက် ထောက်ပံ့ငွေကျပ် ၅၁၀၀၀၀၊ ကိုယ်ဝန်ဆောင်မိခင် ရှစ်ဦးအတွက် ထောက်ပံ့ငွေကျပ် ၂၄၀၀၀၀၊ ကျွန်းနေပြည်သူ ၇၂၉ ဦးအတွက် ဆန်ထောက်ပံ့ငွေကျပ် ၃၀၆၁၈၀၀၊ ဆလုံတိုင်းရင်းသား ၂၄၂ ဦးအတွက် ကျားလုံချည်၊ မလုံချည်၊ တီရှပ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့က ဆန်အိတ် ၃၀ တို့ကို အသီးသီးပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြပြီး အခမ်းအနားသို့ ကိုယ်တိုင် တက်ရောက်လာကြသောသူများအား လက်ဝယ်အရောက်ပေးအပ်ခြင်းနှင့် ကလေးများအား အာဟာရမုန့်များနှင့် ကစားစရာအရုပ်များကို ဝေငှပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မကြုံကလက်ကျေးရွာရှိ အောင်ခေမာကျောင်းတိုက် ဆရာတော်အား ဖူးမြော်ကာ လှူဖွယ်ပစ္စည်းနှင့် အလှူငွေများ လှူဒါန်းသည်။

ပြည်ထောင်စုဝန်ကြီးသည် ဇာဒက်ကြီးကျွန်း၊ ဂျလန်းကျွန်းနှင့် မကြုံကလက်ကျွန်းများသို့ ရောက်ရှိစဉ် ဆလုံတိုင်းရင်းသားများ အပါအဝင် ကျွန်းနေပြည်သူများနှင့် တွေ့ဆုံရာတွင် အစိုးရအနေဖြင့် ပြည်သူများ၏ ဖွံ့ဖြိုးတိုးတက်မှုကို တစ်နိုင်ငံလုံးတွင် တန်းတူညီမျှ ခံစားရရှိရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအနေဖြင့်လည်း လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများဖြစ်သော ကလေးသူငယ်များ၊ အမျိုးသမီးများ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ မသန်စွမ်းများနှင့် သက်ကြီးရွယ်အိုများ၏ ရပ်တည်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို တစ်နိုင်ငံလုံးတွင် မျှတစွာခံစားရရှိနိုင်ရန် ကြိုးပမ်းလျက်ရှိပါကြောင်း၊ ယနေ့တွင် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ဝေးလံသောဒေသများဖြစ်သည့် ကျွန်းများတွင် နေထိုင်ကြသော တိုင်းရင်းသား ပြည်သူများ၏ လိုအပ်ချက်များကို သိရှိရန်နှင့် ဖြည့်ဆည်းဆောင်ရွက်ပေးရန် လာရောက်ခြင်းဖြစ်ကြောင်း၊ လက်ရှိအစိုးရ၏ ဆောင်ရွက်မှုများကိုလည်း သိရှိပြီး ကျွန်းနေပြည်သူများက မိမိတို့၏ အခက်အခဲများကို ပွင့်လင်းစွာ ဖော်ထုတ်နိုင်ရန်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကျွန်းနေပြည်သူများ၏ လိုအပ်ချက်များကို လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့သည်။

ယနေ့ ဆလုံလူမျိုးများနေထိုင်ရာ ဇာဒက်ကြီး၊ ဂျလန်းနှင့် မကြုံကလက်ကျွန်းတို့တွင် ထောက်ပံ့ငွေ စုစုပေါင်းမှာ ငွေကျပ် ၁၁၈၂၂၄၀၀ ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

■ စာမျက်နှာ ၁၃ မှ

**ခင်ဝင့်ဝါ**

တစ်နှစ်တိုးလာတယ်ပေါ့နော်။ လူ့ဘဝမှာ တစ်နှစ်ပြီးတစ်နှစ်ဖြတ်သန်းလာကြရတာလေ။ ကျွန်မကတော့ တစ်နှစ်ထက်တစ်နှစ် သင်ယူစရာတွေ၊ သင်ခန်းစာတွေ၊ မှတ်သားစရာတွေ ပိုရလာတယ်လို့ ခံစားရတယ်။ ငယ်ငယ်က ဒီလိုအချိန်ဆိုရင် ရင်တွေခုန်ပြီး ပျော်တယ်။ အခုတော့ အဲဒီလောက်မဖြစ်တော့ပေမယ့် နှစ်သစ်မှာ ဘာတွေလုပ်မယ်ဆိုပြီး ရည်စူးထားတာလေးတွေကို အကောင်အထည်ဖော်နိုင်အောင် ပိုလုပ်ဖြစ်တယ်။ ချစ်ရတဲ့ ကျေးဇူးရှင်ပရိသတ်တွေလည်း နှစ်သစ်မှာ အသိပညာတွေ ပိုမိုတိုးတက်ပြီး ရင့်ကျက်ခြင်း၊ သန်မာခြင်းတွေနဲ့ ပြည့်စုံကြပါစေ။ ဘဝရဲ့အခက်အခဲ၊ အတားအဆီးတွေကို ကျော်ဖြတ်နိုင်ကြပါစေ။ တစ်ဦးနဲ့တစ်ဦး ပိုပြီးချစ်ခင်ရင်းနှီးမှုရရှိကြပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်။

**ကိုလင်း**


သင်ဇာဝင့်ကျော်


ခင်ဝင့်ဝါ


နေခြည်ဦး

**ဘင်္ဂလားပင်လယ်အော် အခြေအနေ**

**နေပြည်တော် ဒီဇင်ဘာ ၃၁**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်**

ရှမ်းပြည်နယ်တွင် မိုးဆက်လက်ရွာနိုင်သည်။ **မိုး/ဇလ**

Sweety®

ရင်ခံဘော်လီ၊ ညအိပ်ဝတ်စုံနှင့်အတွင်းခံအမျိုးမျိုးမှ
နှစ်သစ်မင်္ဂလာဆုတောင်း

Sweety® ထုတ်ကုန်များကိုအစဉ်တစိုက် နှစ်သက်စွာဝယ်ယူဝတ်ဆင် အားပေးခဲ့ကြသော Sweety® ချစ်သူ မိဘပြည်သူများနှင့် Sweety Underwear ကိုချစ်ခင်ယုံကြည်စွာ ရောင်းချပေးလျက်ရှိသော ရပ်နီး၊ ရပ်ဝေးမှ မိတ်ဟောင်း၊ မိတ်သစ် ဖောက်သည်ကြီးများအားလုံး မင်္ဂလာရှိသော ၂၀၁၉ နှစ်သစ်မှစ၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ၊ ပျော်ရွှင်ခြင်းသုခအဖြာဖြာနှင့် ကောင်းကျိုးလိုရာဆန္ဒများ ပြည့်ဝကြပြီးလျှင် စီးပွားလာဘ်လာဘများ ဆပွားတိုးတက်အောင်မြင်ကြပါစေကြောင်း Sweety® မိသားစုမှလှိုက်လှဲစွာ နှစ်သစ်ဆုမွန်ကောင်းများ တောင်းအပ်လိုက်ပါသည်။

lady life NOBBY® Sweety®

Customer Service Phone - 09-777 888 914, 09-777 888 915, 09-777 888 916, 09-777 888 917

# နှစ်သစ်ကူးရုံးပိတ်ရက်များအတွင်း မိုင်းရှူးမြို့နယ် ဟိုက်ပါရေတံခွန်သို့ လာရောက်လည်ပတ်သူများပြား

**လွိုင်လင် ဒီဇင်ဘာ ၃၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးမြို့နယ် ဟိုက်ပါရေတံခွန်သို့ နှစ်သစ်ကူးရုံးပိတ်ရက်များအတွင်း အပန်းဖြေလာရောက်သူများဖြင့် စည်ကားလျက်ရှိသည်။ ဟိုက်ပါရေတံခွန်သည် နမ့်ပန်ချောင်းမှ စီးဆင်းဖြစ်ပေါ်လာသည့် ရေတံခွန်ဖြစ်သည်။

အပန်းဖြေလာရောက်သူ တစ်ဦးက မိသားစုနှင့်အတူ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့မှ လာရောက်လည်ပတ်ကြောင်း၊ လှပသည့်ရေတံခွန်ရှိကြောင်း လူမှုကွန်ရက်စာမျက်နှာများတွင်တွေ့ရ၍ လာရောက်လည်ပတ်ခြင်း ဖြစ်ကြောင်း၊ ယခင်ကတည်းက တစ်ကြိမ်တစ်ခါမျှ ရောက်ဖူးခြင်းမရှိကြောင်း၊ လှပပြီး ကြီးမားသည့်ရေတံခွန်များ မတွေ့ဖူးကြောင်း ပြောပြသည်။

ဆက်လက်၍ မိုင်းရှူးဒေသခံတိုင်းရင်းသူ တစ်ဦးအား တွေ့ဆုံမေးမြန်းရာ "အရင်က နယ်မြေဒေသ မအေးချမ်းလို့ ဘယ်သူမှ မလာရောက်နိုင်ပါဘူး။ အခုတော့ နယ်မြေတည်ငြိမ်အေးချမ်းလာတယ်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာလို့ ဧည့်သည်တော်တော်များများလာကြပါတယ်။ စည်လည်းစည်ကားလာပါတယ်။ ဒီလိုသဘာဝအလှအပတွေရှိတဲ့အတွက် ရှမ်းပြည်နယ်ရဲ့ အထင်ကရတစ်ခုကို ထိန်းသိမ်းစောင့်ရှောက်ပေးမယ်ဆိုရင် ကမ္ဘာလှည့်ခရီးသွားဧည့်သည်တွေနဲ့ စည်ကားလာမှာပါ" ဟု ပြောကြားသည်။



တောင်ကြီးမြို့မှ လွိုင်လင်မြို့သို့ ၅၈ မိုင်ခရီးကိုလည်းကောင်း၊ လွိုင်လင်မြို့မှ ပင်လုံမြို့ ထိုမှတစ်ဆင့် လဲချားမြို့ ၃၂ မိုင်ခရီးကိုလည်းကောင်း၊ လဲချားမြို့မှ မိုင်းနောင်မြို့သို့ ၄၃ မိုင်ခရီးကိုလည်းကောင်း၊ မိုင်းနောင်မှ မိုင်းရှူးမြို့သို့ မရောက်ခင် ကိုးမိုင်ခန့်ရှိ လမ်းခွဲမှ ခြောက်မိုင်ခန့်ထပ်မံသွားရောက်ပါက ဟိုက်ပါရေတံခွန်သို့ ရောက်ရှိမည်ဖြစ်သည်။

အလားတူ သီပေါ-မိုင်းကိုင်-မိုင်းနောင်လမ်းအတိုင်းလည်းကောင်း၊ လားရှိုး-တန့်ယန်း-မိုင်းရှူးလမ်း၊ မိုင်းရယ်လမ်းမှ ကျေးသီး-မိုင်းနောင်လမ်းသို့ လည်းကောင်း၊ လွိုင်လင်-ခိုလမ်-ဝမ်စိမ်း-မိုင်းနောင်လမ်းမှ လည်းကောင်း၊ တာချီလိတ်-ကျိုင်းတုံ-ကွန်ဟိန်း-ဝမ်စိမ်း-မိုင်းနောင်လမ်းမှ လည်းကောင်း လမ်းကွန်ရက်သဖွယ် တည်ရှိပြီး ကတ္တရာလမ်းဖြစ်၍ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ပြီး အလွယ်တကူ သွားရောက်နိုင်သည်။

**မိုးလွင်ဦး(လွိုင်လင်)**

# နှစ်သစ်ကူးရုံးပိတ်ရက်အတွင်း ခရီးသွားဧည့်သည်များ မြိတ်မြို့သို့ လည်ပတ်မှုများပြား

**မြိတ် ဒီဇင်ဘာ ၃၁**

ဒီဇင်ဘာကျောင်းပိတ်ရက်နှင့် နှစ်သစ်ကူးရုံးပိတ်ရက် တိုက်ဆိုင်မှုကြောင့် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့သို့ ရန်ကုန်မြို့နှင့် တခြားမြို့ကြီးများမှ မိသားစုအလိုက် လာရောက်လည်ပတ်သူများ၊ အဖွဲ့အလိုက်လာရောက်သည့် ဘုရားဖူးဧည့်သည်များဖြင့် အထူးစည်ကားလျက်ရှိသည်။

စိမ်းမြမြပင်လယ် ရှုမျှော်ခင်းအလှများ၊ တောတောင်အလှများ၊ ဒေသခံတို့၏ဖော်ရွေမှုများနှင့် ဒေသအတွင်း တည်ငြိမ်မှုများကြောင့် ခရီးသွားဧည့်သည်များ အကြိုက်တွေ့လျက်ရှိသော မြိတ်မြို့သို့ ဒီဇင်ဘာ ၂၅ ရက်မှစ၍ နေ့စဉ် ခရီးသွားဧည့်သည်များ လာရောက်လည်ပတ် အပန်းဖြေလျက်ရှိသည်။

"ခရီးသွားဧည့်သည်တွေ ဘေးကင်းလုံခြုံဖို့အတွက် ကျွန်တော်တို့ လှည့်ကင်းတွေနဲ့ နေ့ရော ညပါ လုံခြုံရေးတိုးမြှင့်ဆောင်ရွက်နေပါတယ်၊ ယာဉ်အသွားအလာများတဲ့လမ်းတွေ၊ အပန်းဖြေသူများပြားတဲ့ ကမ်းနားလမ်း၊ လေယာဉ်ကွင်းလမ်း၊ အဝေးပြေးကားဝင်းလို နေရာမျိုးတွေ၊ ဒုစရိုက်မှုဖြစ်နိုင်တဲ့ နေရာတွေကို အထူးအလေးထား ကင်းလှည့်စောင့်ကြည့်နေပါတယ်" ဟု မြိတ်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်မျိုးမြင့်က ပြောသည်။

မြိတ်မြို့ရှိ သဘာဝပင်လယ်ရှုမျှော်ခင်းအလှများက ခရီးသွားဧည့်သည်များအတွက် ပိုမိုစိတ်ချမ်းမြေ့ဖွယ်ဖြစ်စေကာ မြိတ်မြို့တွင်းရှိ ဘုရားများနှင့် မြိတ်မြို့တစ်ဖက်ကမ်း ပထက်ကျွန်းရှိ အတုလရံသီ ရွှေသာလျောင်းဘုရားကြီးကို စက်တပ်လှေငယ်များစီး၍ သွားရောက်ဖူးမြော်သူများ၊ ပင်လယ်ကျွန်းများသို့ အလည်အပတ်သွားသူများဖြင့် အထူးစည်ကားလျက်ရှိကာ မြိတ်ဒေသထွက် ငပိ၊ ပုစွန်ခြောက်၊ ငါးခြောက်များကိုလည်း လက်ဆောင်အဖြစ် ဝယ်ယူသူများပြားလျက်ရှိကြောင်း သိရသည်။

**ဇော်မျိုးနိုင် (ခရိုင်ပြန်/ဆက်)**



# ချောင်းသာနှင့် ရွှေသောင်ယံ ကမ်းခြေတို့တွင် နှစ်သစ်ကူးကြိုဆိုသူများ စည်ကားများပြား

**ရွှေသောင်ယံ ဒီဇင်ဘာ ၃၁**

ချောင်းသာ၊ ကျောက်မောင်နှမနှင့် ရွှေသောင်ယံကမ်းခြေတို့တွင် ၂၀၁၉ နှစ်သစ်ကိုကြိုဆိုသည့်အနေဖြင့် ဒီဇင်ဘာ ၃၁ ရက် နံနက်ပိုင်းမှစတင်ကာ အနယ်နယ်အရပ်ရပ်ရှိ ခရီးသွားဧည့်သည်များ တဖွဲဖွဲရောက်ရှိကာ စည်ကားလျက်ရှိသည်ကို တွေ့ရသည်။

နှစ်စဉ်နှစ်တိုင်း ချောင်းသာနှင့် ကျောက်မောင်နှမ ကမ်းခြေတို့တွင် နှစ်သစ်ကိုကြိုဆိုကြသော ဧည့်သည်များဖြင့် ကမ်းလုံးပြည့် စည်ကားလျက်ရှိပြီး ယခုနှစ်တွင်လည်း အဆိုပါကမ်းခြေများသို့ ကားများ၊ ဆိုင်ကယ်များဖြင့် ဧည့်သည်များ ဝင်ရောက်လျက်ရှိသည်။ ထို့အတူ ချောင်းသာကမ်းခြေနှင့် ရှစ်မိုင်သာကွာဝေးသည့် ရွှေသောင်ယံကမ်းခြေသို့လည်း ဧည့်သည်များ တဖွဲဖွဲဝင်ရောက်လျက်ရှိကြောင်း တွေ့ရသည်။

**ကိုကိုမောင် (ရွှေသောင်ယံ)**


# နှစ်သစ်မင်္ဂလာဆုတောင်းလွှာ

NEW YEAR WISH

၂၀၁၈ ခုနှစ်ကာလပြီးဆုံးလို့ ၂၀၁၉ ခုနှစ်ကာလအခါသမယ တစ်နှစ်ပတ်လုံးတွင် ကလေးသူငယ် ကျောင်းသား/သူများ၊ မိဘအုပ်ထိန်းသူများ၊ ဆရာ/မများနှင့်ဝန်ထမ်းများ၊ မြန်မာနိုင်ငံအတွင်း ချစ်ခင်ရင်းနှီးစည်းလုံးစွာ နေထိုင်ကြသော မြန်မာနိုင်ငံသား တိုင်းရင်းသားများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံပြီး မိမိအလိုရှိအပ် တောင့်တအပ်သော ဆန္ဒနှင့်အောင်မြင်မှုများ အားလုံးပိုင်ဆိုင်နိုင်ကြပါစေလို့ နှစ်သစ်ဆုမွန်ကောင်းတောင်းအပ်ပါသည်။

GETC building a better future | Cambridge University အသိအမှတ်ပြု Cambridge English Exam Preparation Centre | nurture preschool We nurture tomorrow leaders! | nurture Private Primary School We nurture tomorrow leaders! | ENTRUSTMENT Recruitment & Training | MIT Motivational Intellectual Talk | Maple Parenting Club

၂၀၀၇ ခုနှစ်တွင် စတင်တည်ထောင်ဖွင့်လှစ်ခဲ့ပြီး ယနေ့အထိ ဖွင့်လှစ်ထားသောကျောင်းခွဲများ

| မြေနီကုန်း | စမ်းချောင်း | လှိုင် | တာမွေ | အင်းစိန် | မြောက်ဒဂုံ | ဘုရင့်နောင် | သာကေတ | လမ်းမတော် | မန္တလေး |
|---|---|---|---|---|---|---|---|---|---|
| 09263337703 | 09262963774 | 01-530097 | 01-549590 | 09259822226 | 09259822220 | 09425877703 | 09425888846 | 09426888977 | 09256666903 |

www.getc-languageschool.com
www.nurturepreschoolmm.com
www.nurtureprivateprimaryschool.com

Getc-Nurture HO
Nurture Pre-school
GETC English Language School

Getcyounglearners
Nurture Private Primary School
Entrustment Recruitment & Training

## စန္ဒကူးနံ့သာကျောင်းတော်ရာ စွယ်တော်မြတ်စေတီသို့ လာရောက်ဖူးမြော်သူများပြား

**ပွင့်ဖြူ ဒီဇင်ဘာ ၃၁**
ယခုတစ်ပတ်သည် နိုင်ငံတစ်ဝန်းရှိ အစိုးရဌာနဆိုင်ရာရုံးများနှင့် ပုဂ္ဂလိကရုံးများ နှစ်သစ်ကူးရုံးလေးရက်ပိတ်သည့်အချိန်နှင့် တိုက်ဆိုင်နေသည့်အပြင် အခြေခံပညာကျောင်းများလည်း ဒီဇင်ဘာကျောင်းရက်ရှည်ပိတ်သည့်အချိန်ဖြစ်၍ ဒီဇင်ဘာ ၃၁ ရက် နံနက်ပိုင်းက မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ကျောင်းတော်ရာကျေးရွာအနီးရှိ သမိုင်းဝင် စန္ဒကူးနံ့သာကျောင်းတော်ရာ စွယ်တော်မြတ်စေတီတော်ကြီးသို့ အမြို့မြို့အနယ်နယ်မှ ဌာနဆိုင်ရာ ရုံးဝန်ထမ်းများနှင့် ပြည်တွင်းဘုရားဖူးဧည့်သည်များ ကားကြီးကားငယ်များဖြင့် လာရောက်ဖူးမြော်ကြသဖြင့် အထူးစည်ကားလျက်ရှိသည်။

"ကျွန်တော်တို့မြို့နယ်က သမိုင်းဝင် စန္ဒကူးနံ့သာ ကျောင်းတော်ရာစေတီတော်ကြီးကို လာရောက်ဖူးမြော်ကြတဲ့ ဘုရားဖူးဧည့်သည်တွေ အများစုက ဘုရားကြီးကို ဦးခိုက်ဖူးမြော်ပြီးရင် ဘုရားကြီးရဲ့ သမိုင်းကြောင်းကို လေ့လာကြတယ်။ ပြီးရင် ဘုရားကြီးအနီးမှာရှိတဲ့ ရှင်မဟာပုဏ္ဏမထေရ်၏ သစ္စာဆေးတော်ကန်ကို သွားရောက်လေ့လာကြပြီး ရှင်မဟာပုဏ္ဏမထေရ် သစ္စာဆေးတော်ကန်က ရေကိုမှီဝဲသောက်သုံးကြပါတယ်။ ရှင်မဟာပုဏ္ဏမထေရ် သစ္စာဆေးတော်ကန်က ရေကို မှီဝဲသုံးဆောင်ရင် အနာရောဂါအမျိုးမျိုးကို သက်သာပျောက်ကင်းစေတဲ့အကျိုးထူးကို ရရှိစေပါတယ်။ ဒါ့အပြင် အတိတ်ဘဝက ပြုခဲ့တဲ့ ကံဝဋ်ကြွေးတွေရှိခဲ့ရင်လည်း ပြေပျောက်စေပါတယ်။ ဒါကိုသိတဲ့ ပြည်တွင်းဘုရားဖူးဧည့်သည်တွေကတော့ လာတဲ့အခါတိုင်း ဘုရားကြီးကို ဦးခိုက်ပြီးတာနဲ့ ရှင်မဟာပုဏ္ဏမထေရ်ကြီးရဲ့ သစ္စာဆေးတော်ကန်ကို သွားရောက်ပြီး သစ္စာဆေးတော်ရေကို မှီဝဲသုံးဆောင်ကြတာဖြစ်ပါတယ်" ဟု သမိုင်းဝင် စန္ဒကူးနံ့သာ ကျောင်းတော်ရာစေတီတော်ကြီး ဘဏ္ဍာရေးမှူး ဦးကြည်စိုးက ပြောပြသည်။

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်မှ ပုဂ္ဂလိကရုံးဝန်ထမ်းတစ်ဦးဖြစ်သူ ဒေါ်ရီရီမြင့်က အစ်မတို့က မှော်ဘီမြို့နယ်က လာခဲ့ကြတာပါ။ ဒီလိုမျိုးရက်ရှည် ရုံးပိတ်ရက်လေးတွေ ရှိတဲ့အခါမှပဲ ဘုရားဖူးသွားဖို့ အခွင့်အရေးရတာပါ။ ဒါကြောင့် သူငယ်ချင်းတွေစုပြီး ဘုရားဖူးလာခဲ့တာဖြစ်ပါတယ်။ ဒီကိုရောက်တော့ ဘုရားမှာ ကျွန်မတို့လိုပဲ အမြို့မြို့အနယ်နယ်က ဘုရားဖူးဧည့်သည်တွေ စည်စည်ကားကားရှိနေတော့ ဘုရားဖူးလာရတာ စိတ်ထဲမှာ ပျော်သွားပါတယ်" ဟု ပြောပြသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**



## နှစ်သစ်ကူးပိတ်ရက်တွင် မန္တလေးမဟာမုနိဘုရားကြီးသို့ လာရောက်သူများဖြင့် အထူးများပြား

**မန္တလေး ဒီဇင်ဘာ ၃၁**
မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် မဟာမုနိဘုရားကြီးရှိ မြန်မာ့လက်မှုအနုပညာပစ္စည်းများပြခန်းသို့ ဖွင့်ပွဲမတိုင်မီကပင် လာရောက်လေ့လာသူများ အထူးများပြားလျက်ရှိသည်။

"ဒီပြခန်းကို ယခုနှစ် ဧပြီလကမှ စတင်ဖွင့်လှစ်ထားတာပါ။ လာရောက်လေ့လာသူတွေ နေ့စဉ်များပြားလျက်ရှိပါတယ်။ အခါကြီး၊ ရက်ကြီးနဲ့ အခုလိုပိတ်ရက်တွေကတော့ အထူးများပြားပါတယ်။ မြန်မာ့လက်မှုအနုပညာပစ္စည်းများပြခန်းတွင် မင်္ဂလာဆွမ်းအုပ်များ၊ ရွှေပန်းအိုး၊ ငွေပန်းအိုး၊ ရွှေပန်းခိုင်၊ ငွေပန်းခိုင်၊ ရွှေပန်းစိုက်၊ ငွေပန်းစိုက် အစရှိသော ပူဇော်ဖွယ်ပစ္စည်းများ၊ မဟာမုနိဘုရားကြီး ရွှေထီးတော်နှင့် ရွှေထီးတော်၏ သမိုင်းကြောင်းများ၊ ရွှေပန်းထိမ်ပစ္စည်းများ၊ ငွေဖလား၊ ရွှေဖလား၊ ဗုဒ္ဓဆင်းတုတော်များ၊ ဆင်းတု၊စေတီ၊ ဓမ္မခဏ်များအပြင် ကွမ်းအစ်၊ ထုံးဘူး၊ ဖလား၊ ပန်းအိုး၊ ကြုတ် စသည့် မြန်မာအသုံးအဆောင်ပစ္စည်းများနှင့် ငွေလက်ကြပ်၊ ခြေကျင်း၊ ခါးပတ်နှင့် ငွေလက်ဝတ်အဆင်တန်ဆာများ၊ ငှက်ကြီးတောင်ဓား၊ လေးကင်းဓား၊ စလူဖူးဓား၊ ဓားရှည်၊ ဓားလွယ်၊ ဓားမြှောင် အစရှိသောဓားများနှင့် ဓားအသုံးပြုပုံသမိုင်းများနှင့် အခြားမြန်မာ့လက်မှုအနုပညာပစ္စည်းများ စုံစုံလင်လင် ခင်းကျင်းပြသထားပါတယ်" ဟု အဆိုပါပြတိုက်ထိန်းသိမ်းရေးတာဝန်ခံ မသူသူလှိုင်က ပြောသည်။

နှစ်သစ်ကူးရုံးပိတ်ရက်ရှည်တွင် မဟာမုနိဘုရားကြီးသို့ အနယ်နယ်အရပ်ရပ်မှ လာရောက်ဘုရားဖူးသူများ အထူးများပြားလျက်ရှိရာ ဘုရားဝင်းအတွင်းရှိ လိပ်ကန်၊ ငါးကန်၊ ကြေးရုပ်ပြတိုက်၊သမိုင်းဝင်ပန်းချီပြခန်း၊ မြန်မာ့လက်မှုအနုပညာပစ္စည်းများပြခန်း အစရှိသော နေရာများတွင်လည်း အနယ်နယ်အရပ်ရပ်မှ လာရောက်လေ့လာသူများဖြင့် အထူးများပြားလျက်ရှိကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

## နှစ်သစ်ကူးရုံးပိတ်ရက်ရှည်ကာလအတွင်း အင်းလေးဒေသတွင် ခရီးသွားဧည့်သည်များဖြင့်စည်ကား

**ညောင်ရွှေ ဒီဇင်ဘာ ၃၁**
နှစ်သစ်ကူးရုံးပိတ်ရက်ကာလအတွင်း အင်းလေးဒေသသို့ ပြည်တွင်းခရီးသွားဧည့်သည်များ လာရောက်မှု များပြားကြောင်း စက်လှေခရီးသွားလုပ်ငန်းရှင်များထံမှ သိရသည်။

"နှစ်သစ်ကူးကာလ ရုံးပိတ်ရက်လေးရက်အတွင်းမှာ အင်းလေးကို လာရောက်လည်ပတ်တဲ့ ဧည့်သည်တွေ ပုံမှန်ထက် လာရောက်မှုများပါတယ်၊ စက်လှေတွေကလည်း ငှားရမ်းမှုများတဲ့အတွက် ကုန်သလောက်ပါပဲ၊ ပြည်တွင်းခရီးသွားဧည့်သည်အပြင် နိုင်ငံခြားသားခရီးသွားဧည့်သည်များလည်း လာရောက်လည်ပတ်မှုများပါတယ်" ဟု သုခခရီးသွားလုပ်ငန်းမှ ကိုမောင်မောင်ညွန့်က ပြောသည်။



အင်းလေးဒေသသို့ လာရောက်လည်ပတ်ကြသူများအနေဖြင့် ဖောင်တော်ဦးဘုရား၊ အလိုတော်ပေါက်ဘုရား၊ အင်းတိမ်မွေတော်ဘုရား၊ ငါးဖယ်ချောင်း ရွှေဟောင်းဘုန်းတော်ကြီးကျောင်း၊ ငွေထည်လုပ်ငန်း၊ ရက်ကန်းလုပ်ငန်း၊ ကြာချည်လုပ်ငန်း၊ ရေခြံလုပ်ငန်း၊ မိုင်းသောက်တံတားနှင့် ညောင်ရွှေမြို့ရှိ ညောင်ရွှေဟော်နန်း(ယဉ်ကျေးမှု)ပြတိုက်များသို့ အများဆုံးသွားရောက်ကြကြောင်း သိရသည်။

**နေမျိုးသူရိန်**



## နှစ်သစ်မှာ စိတ်ချမ်းသာ ကိုယ်ကျန်းမာပြီး လိုရာဆန္ဒတွေပြည့်ပါစေလို့ ဆုတောင်းပေးလိုက်တဲ့ ဖြိုးမြတ်အောင်



Myanmar Idol ရဲ့ winner တစ်ယောက်ဖြစ်တဲ့ ဖြိုးမြတ်အောင်ရဲ့ လတ်တလော လှုပ်ရှားမှုလေးတွေကတော့ အွန်လိုင်းပေါ်မှာ သီချင်းတစ်ပုဒ်တင်ဖို့ ကြိုးစားနေပြီး ၁ လပိုင်းလောက်မှာ ပရိသတ်ဆီ ချပြနိုင်မယ်လို့ သိရပါတယ်။ သူ့ရဲ့တစ်ကိုယ်တော်တေးအယ်လ်ဘမ်အတွက် ကြိုးစားပြင်ဆင်နေကြောင်း သိရပါတယ်။

ဖြိုးမြတ်အောင်က လာမယ့် New Year ရင်ခုန်သံလေးကိုလည်း ခုလိုပြောလာပါတယ်။ “Happy New Year ကိုတော့ သူငယ်ချင်းတွေနဲ့ လမ်းဘေးမှာ ဂစ်တာလေးတီးပြီးဖြတ်သန်းချင်တာပါ။ ရန်ကုန်မှာနေရတာ မွန်းကျပ်ပြီး ဟန်ဆောင်မှုတွေများတယ်။ ဟသ်ာတပြန်ချင်တယ်။ သူငယ်ချင်းတွေ သတိရတယ်” လို့ ပြောပါတယ်။ လာမယ့် ၂၀၁၉ နှစ်သစ်ကိုလည်း သီချင်းတွေဆိုရင်း၊ အလှူတွေလုပ်ရင်း ဖြတ်သန်းသွားမယ်လို့ သိရပါတယ်။

နှစ်သစ်မှာ ပရိသတ်ကြီးလည်း စိတ်ချမ်းသာ ကိုယ်ကျန်းမာပြီး လိုရာဆန္ဒတွေပြည့်ဝကြပါစေလို့လည်း ဆုတောင်းစကားဆိုခဲ့ပါတယ်။

**ချစ်ချစ်ဇာခြည်**

## ချစ်သူတွေပါလို့ ဆိုလိုက်တဲ့ လီကွမ်ဆူနဲ့ လီဆန်းဘင်း



တောင်ကိုရီးယားရဲ့ ကြယ်ပွင့်စုံတွဲသစ် ပေါ်ထွက်လာခဲ့ပြီဖြစ်ပါတယ်။ သရုပ်ဆောင်တွေ ဖြစ်ကြတဲ့ လီကွမ်ဆူနဲ့ လီဆန်းဘင်းတို့ဟာ ချစ်သူတွေအဖြစ် လက်တွဲနေပြီဖြစ်ကြောင်း တရားဝင်ပြောကြားလာခဲ့တာ ဖြစ်တယ်လို့ စွန်ပီဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

ပြီးခဲ့တဲ့ ဒီဇင်ဘာ ၃၁ ရက်မှာ လီကွမ်ဆူရဲ့ဖျော်ဖြေရေးအေဂျင်စီက သူတို့နှစ်ဦး ချစ်သူတွေအဖြစ် လက်တွဲခဲ့ကြသည်မှာ ငါးလခန့်ကြာမြင့်ခဲ့ပြီဖြစ်ကာ ၂၀၁၆ ခုနှစ်အတွင်း “Running Man” ရုပ်သံအစီအစဉ် ရိုက်ကူးခဲ့စဉ်က စတင်တွေ့ဆုံခဲ့ကြတာဖြစ်ကြောင်း ရေးသားဖော်ပြခဲ့ပါတယ်။

## လက်ချင်းတွဲကာ တွေ့ခဲ့ရတဲ့ တေလာဆွစ်နဲ့ ဂျိုးအော်ဝင်န်



အေးပြည့်- စုစည်းသည်

ကျော်ကြားတဲ့ ကြယ်ပွင့်စုံတွဲတစ်တွဲဖြစ်တဲ့ တေလာဆွစ်နဲ့ ဂျိုးအော်ဝင်န်တို့ဟာ လတ်တလောမှာတော့ နယူးယော့ခ်ရဲ့ လမ်းတွေပေါ်မှာ လက်ချင်းတွဲကာ လမ်းလျှောက်ခဲ့ကြတာကို တွေ့ရပါတယ်။ အေးလွန်းတဲ့ရာသီဥတုမှာ လက်ချင်းတွဲကာ လမ်းလျှောက်နေကြတဲ့ ကြယ်ပွင့်စုံတွဲဟာ နေ့လယ်စာ အတူစားခဲ့ကြတာဖြစ်ကြောင်း မေးအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ တနင်္ဂနွေနေ့မှာတော့ ဗြိတိန်သရုပ်ဆောင်တစ်ဦးဖြစ်သူ ဂျိုးအော်ဝင်န်နဲ့ တေးရေး၊ တေးဆိုတစ်ဦးဖြစ်သူ အမေရိကန်ပေ့ါပ်ကြယ်ပွင့် တေလာဆွစ်တို့ဟာ နယူးယော့ခ်ရဲ့ မက်ဟန်တန်မှာ နေ့လယ်စာ အတူစားဖို့သွားရင်း လက်ချင်းတွဲကာ လမ်းလျှောက်ခဲ့ကြတာ ဖြစ်ပါတယ်။

သူတို့နှစ်ဦးဟာ ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ် နှစ်ကုန်ပိုင်းမှာ ချစ်သူတွေဖြစ်နေကြောင်း သတင်းတွေပေါ်ထွက်ခဲ့တာ ဖြစ်ပါတယ်။ ဒါပေမယ့် နှစ်ဦးအကြားက ဆက်ဆံရေးကို လျှို့ဝှက်ထားကြတာဖြစ်ပြီး နောက်ပိုင်းမှာမှ တရားဝင် လက်တွဲခဲ့ကြတာ ဖြစ်ပါတယ်။ ကြယ်ပွင့်စုံတွဲဟာ အများရှေ့လက်ချင်းတွဲကာ ပေါ်ထွက်လာခဲ့ပေမယ့် နှစ်သစ်ကူးပိတ်ရက်မှာတော့ ယခုလို အတူအလည်အပတ်ထွက်ခဲ့ကြတာကို တွေ့ခဲ့ရတာ ဖြစ်ကြောင်း သိရပါတယ်။

M.K.T Construction Co.,Ltd

နှစ်သစ်ကူး အခါသမယတွင် မြန်မာပြည်သူ ပြည်သားများအားလုံး ကျန်းမာချမ်းသာပျော်ရွှင်ပြီး ကံကောင်းခြင်း မင်္ဂလာအဖြာဖြာနှင့်ပြည့်စုံပါစေကြောင်း နှစ်သစ်ဆုမွန်ကောင်း တောင်းအပ်ပါသည်။

2019

Happy New Year

ရုံးချုပ်-အမှတ်(၁၁၁)၊ (၄၂)လမ်း၊ မဟာဗန္ဓုလလမ်း နှင့် ကုန်သည်လမ်းကြား၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

☎ ၀၁-၈၃၈၂၄၂၃၊ ၀၁-၈၃၉၈၀၉၁၊ ၀၁-၈၂၄၅၇၈၆ ၀၉-၄၄၃၀၇၂၂၅၀၊ ၀၉-၈၆၃၁၀၅၇

Website: www.mktconstruction.com Email: marketing@mktconstruction.com.

Facebook: www.facebook.com/mktconstruction.mm

# တန်ဖိုးရှိရှိ သဘာဝကျကျ နှစ်သစ်ကူးချိန်အခါသမယ

**ခ** ထက်ဝေအောင် (စစ်ကိုင်း)

နှစ်တစ်နှစ်၏ အချိန်ကူးပြောင်းမှုသည် တရွေ့ရွေ့နှင့် ကုန်လွန်သွားလေ့ရှိပါသည်။ ကျန်ခဲ့မည့်နှစ်ကို နှစ်ဟောင်း အဖြစ်ချန်ထားလျက် နှစ်သစ်ကို အချစ်ပိုကြိုဆိုကြမြဲ ဖြစ်သည်။ လူသားတိုင်း နှစ်သစ်ကို ရင်ခုန်ပျော်ရွှင်လျက် ရှိကြသည်။ နှစ်ကူးခြင်းနှင့်အတူ အပျော်စိတ်များဖြစ် ထွန်းလျက် ဘဝ၏ရင့်ကျက်ခြင်းကို သတိချပ်သင့်ပါ သည်။ အိုမင်းခြင်းသင်္ကေတကို လေ့လာသင့်သည်။ နေ့ရက်တိုင်း တန်ဖိုး ရှိ မရှိ စိစစ်သင့်သည်။ တန်ဖိုးရှိရှိ နေထိုင်ခြင်းကို သေချာစွာဆန်းစစ်ကြည့်လျှင် အလုပ် အောင်မြင်မှု၊ ငွေကြေးဥစ္စာတိုးပွားမှု၊ တရားဘာဝနာ လေ့ကျင့်မှု၊ မေတ္တာတရားပြည့်စုံမှု၊ စိတ်ချမ်းသာမှုတို့ကို ရည်ညွှန်းလျက်ရှိပေသည်။

### အချိန်ကာလ ကုန်ဆုံးလွယ်လှ

တစ်နှစ်လုံးခြုံငုံကြည့်လျှင် မိမိ၏အားသာချက်၊ အားနည်းချက်များကို တွေ့ရမည်ဖြစ်သည်။ အမှန်တရား ကို လက်ခံပြီး အားနည်းချက်များကို ပြုပြင်ခြင်းသည် အောင်မြင်မှုကို ဖြစ်ပေါ်စေပါသည်။ အချိန်ကာလက နေ့နှင့်ည ကူးပြောင်းလျက် ကုန်ဆုံးလွယ်လှသည်။ ပြုပြင်ပြောင်းလဲခြင်း အလေ့အကျင့်သည် ကောင်းမွန် သောစိတ်နေစိတ်ထား ဖြစ်ပါသည်။ အကျင့်တစ်ခု စိတ်ဝယ်စွဲလမ်းလျှင် ဖြတ်တောက်ရန်ခက်ခဲလှပါသည်။ ဆေးလိပ်အစွဲ၊ အရက်အစွဲ၊ မူးယစ်ဆေးအစွဲတို့သည် မစွဲလမ်းသင့်သော အကျင့်များသာဖြစ်ပါသည်။ စွဲလမ်း လျှင်ဖြင့် ဖြတ်တောက်ရ လွန်စွာခက်ခဲလှပါသည်။

သို့သော် ဖြတ်၍မပြတ်သောအရာမှာ ရေသာဖြစ် သည်။ အရက်ကြိုက်သူ အရက်ဖြတ်လိုက ဖြတ်နိုင်သည်။ အကျင့်သည် အချိန်စေ့ရောက်သည်နှင့် ပေါ်လာတတ် သော စိတ်ခံစားချက်ကို ဖြစ်စေသည်။ ထိုစိတ်ကို ပြုပြင် ရန်မှာ မိမိစိတ်ကို မိမိသိရှိမှသာ ဖြစ်နိုင်ပါသည်။ မိမိ စိတ်တွင် ဖြစ်ပေါ်ပြောင်းလဲနေသည့် စိတ်အခြေအနေကို ခန့်မှန်းမိပြီး ပြုပြင်ရန်ကြိုးစားပါက အောင်မြင်နိုင်ပေ သည်။ အကျင့်သည် နေ့ချင်းညချင်း ဖြတ်တောက်၍မရ နိုင်ပေ။ စိတ်အလေ့အကျင့်များက အချိန်တန်လျှင် အလိုအလျောက် ဖြစ်ပေါ်လာတတ်သည်။ ထိုစိတ်ကို သိခြင်း၊ စိတ်မဖြစ်အောင် နေထိုင်ခြင်းဖြင့် စိတ်ကျဉ်းကျပ် မှုမှ လွတ်မြောက်နိုင်သည်ကို တွေ့ရသည်။ စိတ်ကို စိတ်ဖြင့်မကစားမိစေရန် အရေးကြီးလှပါသည်။ စိတ်၏ ရန်သူသည် စိတ်သာဖြစ်သည်။ ထို့အတူ စိတ်၏ မိတ်ဆွေ မှာလည်း စိတ်သာဖြစ်သည်။ စိတ်အခြေအနေမှန်ကို သုံးသပ်နိုင်သူများမှာ စိတ်ချမ်းသာခြင်းနည်းလမ်းများ တစ်နေ့တခြား ပိုင်ဆိုင်ရရှိလာနိုင်သည်။

ကြိုးစားမှုသည် တက်သစ်စနေဝန်းပမာ အစဉ်ထွန်း လင်းလျက်ရှိသည်။ ကြိုးစားသူတိုင်းအတွက် ချန်ထားရစ် သည့် စကားပုံများစွာရှိသည့်အနက် 'တစ်နေ့တစ်လံ ပုဂံ ဘယ်ရွေ့မလဲ' ဆိုသည့် ဆိုရိုးစကားမှာ ကြိုးစားသူတိုင်း အတွက် ပုဂံနှင့်မဝေး၊ ဖွဲ့ရိုက ခြေကျင်ခရီးပင် အရောက် သွားနိုင်ပုံကို မီးမောင်းထိုးပြလျက်ရှိသည်။ ကြိုးစားမှု သည် နေရာတိုင်းတွင်တည်ရှိနေသည့် အားထုတ်မှုသာ ဖြစ်ပေသည်။ ကြိုးစားအားထုတ်မှုမရှိလျှင် အရာ အားလုံး မတိုးတက်ဘဲ ဆုတ်ယုတ်သွားနိုင်သည်။ ပျင်းရိ ခြင်းနှင့် ပျက်စီးခြင်းသည် ကျောချင်းကပ်လျက်ရှိသည်။ ကမ္ဘာကျော်ပုဂ္ဂိုလ်အားလုံး ဘဝပေးမျိုးစုံကြားမှ ရုန်းထ အောင်မြင်ခဲ့ကြသည်။ ကံ၊ ဉာဏ်၊ ဝီရိယအပြည့် ပေါင်းစပ် ထားသော ကြိုးစားမှုများက အချည်းအနှီးမဖြစ်နိုင် ကြောင်း သက်သေသာဓကများစွာရှိသည်။

မြန်မာနိုင်ငံသည် ကောင်းခြင်းမင်္ဂလာဖြင့်ပြည့်စုံ သော နိုင်ငံတစ်နိုင်ငံဟု ညွှန်းဆိုချင်မိပါသည်။ မြန်မာ တို့၏သဘောထားသည် ဖြူစင်ခြင်းအတိပြည့်နှက် လျက်ရှိသည်။ အားနည်းသူကို ကူညီရိုင်းပင်းလိုစိတ် ရှိသည်။ မိဘကျေးဇူးကို သိတတ်ရှိသေကြသည်။ ဆရာ သမားများကို လေးစားသည်။ အကြင်နာ၊ ကရုဏာ မခေါင်းပါးဘဲ မေတ္တာ၊ သစ္စာတရားများဖြင့် ပြည့်စုံသည်။ စွန့်လွှတ်စွန့်စား၊ သတ္တိဖြင့်ပြည့်စုံခဲ့ပုံကို သမိုင်းများ ကို ထောက်ဆခြင်းအားဖြင့် သိရှိနိုင်သည်။ အမုန်းတရား ကို တရားနှလုံးသွင်းပြီး ဖြတ်တောက်နိုင်သည်။ ငြိမ်းချမ်း သောဘဝကို ခိုင်မာသောစိတ်ဓာတ်ဖြင့် ကြိုးစားတည် ဆောက်နိုင်ကြသည်။ မိမိကိုယ်သာ အားကိုးရာအစစ်ဟု ဉာဏ်အမြင်ဖြင့် သိနိုင်သည်။

ကောင်းခြင်းမင်္ဂလာအရပ်ရပ်ဖြင့် ပြည့်စုံသော မြန်မာ နိုင်ငံကြီး အစဉ်ဖွံ့ဖြိုးတိုးတက်ရေးမှာ တိုင်းရင်းသား

> ❝ တိုင်းရင်းသားပြည်သူအပေါင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာခြင်း သုခအဖုံဖုံ ပိုင်ဆိုင်နိုင်ကြပါစေ။ နိုင်ငံတစ်ဝန်းလုံး ဘက်စုံဖွံ့ဖြိုးမှု ရလဒ်ကောင်းများဖြင့် နှစ်သစ်ကူးပြောင်းနိုင်ပါစေ။ ပျော်ရွှင်ခြင်း မင်္ဂလာအပေါင်း ခညောင်းကြပါစေ။ ❞

အားလုံး၏ တာဝန်သာဖြစ်သည်။ အောင်မြင်တိုးတက်ရေး ဆောင်ရွက်ရာတွင် အဆင်မပြေမှု၊ အခက်အခဲမျိုးစုံ ကြုံတွေ့ရလေ့ရှိပါသည်။ လောကဓံကိုအရှုံးမပေးဘဲ ကြိုးစားနိုင်မှသာလျှင် ကြုံတွေ့ရသည့်အခက်အခဲမျိုးစုံမှ လွတ်မြောက်နိုင်ပါသည်။ အခက်အခဲမျိုးစုံမှရရှိသည့် သင်ခန်းစာဖြင့် အကောင်းဆုံးသောစွမ်းဆောင်ချက်များ ပြုလုပ်နိုင်သည်။

ထို့အတူ စည်းလုံးမှုသည် ပြည်သာခြင်း၏ နိမိတ်လည်း ဖြစ်သည်။ အောင်မြင်ခြင်း၏ အကြီးမားဆုံးခွန်အား လည်းဖြစ်သည်။ စည်းလုံးညီညာအောင်ကြောင်းဖြာ၊ စည်းလုံးခြင်းသည်အင်အားဆိုသည့် ဆိုစကားများလည်း ရှိပါသည်။ နှမ်းတစ်စေ့ဖြင့်ဆီဖြစ်ရိုးမရှိ၊ သဲတစ်ပွင့်ဖြင့် အဆောက်အအုံဖြစ်ရန်မလွယ် စသည့်အတွေးအမြင် များကို ဖယ်ရှားပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှု စုပေါင်းအင်အားဖြင့် လောကဖွံ့ဖြိုးရေးလမ်းကြောင်း ပေါ်သို့ အရောက်သွားသင့်လှသည်။

### မိမိအကျိုး၊ တိုင်းပြည်အကျိုး မျှတစွာဆောင်ရွက်

ယနေ့အချိန်အခါသည် ကိုယ်စိတ်နှစ်ပါး အပြည့်အဝ အသုံးချပြီး နှစ်သစ်ကို ကြိုဆိုရမည့်အချိန်ကာလ ဖြစ်ပါ သည်။ နှစ်ဟောင်းကာလအတွင်းပြုကျင့်ခဲ့သော ကြိုးစား အားထုတ်မှု၊ ဆန္ဒအစုစုထက်သာလွန်သော ကံ၊ ဉာဏ်၊ ဝီရိယအပြည့်ဖြင့် လျှောက်လှမ်းကြရပါမည်။ ဘဝခရီးမှာ အလွန်ပင် တိုတောင်းလှပါသည်။ မှန်ကန်သော အသိ အမြင်ဖြင့် မိမိအကျိုး၊ တိုင်းပြည်အကျိုး မျှတစွာဆောင် ရွက်သင့်လှသည်။

နှစ်သစ်သည် ရွှင်လန်းခြင်းကိုဖြစ်ပေါ်စေနိုင်သည်။ မိမိတို့၏ တိုးတက်အောင်မြင်မှု၊ ဘဝတစ်ဆစ်ချိုး ကွေ့ရန် အချိန်ကောင်းလည်းဖြစ်သည်။ အစကောင်းမှ အနှောင်းသေချာဆိုသော ဆိုရိုးစကားအတိုင်း နှစ်ဦး နှစ်စသည် အရေးကြီးလှပါသည်။ သို့မှသာ တစ်နှစ်တာ စလယ်ဆုံး သုံးပါးစလုံး ညီညွတ်မျှတ တိုးတက်လာစေ မည်ဖြစ်သည်။ စိတ်ကောင်း နှလုံးကောင်းဖြင့် စိတ်ကူး သစ်၊ အကြံသစ်များ ချမှတ်အကောင်အထည်ဖော်နိုင် ပေသည်။ နှစ်သစ်ကူးအခါသမယတွင် အသိဉာဏ်ဖြင့် ချင့်ချိန်ပျော်ပါးပြီး အပျော်မှအပျက်ဖြစ်တတ်ခြင်းကို သတိထားဆင်ခြင်သင့်လှပါသည်။

နှစ်ကူးချိန်သည် တစ်နှစ်တာ၏ အကောင်းဆုံး ပြင်ဆင်ချိန်ဖြစ်သည်။ အချိန်သည် တရွေ့ရွေ့ကုန်ဆုံး တိုက်စားလေ့ရှိပေသည်။ နာရီ၊ စက္ကန့်တို့သည် ဟောင်း နွမ်းခြင်းသို့ ပြောင်းလဲပြီး နှစ်သစ်ကူးရန် ပြင်ဆင်နေ သည်။ အရွယ်သုံးပါးစလုံး အသက်တစ်နှစ်ကြီးလာပုံကို ညွှန်းဆိုသည်။ ပြက္ခဒိန်အသစ်တစ်ခုပေါ်တွင် ရှင်သန် ခြင်း၊ သေဆုံးခြင်းကို နိဂုံးချုပ်နိုင်ပုံကို သတိပေးနေ သည်။ အချိန်ကာလသည် တရားသဘောလည်းဖြစ် သည်။

လောဘ၊ ဒေါသ၊ မောဟဖြင့် ရှင်သန်နေထိုင်ခြင်း ကို လှုပ်နှိုးသော နှိုးစက်တစ်လုံးပမာ တူသည်။ အိုမင်း ရင့်ရော်လာခြင်းကို မှန်တစ်ချပ်ပမာ ထင်ဟပ်ပြသသည်။ ပြုခဲ့မိသောကံတရား၏ ဆိုးမွေ၊ ကောင်းမွေကို ခံစား နိုင်ရန် အချိန်ကာလတစ်ခုအဖြစ် တည်ရှိသည်။

ထို့အတူပင် မကောင်းမှုရှောင်၊ ကောင်းမှုဆောင် လျက် စိတ်ကိုဖြူစင်အောင် ထားရှိရပါမည်။ ရခဲလှသည့် လူ့ဘဝတွင် သတိတရားဖြင့် မိမိကိုယ်ကိုဆင်ခြင်လျက် မိမိအကျိုး၊ နိုင်ငံ့အကျိုး သယ်ပိုးထမ်းရွက်ရပါမည်။ ပူပန်မှုကို နည်းပါးအောင် ပြုပြင်လျက် စိတ်ချမ်းသာခြင်း၊ ကိုယ်ကျန်းမာခြင်းကို ဖြစ်စေရပါမည်။ ဆင်ခြင်သုံးသပ်မှု အထပ်ထပ်ဖြင့် စိတ်ပူပန်မှုကို လျှော့ချရပါမည်။ ရောက်ဆဲအချိန်ကာလတွင် အသက်ရှူသံမှန်မှန်ဖြင့် နောင်တကင်းသောဘဝမျိုး ပိုင်ဆိုင်နိုင်ရန် ကြိုးစားကြ ရပါမည်။ မှန်ကန်သောအသိအမြင်၊ အကြံအစည်၊ ပြော ဆိုနေထိုင်မှု၊ အသက်မွေးဝမ်းကျောင်းမှန်ကန်မှုနှင့် သတိရှိရှိ အားထုတ်ကျင့်ကြံနိုင်လျှင် နောင်တကင်းသော ဘဝကို ပိုင်ဆိုင်နိုင်ပေလိမ့်မည်။

ပြောင်းလဲနေသည့်အချိန်ကာကို ဆင်ခြင်ကြည့်လျှင် တိုးတက်မှု၊ ဆုတ်ယုတ်မှုကိုတွေ့မြင်နိုင်ပါသည်။ ပြုပြင် ပြောင်းလဲစရာအချက်များကို နှစ်သစ်တွင် အချိန်မီပြုပြင် နိုင်ရန် ကြိုးစားကြရပါမည်။ အမှားကိုသိသူ၊ အမှန်ပြင် နိုင်သူမှာ မိမိပတ်ဝန်းကျင်ကို တိုးတက်ကောင်းမွန် အောင် စွမ်းဆောင်နိုင်ပေလိမ့်မည်။ တစ်ဦးတစ်ယောက် ကြီးပွားချမ်းသာမှုကို မလိုစိတ်ထား မကြီးထွားလာ စေရန် မေတ္တာတရား လက်ကိုင်ထားရပါမည်။ ကြီးပွား တိုးတက်ခြင်း၊ အောင်မြင်ကျော်စောခြင်းမှာ ရှေးဘဝက ပြုခဲ့ဖူးသည့် ဒါန၊ သီလ၏ အကျိုးဆက်ဖြစ်သည်ကို သတိချပ်ရပါမည်။ ဝမ်းမြောက်စိတ်ဖြင့် မုဒိတာပွားနိုင် ရပါမည်။ ကိုယ်ချင်းစာနာစိတ်ဖြင့် ရိုင်းပင်းကူညီနိုင်ရပါ မည်။ စိတ်ရင်းစေတနာကောင်းဖြင့် အကြံအစည် အလုပ်အကိုင်များလည်း မှန်ကန်တည့်မတ်ပေးရပါ မည်။

### မေတ္တာတရားသည် အေးချမ်း

မေတ္တာတရားသည် ဒေါသကိုငြိမ်းစေသည်။ မေတ္တာ တရားသည် အလျား၊ အနံမရှိသော်လည်း အသွားအပြန် ရှိသည်ကို သိရှိနိုင်သည်။ ပုထုဇဉ်လူသားများပီပီ အမှား နှင့်မကင်းနိုင်ကြပေ။ မိုက်မဲမှုကို သတိထားဆင်ခြင်ပြီး တိတိကျကျပြုပြင်သွားရပါမည်။ မေတ္တာတရားသည် အေးချမ်းလှပါသည်။ ဒေါသစိတ်၊ လောဘစိတ်၊ မောဟ စိတ်တို့ကဲ့သို့ ပူလောင်ခြင်းမရှိဘဲ မိမိနှင့် မိမိပတ်ဝန်း ကျင်ကို အစဉ်အမြဲ အေးချမ်းနေစေသည်။ အတက်အကျ အပြောင်းအလဲကို ဉာဏ်နှင့်ဆင်ခြင်ပြီး အေးချမ်းအောင် နေထိုင်ခြင်း၊ ပြုပြင်ပြောင်းလဲခြင်းသည် စစ်မှန်သော ငြိမ်းချမ်းမှုကို ရရှိစေသည်။ မာန်နှင့်တူသော အောင်မြင် မှုများနှင့် အစဉ်တစိုက် ကြုံကြိုက်နေလျှင် သတိထိန်းချုပ် ဆင်ခြင်နိုင်သည်။ အောင်မြင်မှုသည် မိမိကိုယ်တိုင် တိုင်းတာသောပေတံပေါ်က အမှတ်အသားတစ်ခုသာ ဖြစ်သည်။

လူသားတိုင်း လောကဓံ၏ ရိုက်ပုတ်မှုဒဏ်ကို အမျိုး မျိုးအဖုံဖုံ ခံစားခဲ့ကြရသည်။ အောင်မြင်သည်လည်းရှိခဲ့ သည်။ ကျရှုံးသည်လည်းရှိခဲ့သည်။ ခံနိုင်ရည်ရှိပုံချင်းက မတူညီကြပေ။ တချို့မှာ လောကဓံအထုအထောင်း အကြား ပြားပြားမှောက်လျက် ဘဝနာလန်မထူနိုင်စွာဖြင့် ဘဝကို အရက်သေစာလက်သို့ ဝကွက်အပ်ထားကြ သည်။ တစ်နေကုန်တစ်နေအေးသည်ဟု ဆိုကြသည်။ ဘဝရည်မှန်းချက်မဲ့စွာ အသက်ရှင်ရပ်တည်နေကြသည်။ တချို့မှာ လောကဓံ၏ ပညာပေးလှည့်ကွက်အောက် ရောက်ရှိသွားခဲ့သော်လည်း သတိမကွာဘဲ အသက် တစ်ရက်၏ အဓိပ္ပာယ်ကို တန်ဖိုးထားသိရှိကြသည်။

အချိန်နှင့်ဒီရေသည် လူကိုမစောင့်ဟူသော စကားပုံ ရှိသည်။ အချိန်သည် တိုက်စားလျက်ရှိပေသည်။ ၂၀၁၉ ခုနှစ်သို့ ကူးပြောင်းရန်မှာ တာစူလျက်ရှိသည်။ ကမ္ဘာ့ နိုင်ငံအသီးသီးနှင့်အပြိုင် နှစ်ဟောင်းကိုပစ်လျက် နှစ်သစ်ကိုချစ်ရန်အတွက် ရင်ခုန်သံ နာရီ၊ စက္ကန့်တို့ကို ရေတွက်နေကြသည်။ နယူးရီးယားဆိုသည့် သံပြိုင်ဟစ် အော်ရန်အတွက် အရှိန်ယူနေကြသည်။ တစ်ဦးနှင့် တစ်ဦး ချစ်ခင်ရင်းနှီးစွာဖြင့် ဇန်နဝါရီ ၁ ရက်ဖြစ်လာ မည့် စက္ကန့်လက်တံကို မမှိတ်မသုန် ကြည့်နေကြသည်။ နေ့သစ်၏ အေးမြသောလေကို ရှူရှိုက်ခွင့်ရပေတော့ မည်။

မင်္ဂလာရှိသော နှစ်သစ်ကူးအချိန်အခါသမယတွင် တိုင်းပြည်အကျိုး သယ်ပိုးထမ်းရွက်သူတိုင်း ရင်တွင်း နှစ်သစ်ကူးဆုတောင်း ကိုယ်စီရှိနိုင်ပါသည်။ မြန်မာ နိုင်ငံတစ်ဝန်းလုံး ငြိမ်းချမ်းပါစေ။ တိုင်းရင်းသား ပြည်သူအပေါင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာ ခြင်း သုခအဖုံဖုံ ပိုင်ဆိုင်နိုင်ကြပါစေ။ နိုင်ငံတစ်ဝန်းလုံး ဘက်စုံဖွံ့ဖြိုးမှုရလဒ်ကောင်းများဖြင့် နှစ်သစ်ကူးပြောင်း နိုင်ပါစေကြောင်း၊ ပျော်ရွှင်ခြင်း၊ ရင့်ကျက်ခြင်း မင်္ဂလာ အပေါင်း ခညောင်းကြပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ရပါသည်။

## ဟိုပုံးမြို့နယ် ထမ်းဆမ်းလိုဏ်ဂူတော်၌ ဘုရားဖူးဧည့်သည်များဖြင့် စည်ကား

**ဟိုပုံး ဒီဇင်ဘာ ၃၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့နယ် ထမ်းဆမ်းလိုဏ်ဂူ တော်၌ အပန်းဖြေခရီးထွက်သူများ၊ ဒေသန္တရ ဗဟုသုတ ရှာမှီးရန် ခရီးထွက်သူများနှင့် မိသားစုနေရပ် ပြန်သူများ၊ ရပ်ဝေးရပ်နီးမှ ဘုရားဖူးသူများ အများအပြား လာရောက် လည်ပတ်လျက်ရှိကြောင်း တွေ့ရသည်။

ရန်ကုန်မြို့မှ ဘုရားဖူးတစ်ဦးဖြစ်သူ မမိုးစက်ပွင့်က ရှမ်းပြည်၌ရှိသည့် တန်ခိုးကြီးဘုရားများကို ဖူးမြော်ခွင့်ရ သည့်အတွက်လည်း ဝမ်းသာမိပါကြောင်း၊ မိတ္ထီလာမြို့မှ ဘုရားဖူးတစ်ဦးကလည်း ရှမ်းပြည်၏အငွေ့အသက်၊ သဘာဝတောတောင်ရေမြေအလှတရား၊ ကျောက်ပန်း ခက်များအကြား ဂူနံရံများ၌ မုဒြာပုံတော်များနှင့် စိမ့်စမ်း ရေအားကောင်း၍ ကျောက်နွယ်ကျောက်ပန်းခက်များမှ ရေများစိမ့်ထွက်နေသည့် သဘာဝအလှတရားမို့ တန်ဖိုး ဖြတ်၍မရနိုင်သော နေရာတစ်ခုဖြစ်ခြင်းကြောင့် များစွာ ဂုဏ်ယူပီတိဖြစ်ရပါကြောင်း ရင်ဖွင့်စကားပြောကြားသည်။

ဟိုပုံးမြို့နယ်ရှိ ထမ်းဆမ်းလိုဏ်ဂူတော်၌ ဘုရားဖူးဧည့် သည်များသည် ယခင်နေ့ထက် ပိုမိုစည်ကားလျက်ရှိပြီး ရုံးပိတ်ရက်ကာလ လေးရက်ဖြစ်သောကြောင့် ရပ်ဝေးမှ ဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားများ ပိုမိုလာရောက် လျက်ရှိကြောင်း သိရသည်။

**ထက်ထက်(ဟိုပုံး)**



# ခေတ္တရာအသင်း(ရန်ကုန်မြို့)
(ပြည်၊ ရွှေတောင်၊ ပန်းတောင်း၊ ပေါက်ခေါင်း၊ သဲကုန်း၊ ပေါင်းတည်)
## နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်ပွဲ
## သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့်နှစ်ပတ်လည်ပွဲ

အသင်းတည်ထောင်မှု နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် အခမ်းအနားကို နှစ်စဉ်ပြုလုပ်နေကျ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲ၊ နှစ်ပတ်လည်ပွဲများနှင့်အတူ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလအတွင်းတွင် အသင်းတည်ရှိရာ ခေတ္တရာအသင်းဓမ္မာရုံ၌ ကျင်းပပြုလုပ်သွားရန် စီစဉ်ထားပါသည်။ အထိမ်းအမှတ်အဖြစ် ရာပြည့်ပြက္ခဒိန် ထုတ်ဝေပြီးဖြစ်သလို ရာပြည့်မဂ္ဂဇင်း မကြာမီထွက်ရှိမည်ဖြစ်ပြီး အထိမ်းအမှတ်ပစ္စည်းများလည်း ပေးအပ်သွားနိုင်ရန်နှင့် အခမ်းအနားတွင် ဒေသအစားအစာများဖြစ်သည့် ပြည်ပလာတာ၊ ရွှေတောင်ခေါက်ဆွဲ၊ ပန်းတောင်းထမင်းသုပ်၊ ပေါက်ခေါင်း စိန်ပန်းသုပ်၊ သဲကုန်း မြန်မာမုန့်မျိုးစုံ၊ ပေါင်းတည်ရေမုန့်တို့ဖြင့် ဧည့်ခံသွားရန် စီစဉ်ထားပါသည်။ အစီအစဉ်အသေးစိတ်ကို ဆက်လက်ကြေညာသွားမည်ဖြစ်ပြီး ရန်ပုံငွေထည့်ဝင်လှူဒါန်းလိုပါက အောက်ဖော်ပြပါပုဂ္ဂိုလ်များထံ ဆက်သွယ်နိုင်ပါကြောင်းနှင့် ဒေသကိုချစ်သော နယ်သူနယ်သားများအား တက်ရောက်ချီးမြှင့်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ဦးရဲထွန်းဝင်း (၀၉-၄၃၀၀၆၂၃၂)
ဦးသက်ဦးမောင် (၀၉-၅၁၇၈၄၁၀)
ဒေါ်စုစုလွင် (၀၉-၄၅၀၀၆၃၆၃၇)
ဦးမျိုးအောင် (၀၉-၇၃၁၆၆၄၅၆)
ဦးမောင်မောင်ကြည် (၀၉-၇၇၂၂၇၃၇၃)
ဒေါ်ဆွေဆွေအောင် (၀၉-၂၅၄၄၂၉၉၆၇)
ဒေါ်ဥမ္မာသန်း (၀၉-၅၀၀၄၂၃၁)
ကာတွန်း ကိုရွှေထူး (၀၉-၅၀၁၆၈၇၆)
ဦးသိန်းနိုင် (၀၉-၅၀၇၁၀၂၇)

အလုပ်အမှုဆောင်အဖွဲ့

# ရွှေပင့်ကူ
09-4 50224339,09-423720047

ဒဂုံမြို့သစ်အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊ ဆိပ်ကမ်း၊ ရွှေပေါက်ကံရှိ မြေကွက်များ စျေးကောင်းပေး၀ယ်သည်။ အိမ်တိုင်ရာရောက် ငွေချေစနစ်ဖြင့် ဝန်ဆောင်မှုပေးသည်။
**09-255558496**
**09-255558498**

ဗလငါးတန်
ဖွံ့ဖြိုးဖို့
စာအုပ် စာပေ
လေ့လာစို့

# သီတဂူရွှေပြည်ဟိန်းကုသိုလ်ဖြစ်ဆေးရုံ
## တည်ဆောက်ခြင်းပါဝင်လှူဒါန်းနိုင်

- မင်္ဂလာဒုံ သီတဂူရွှေပြည်ဟိန်းကုသိုလ်ဖြစ်ဆေးရုံ ပေ (၁၆၀×၅၆) သုံးထပ်ဆောင် တစ်ထပ်လျှင် ကျပ်သိန်း ၁၀၀၀
- လူနာစမ်းသပ်ခန်း တစ်ခန်းလျှင် ကျပ် ၁၀၀၀၀၀၀
- ဖြတ်တောက်ခန်းလျှင် ကျပ် ၁၀၀၀၀၀၀
- အိမ်သာ၊ ရေချိုးခန်း တစ်ခန်းလျှင် ကျပ် ၈၀၀၀၀၀
- ဆရာဝန်နားနေဆောင် ကျပ် ၅၀၀၀၀၀၀
- ဝရံတာတစ်ခန်းလျှင် ကျပ် ၁၀၀၀၀၀
- ပေ (၂၀×၅၀) တခန်းလျှင် ကျပ် ၅၀၀၀၀၀
- အမိုးနှင့်မျက်နှာ ကြက်တစ်ကွင်းလျှင် ကျပ် ၁၅၀၀၀၀
- လူနာခုတင်တစ်လုံးလျှင် ကျပ် ၁၅၀၀၀
- ရပ်ပြင်တွန်တရစ်ကလမ်းခင်း ကျပ် ၃၀၀၀၀

**ဌာန-ရွှေပြည်ဟိန်းကျောင်း၊** ပြည်သာယာ၊ ရန်တင်း၊ ILBC အနီး တာမွေလေးသုံးလမ်း။ ဖုန်း - ၀၉-၅၁၀၂၁၉၇၊ ၀၁-၅၄၁၄၉၃
**သီတဂူရွှေပြည်ဟိန်းကျောင်း၊** လှိုင်သာယာထပ်အောင်ရုံအနီး ပြည်လမ်း၊ မင်္ဂလာဒုံ ဓေတဝန်ရွှေရုံကျောင်းသေား။ ဖုန်း - ၀၉-၄၁၀၉၆၄၁
ရွှေ့တိုင်ကထ္ထာသတ် Ashin Khemasirilinkara Account No: 00750100701690301 ဘဏ်စာရင်းသို့ လှူဒါန်းနိုင်ပါသည်။




# KOICA
Korea International Cooperation Agency

KOICA Office in Myanmar is currently looking for a program officer who is outgoing with positive attitude and a team player.

Program Officer (1 post)
Location: Yangon
Contract: yearly-basis

Responsibility: Support KOICA program management, knowledge management and administrative tasks related to program, write and review an English official letter related to program, coordinate and liaise with Myanmar Government Ministries and other development partners, carry out other duties assigned by program manager.

Salary: from USD 530 per month for Bachelor's degree level and from $600 for Master's degree level, salary will be negotiable based on the relevant work experiences (During 3 months' probation period, 90% of salary stipulated in the contract)

Closing Date: 1 January 2019 (23:59 Myanmar Time)

Applications including cover letter and CV with references should be submitted via email to koica.mm@gmail.com. For more information, please visit https://www.facebook.com/koica.myanmar.

# ROSE HILL HOSPITAL
**အမှတ်(၂၀) A၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။**
**Ph:558401/ 552547**

(1) Senior Medical Officer (M.B.,B.S)ဘွဲ့ရ လုပ်သက်သုံးနှစ်ရှိသူ။ (၂)ဦး
(2) Medical Officer (M.B.,B.S)ဘွဲ့ရ (၃)ဦး
(3) Sister လုပ်ငန်းအတွေ့အကြုံရှိသူ (၁)ဦး
(4) Trained Nurse (Diploma Nursing/BNSC)ဘွဲ့ရ (၂)ဦး
(5) Pharmacy incharge (B-Pharm)ဘွဲ့ရ (၂)ဦး
(6) သန့်ရှင်းရေး (၁)ဦး

**လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်၊ သန်းခေါင်စာရင်းမိတ္တူ၊ မှတ်ပုံတင်မိတ္တူနှင့်အတူ (၁၀)ရက်အတွင်း ရိုက်ထားသောဓာတ်ပုံ(၁)ပုံ၊ ပညာအရည်အချင်းအထောက်အထား၊ ဆက်သွယ်ရန်လိပ်စာ၊ ရပ်ကွက်ထောက်ခံစာတို့နှင့်အတူ လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။**
**(နံနက် ၁၀နာရီမှ ညနေ ၄နာရီအတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။)**

# အများသိစေရန်
ရန်ကုန်တိုင်းဒေသကြီး၊ ဆိပ်ကြီးခနောင်တိုမြို့နယ်၊ ဆိပ်ကြီးအရှေ့ရပ်ကွက်၊ ရောင်နီဦးလမ်းသွယ်၊ အမှတ်( - ) ရှိ၊ အလျား ၂၀ပေ×အနံ ၄၀ပေ အိမ်နှင့်မြေကို ဦးထွန်းထွန်းမင်းမှ တာဝန်ယူရောင်းချ၍ ဒေါ်သန်းသန်းနုမှ လက်ရောက်ယူ၊ လက်ရှိထားရှိပြီးဖြစ်ပါသည်။ အဆိုပါ အိမ်မြေသည် ဒေါ်သန်းသန်းနုနှင့်သာ သက်ဆိုင်ပြီး ဒေါ်သန်းသန်းနုမှသာ လွှဲပြောင်းခွင့်၊ ရောင်းချခွင့်၊ ပေးကမ်းခွင့်ရှိကြောင်း၊ အခြားမည်သူနှင့်မျှ သက်ဆိုင်ခြင်းမရှိပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဒေါ်သန်းသန်းနု**
**[၁၂/ဆကခ(နိုင်)၀၀၈၈၇၁]**
**အမှတ်-၂၄၊ ယင်းမာပင်လမ်း၊**
**ဆိပ်ကြီးအရှေ့ရပ်ကွက်၊**
**ဆိပ်ကြီးခနောင်တိုမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇင်မျိုးဦး (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၄၆၆၈၂)**
**အမှတ်-၁၀၊ အေးသီရိလမ်း၊**
**ခနောင်တို အနောက်ရပ်ကွက်၊**
**ဆိပ်ကြီးခနောင်တိုမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။**


2019 HAPPY NEW YEAR နှစ်သစ်ဆုတောင်းလွှာ
GRAND WYNN ENTERPRISES LTD & GRAND TWIN BROTHERS LTD
နှစ်သစ်မင်္ဂလာအခါသမယတွင် Grand Wynn Group of Companies မှဖြန့်ဖြူးရောင်းချလျက်ရှိသည့် စားသောက်ကုန်ပစ္စည်းများကို နှစ်ပေါင်း(၂၈)နှစ် ကျော်လွန်သည့် တိုင်အောင် ဝယ်ယူအားပေးခဲ့ကြသော မိတ်ပြည်သူများ၊ လုပ်ငန်းရှင်ကြီးများနှင့်အနယ်နယ်အရပ်ရပ်မှ အရောင်းကိုယ်စားလှယ်ကြီးများ အားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပြီး စီးပွားဥစ္စာတိုးတက်ကာ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း နှစ်သစ်ဆုတောင်းမေတ္တာပို့သအပ်ပါသည်။ ကျွန်တော်များ Grand Wynn Companies မှ တင်သွင်းဖြန့်ဖြူး ရောင်းချလျက်ရှိသည့် နိုင်ငံတကာ အဆင့်မီအရည်အသွေး မြင့်မားကောင်းမွန်သော လူမျိုးမရွေး စားသုံးနိုင်သည့် Hotel,Restaurant & Catering (HORECA) လုပ်ငန်းသုံးစားသောက်ကုန်များ၊ Dairy Product နို့ထွက်ပစ္စည်းများ၊ Pastry & Bakery နှင့် မုန့်လုပ်ငန်းသုံးပစ္စည်းများ၊ Cooking Oil ဟင်းချက်ဆီ အမျိုးမျိုး အစရှိသည့် ကုန်ပစ္စည်း အမျိုးအမယ် ပေါင်း ၁၅၀၀ ကျော်ကို တစ်နေရာထဲတွင် ပြီးပြည့်စုံစွာ ဝယ်ယူရရှိနိုင်စေရန်အတွက် One Stop Service အနေဖြင့် ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။တစ်နှစ်ပတ်လုံးကုန်ပစ္စည်းပြတ်လပ်မှုမရှိစေရန်အတွက် ကုန်ပစ္စည်း အလိုအလျောက် မှာယူ သိုလှောင်ထားရှိကာ တယ်လီဖုန်းတစ်ခါဆက်လိုက်ရုံဖြင့် မှာယူသည့်နေရာသို့ အရောက်ပေးပို့သည့် Door to Door Delivery System စနစ်ဖြင့် မြန်မာနိုင်ငံတဝှမ်းလုံးသို့ တင်သွင်းဖြန့်ဖြူးရောင်းချ ပေးလျက်ရှိပါသည်။ ၎င်းအပြင် ကုမ္ပဏီပိုင် EU အသိအမှတ်ပြု HACCP Certificate နှင့် ISO 22000:2005 လက်မှတ်ရ Twin Brothers Seafood Cold Storage မှ ထုတ်လုပ်သည့် USA,UK,Europe & Middle East နိုင်ငံများသို့ တင်ပို့ရောင်းချနေသည့် Export Quality ရေချို/ရေငံငါး/ပုစွန်များ ၊အရိုးလွတ်ငါးအသားလွှာ (Fish Fillet & Finger ) နှင့် ငါးခြောက်မျိုးစုံကိုလည်း ဖြန့်ဖြူးရောင်းချ ပေးလျက်ရှိကြောင်း သတင်းကောင်းပါးအပ်ပါသည်။ Grand Wynn Group of Companies မိသားစု
မိတ်ပြည်သူများ အလွယ်တကူဝယ်ယူ နိုင်ရန် အတွက် Grand Food Mart ဆိုင်ခွဲများဖွင့်လှစ်ရောင်းချပေးလျက်ရှိရာ ကိုယ်တိုင်လာရောက်ကြည့်ရှု ဝယ်ယူအားပေးနိုင်ပါသည်။
FDA No- IR-F/2018-B1/812
Denmark နိုင်ငံထုတ် Arla Cheese
FDA No-IR-F/2018-B1/2475
Mother's Choice Margarine
FDA No- IR-F/2018-B1/2806
ဂျာမနီနိုင်ငံထုတ် နွားနို့စစ်စစ် Milcow Milk
FDA No- IR-F/2018-B1/678
စပိန်နိုင်ငံထုတ် Pascual ဒိန်ချဉ်နှင့်ပူတင်း
FDA No- IR-F/2018-B1/1133
Pascual ဒိန်ချဉ်အရည်စစ်စစ်
FDA No- IR-F/2017-B1/2790
Denmark နိုင်ငံထုတ် Arla Cheese
FDA No- IR-F/2017-B1/1866
Denmark နိုင်ငံထုတ် Cheese & Butter
FDA No- IR-F/2018-B1/1899
Mom's Choice Jam
APPROVLE NO: SA 13/11014/HTALA
Easy to Cook
(၃) မိနစ်ကြော်လျှင်ဖြင့် အသင့် စားသုံးနိုင်သည်
Mom's Choice ငါးအသားချောင်း၊ ငါးအသားလွှာ
Mom's Choice Dimsum
ပလာတာ၊ စမူဆာကော်ပြန့်
Kawan
FDA No- IR-F/2017-B1/1508
Figo
Hot Pot
Sea Food
FDA No- IR-F/2018-B1/2476
Ready to Fry
FDA No- IR-F/2018-B1/892
McCain
USA Potatos
သတ်သတ်လွတ် အာလူးများ
FDA No- IR-F/2017-B1/741
ဘရာဇီး နိုင်ငံထုတ်
Chicken Burger,Fingers,Nugget & Pops
Sadia (၃) မိနစ်ကြော်လျှင်ဖြင့် အသင့် စားသုံးနိုင်သည်
FDA No-IR-F/2017-B1/2099
Chicken Frank & Sausage
ဘရာဇီး/ပြင်သစ် နိုင်ငံထုတ်ကြက်အူချောင်းများ
FDA No- IR-F/2017-B1/2134
ဘရာဇီး နိုင်ငံထုတ်
Chicken Whole/Wing & Drum Stick
Sadia
ဟော်လန် နိုင်ငံထုတ်
Duck Whole/
ပြင်သစ်နိုင်ငံထုတ် Rougie
ဘဲအသည်းနှင့်ရင်ဆုတ်
Australian Meltique Beef
MELTIQUE BEEF
Easy to cook
Fish Fillet
(အရိုးလွတ်ငါးအသားလွှာ)
Fresh Water Fish ရေချိုငါးမျိုးစုံ
သန့်ရှင်းလတ်ဆတ်ပြီး
အသင့်ချက်ပြုတ်စားသုံးနိုင်သော ပုစွန်/ငါး မျိုးစုံ
ပုစွန်အခွံချွတ်
ငါးရံ့ခုတ်သား
ကတက်
FDA No-IR-F/2018-B1/2471
New PACKAGING
အရည်အသွေးမြင့် ဘူးဒီဇိုင်းပုံစံသစ်
Mom's Choice Vegetable Oil
FDA No-IR-F/2018-B1/2838
Saji Vegetable Oil
FDA No-IR-F/2018-B1/805
Zade Sunflower Oil
Arla Denmark နိုင်ငံထုတ်Hotel, Bakery & Restaurant လုပ်ငန်းတို့အတွက် အကောင်းဆုံး
FDA No-IR-F/2018-B1/3004
Elmer Chocolate
Hotel,Restaurant,Bakery လုပ်ငန်းတို့အတွက် နိုင်ငံတကာ မှ အကောင်းဆုံးမုန့်လုပ်ငန်းသုံးပစ္စည်းများ
Promotion အစီအစဉ်များကို
Facebook Page များတွင်ကြည့်ရှုနိုင်ပါသည်။
facebook.com/easytocookmm, facebook.com/pascualmyanmar, facebook.com/grandfoodmart,
facebook.com/momschoicevegetableoil,facebook.com/grandtwinbrother,facebook.com/arlamyanmar,
အသေးစိတ်သိရှိမေးမြန်းလိုပါက Hot Line : 01 9010045,9010277 ၊ ဒေါ်အိအိဟန် ၀၉ ၄၂၁၃၂၄၇၄၊ ဒေါ်အိအိထွန်း၊ ၀၉၅၀၉၉၅၂၀၅၃၊ ဒေါ်အိသူ ၀၉ ၉၇၇၁၀၄၂၀၃၊ ဒေါ်ယဉ်သန္တာ ၀၉ ၉၆၉၇၅၆၈၂၊ ဒေါ်ယမင်းသူ ၀၉ ၄၂၀၀၁၁၉၄၁
Grand Food Mart (1) (Yangon) : No-2, Aung San Stadium (Eastern),Upper Pansoedan Street,Mingalar Taung Nyunt Township. Hot line: (95-1) 252325.
Grand Food Mart (2) (Yangon) : No.159,Kyeikkasan Street,Tamwe Township Yangon,Myanmar ,Hot Line :(95-1)556895, 09 955161363.
Grand Food Mart (3) (Mandalay) : No-(A-4), 78th Street,Between 27th Street & 28th Street, Chan Aye Thar Zan Township, Mandalay, Hot line : (95-2) 4066878.
Grand Food Mart (4) (Lashio) : No50/9, Theinni Road, Ward (12) Lashio Township, Myanmar. Tel : (95-82) 2204003,2204042, Hot Line : 09960023332
HACCP
GMP

# နှစ်သစ်ကူးရုံးပိတ်ရက်တွင် ပုဂံနေဝင်ဆည်းဆာကြည့် တောင်ကုန်းများ၌ ကြည့်ရှုသူများပြား



**ပုဂံ ဒီဇင်ဘာ ၃၁**

နှစ်သစ်ကူးရုံးပိတ်ရက် ပြည်တွင်း၊ ပြည်ပ ခရီးသွားများနှင့် မြန်မာပြည်အရပ်ရပ်မှ ဘုရားဖူးဧည့်သည်များ ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုဇုန်ရှိ သမိုင်းဝင်ဘုရားပုထိုးများ၊ သမိုင်းဝင်သာသနိက အဆောက်အအုံများတွင် လာရောက်လေ့လာသူ၊ ဘုရားဖူးသူများ များပြားနေကြောင်းနှင့် ပုဂံနေဝင်ချိန် နေဝင်ဆည်းဆာကြည့်ရှုရန် ပြုလုပ်ထားသည့် တောင်ကုန်း(တု)များပေါ်တွင် ပုဂံနေဝင်ဆည်းဆာကြည့်ရှုသူများ တိုးမပေါက်အောင် များပြားနေသည်။

ပုဂံ-ညောင်ဦးဒေသသို့ လာရောက်လည်ပတ်သူများအနေဖြင့် ချမ်းအေးသည့် ဆောင်းရာသီကို ခံစားရင်း စေတီပုထိုးများကြား မြင်းလှည်းငှားစီးသည့် ဘုရားဖူးဧည့်သည်များ၊ စက်ဘီးဖြင့်သွားသည့် ပြည်တွင်း၊ ပြည်ပ ခရီးသွားများ၊ ကားကြီး၊ ကားလေး၊ E-Bike ဘက်ထရီဘီးစီးပြီး ရှေးဟောင်းစေတီပုထိုး၊ သာသနိကအဆောက်အအုံများ လေ့လာကြသည့် ပြည်ပဧည့်သည်များ၊ ပြည်တွင်းဘုရားဖူးများ အထူးစည်ကားနေကြောင်း သိရသည်။

ယခင်ကဆိုလျှင် ပြည်တွင်းဘုရားဖူးများ သမိုင်းဝင်အထင်ကရ ဘုရားများဖြစ်သည့် စွယ်တော်လေးဆူ၊ မဟာငှက်ပစ်တောင်၊ အလိုတော်ပြည့်၊ ထီးလိုမင်းလို၊ အာနန္ဒာဘုရား၊ စာမျက်နှာ ၈ ကော်လံ ၅ သို့ ◯

## ၂၀၁၉ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲကို အသင်း ၂၀ ဖြင့် ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၃၁**

မြန်မာနေရှင်နယ်လိဂ်ကော်မတီသည် ၂၀၁၉ ရာသီ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲကို အသင်း ၂၀ ဖြင့် ကျင်းပမည်ဖြစ်သည်။ လာမည့်ရာသီ ရှုံးထွက်ပြိုင်ပွဲကို မတ် ၁၂ ရက်မှ စက်တင်ဘာ ၂၁ ရက်အထိ ကျင်းပမည်ဖြစ်သည်။

**တစ်ကျော့တည်း ကျင်းပမည်**

ရှုံးထွက်ပြိုင်ပွဲကို ယခင်နှစ်များအတိုင်း ကျင်းပမည်ဖြစ်ပြီး ဆီမီးဖိုင်နယ်အဆင့်မှလွဲ၍ ကျန်အဆင့်များကို တစ်ကျော့တည်း ကျင်းပမည်ဖြစ်သည်။ ပထမအဆင့်တွင် ပထမတန်းအသင်းများသာ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ဒုတိယအဆင့်တွင် MNL ကလပ်အသင်းများ ပါဝင်လာမည်ဖြစ်သည်။ ပထမအဆင့်ကို ၁၂ ရက်၊ ၁၃ ရက်၊ ဒုတိယအဆင့်ကို မေ ၁ ရက်၊ ၈ ရက်၊ ကွာတားဖိုင်နယ် မေ ၁၈ ရက်၊ ၁၉ ရက်၊ ဆီမီးဖိုင်နယ် ပထမအကျော့ကို မေ ၂၅ ရက်၊ ၂၆ ရက်၊ ဒုတိယအကျော့ကို ဇွန် ၁ ရက်၊ ၂ ရက်၊ ဗိုလ်လုပွဲကို စက်တင်ဘာ ၂၁ ရက်တွင် ကျင်းပမည်ဖြစ်သည်။

**ပြောင်းလဲကျင်းပ**

ရှုံးထွက်ပြိုင်ပွဲကို မူလက MFF Cup ပြိုင်ပွဲအမည်ဖြင့် ကျင်းပခဲ့သော်လည်း ၂၀၁၅ ရာသီမှစ၍ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲအမည်ဖြင့် ပြောင်းလဲကျင်းပခဲ့သည်။ ၂၀၁၉ ခုနှစ်တွင် အကြိမ် ၃၀ မြောက် ဆီးဂိမ်းပြိုင်ပွဲ ကျင်းပရန် ရှိသောကြောင့် ရှုံးထွက်ပြိုင်ပွဲကို ယခင်သတ်မှတ်ထားသည့်ရက်ထက်စော၍ ကျင်းပခြင်းဖြစ်သည်။

စာမျက်နှာ ၆ ကော်လံ ၁ သို့ ■

## မြန်မာ့လက်ရွေးစင်အသင်းနည်းပြချုပ်ကို နိုင်ငံခြားသားနည်းပြသာ ခန့်အပ်မည်

**ရန်ကုန် ဒီဇင်ဘာ ၃၁**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် လစ်လပ်လျက်ရှိသည့် မြန်မာ့လက်ရွေးစင်အသင်း နည်းပြချုပ်သစ်ကို နိုင်ငံခြားသားနည်းပြသာ ခန့်အပ်မည်ဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် နည်းပြချုပ်သစ်ကို ဇန်နဝါရီလကုန်တွင် ခန့်အပ်မည်ဖြစ်ပြီး နည်းပြသစ်ခန့်အပ်နိုင်ရန် ကြိုးပမ်းလျက်ရှိသည်။ မြန်မာ့လက်ရွေးစင်အသင်းကို နည်းပြချုပ်အဖြစ် နောက်ဆုံးတာဝန်ယူခဲ့သည့် ဂျာမန်လူမျိုးနည်းပြ အန်တွမ်နီဟေးနှင့် ၂၀၁၈ အာဆီယံဆုဇူကီးဖလားပြိုင်ပွဲအပြီးတွင် လမ်းခွဲခဲ့ပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အနေဖြင့် နည်းပြသစ်တစ်ဦး ရှာဖွေနေခြင်းဖြစ်သည်။

"ကျွန်တော်တို့အနေနဲ့ မြန်မာ့လက်ရွေးစင်အသင်း နည်းပြချုပ်သစ် ခန့်အပ်နိုင်ဖို့ ဆောင်ရွက်နေပါတယ်။ နိုင်ငံခြားသားနည်းပြပဲ ခန့်အပ်ဖို့ စီစဉ်ထားပါတယ်။ ကျွန်တော်တို့ဆီကို လာရောက်လျှောက်ထားတဲ့သူတွေ ရှိသလို နည်းစနစ်ဒါရိုက်တာကတစ်ဆင့် ရှာဖွေနေတဲ့သူတွေလည်းရှိပါတယ်။ ဇန်နဝါရီလကုန်မှာ ခန့်အပ်နိုင်ဖို့ စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻



၂၀၁၈ အာဆီယံဆုဇူကီးဖလားပြိုင်ပွဲ ယှဉ်ပြိုင်ခဲ့သည့် မြန်မာ့လက်ရွေးစင်အသင်း။

ထွန်းရွှေဝါဆေးတိုက် နှစ်သစ်မင်္ဂလာ ဆုတောင်းလွှာ

ထွန်းရွှေဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ထုတ်လုပ်သော မြန်မာ့တိုင်းရင်းဆေးဝါးများအား အဘက်ဘက်မှ ပိုင်းဝန်းပံ့ပိုးကူညီအားပေးခဲ့ကြသော ကျေးဇူးရှင် ဆရာသမားများနှင့် မိတ်ဆွေအပေါင်းအသင်းများ၊ အနယ်နယ်အရပ်ရပ်ရှိ ဆေးရောင်း ကိုယ်စားလှယ်တော်ကြီးများနှင့် သုံးစွဲသူ မိဘ ပြည်သူ များ၊ ခေတ်မီ ဖွံ့ဖြိုးတိုးတက်နေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ ပြည်သူပြည်သားများအားလုံး ခရစ်နှစ် ၂၀၁၉ ခုနှစ် နှစ်သစ်မင်္ဂလာ အခါသမယမှစ၍ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့်အတူ စီးပွားဥစ္စာများ ဒီရေအလား တိုးတက်ပါစေကြောင်း ထွန်းရွှေဝါ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

ထွန်းရွှေဝါ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး